www.burmeseclassic.com

# မင်းတစေခေါ်

# OPPOSITE

လုံးချင်း
ဝတ္ထုသစ်

Strange
Love
Romance
Story

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
ဦးကျော်ဌေးမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့
- ထုတ်ဝေသူ
ဦးအောင်မိုး(၀၄၆၇၆)
အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
- ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၃၉၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
အောင်မိုး
- ကွန်ပျူတာ
ဝေယံထက်
- CTP
ကမ္ဘာဦး
- စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
၂၀၁၅၊ မတ်လ၊
- အုပ်ရေ
၁၀၀၀
- တန်ဖိုး
၁၈၀၀ ကျပ်

၈၉၅.၈၃
မင်းတာခေတ်၊ စာရေးဆရာ
Opposite
မင်းတာခေတ်။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၁၆၀၊ ၁၂.၅ × ၂၀ စင်တီမီတာ
Opposite

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဝန်ခံချက်

ဤစာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်၍
မည်သည့် စုန်းကဝေအတတ်ပညာရှင်များကိုမှ
စော်ကားလို၍ မဟုတ်ပါကြောင်း
တင်ကြိုအသိပေးအပ်ပါသည်။

လေးစားစွာဖြင့်..
မင်းသာခေတ်

P.S

(ဤစာအုပ်သည် ခင်ဗျားတို့အားလုံးကို တမင်လိမ်ညာ၍ ရေးသားတင်ပြထားသော ကျွန်တော့်၏ (၁၄) အုပ်မြောက် လုံးချင်း ဝတ္ထုသစ်တစ်အုပ် ဖြစ်ပါသည်။ ။)

BURMESE CLASSIC


"မရှိုမှိန်း...မလှုပ်ရှားနဲ့ဦး" တဲ့
ဟုတ်ပါ့မလား။
ရှိပြီးရင် ထင်ရှိချင်နေကြတဲ့ လူအချို့
မျက်နှာဖြောင့်တိုင်းကြီး လူသိရှင်ကြား ခိုးနေကြတာတွေ
ရှိနေခဲ့...။
အဲသလိုပါပဲ...
တပ်တပ်သိမ်အောင် လှနေလျက်နဲ့
"စုန်း" ဖြစ်နေကြတဲ့ မိန်းမချောလေးတွေလည်း
သင်တို့ ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာ.....။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ...
သင်တို့ကျွန်ုပ်တို့ နေထိုင်နေကြတဲ့
ယောက်ျားကမ္ဘာလောကကြီးက
ဆန့်ကျင်ဘက်တွေနဲ့ Balance ဖြစ်အောင်
ဖွဲ့စည်းပေးထားတဲ့
သဘာဝအသိတရားကြီးတစ်ခုပဲ မဟုတ်ပါလား ။ ။





(A)

နွေဦးပေါက် နံနက်ခင်းတစ်ခု၏ အခင်းအကျင်းသည် လင်းချင်းစွာ တောက်ပနေ၏။ လေနုအေးများ၏ ပြေးလွှားဆော့ကစားမှုကြောင့် မြေခနေကြသော သစ်ရွက်ခြောက်တချို့ ကွန်ကရစ်လမ်းမထက်မှာ ဝဲယုက်လွင့်ပျံ့သွားကြသည်။

ရန်ကုန်မြို့၏ နံနက်ခင်းတွေကတော့ ထူးမခြားနား။ ကားသံလူသံများဖြင့် ဖုံးအုပ်ထား၏။ ရုံးသွားကြမည့် လူငယ်မောင်မယ်များ ဘတ်စ်ကား မမီမည်စိုးသောကြောင့် သွက်ထက်ငါ ခြေလှမ်းခပ်သွက်သွက်ဖြင့် သွားလာလှုပ်ရှားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို ကြည့်ပြီး သက်ပြင်းခပ်ဖွဖွ ပစ်ချလိုက်သော မိန်းမပျိုလေးတစ်ယောက်သည် The Top company ရှေ့ရှိ စိန်ပန်းပင်ကြီးအောက်တွင် မတ်တတ်ရပ်နေ၏။ မိန်းမပျိုလေးသည် ဘယ်ဘက်လက်တွင် ဝတ်ဆင်ထားသော ရွှေအိုရောင်နာရီခပ်သေးသေးလေးကိုလည်း မကြာခဏဆိုသလို ငုံ့ငုံ့ကြည့်နေသည်ကိုလည်း တွေ့ရသည်။

ပါးစပ်မှလည်း တီးတိုးရွတ်ဆိုလိုက်သေးသည်။

" ဒီနေ့မှ နောက်ကျလိုက်တာ . . . "

မိန်းမပျိုလေးသည် လမ်းမအတိုင်း ငေးမျှော်ကြည့်လိုက်၊ နာရီမကြာခဏကြည့်လိုက် လုပ်နေပုံအရ တစ်စုံတစ်ယောက်အလာကို စောင့်မျှော်နေသည်မှာ သေချာလွန်းလှ၏။

အချိန်ငါးမိနစ်ခန့် ကုန်ဆုံးသွားချိန်မှာတော့ စောင့်မျှော်နေသူ မိန်းမပျိုလေး၏ မျက်နှာသည် အပြုံးရောင်တို့ လွှမ်းခြုံသွားပြီး ဖြစ်သည်။ အကြောင်းမှာမူ သူမ မြင်ကွင်းထဲသို့ ခပ်ဖြောင့်ဖြောင့်လူငယ်တစ်ယောက် စမတ်ကျကျ လျှောက်လှမ်းလာနေသောကြောင့်ပင် ဖြစ်သည်။ လူငယ်လေးက ရုံးဝန်ထမ်းတစ်ယောက် ဖြစ်ဟန်တူပါသည်။ ဘေးလွယ်အိတ်တစ်လုံးကိုလည်း လွယ်ထားတာတွေ့ရသည်။

မိန်းမပျိုလေးကတော့ တက်ကြွရွှင်မြူးသောအမူအယာဖြင့် သူမလက်တစ်ဖက်မှာ ကိုင်ထားသော နှင်းဆီပန်းစည်းလေးကို နှစ်လိုအားရစွာ တစ်ချက်ကြည့်လိုက်ပြီး လူငယ်လေးလာမည့် ပလက်ဖောင်းလေးပေါ်သို့ တက်လိုက်ပြီး ကြိုရပ်စောင့်နေလိုက်သည်။

လူငယ်လေးက လမ်းလျှောက်လာရင်း ရှေ့သို့ မျှော်ကြည့်မိရာ မိန်းမပျိုလေး၏ မျက်ဝန်းတွေနှင့် စက္ကန့်ဝက်မျှ ဆုံမိသွားသည်။



BURMESE CLASSIC

ချက်ချင်းဆိုသလို လူငယ်လေးက အကြည့်တွေကို လွှဲဖယ်ပစ်လိုက်သည်။ လူငယ်လေး၏ မျက်နှာပေါ်မှာလည်း အလိုမကျမှုသံစဉ်တွေ ဖြတ်ပြေးသွား၏။

မလွှဲမရှောင်သာသည့်အဖြစ်မို့ နွေနံနက်ခင်းတစ်ခု၏ ပလက်ဖောင်းထက်ဝယ် ဆန့်ကျင်ဘက်လိင်နှစ်ဦးတို့ မျက်နှာချင်းဆိုင် ဆုံတွေ့သွားကြသည်။

Lady first ဆိုသော အနောက်တိုင်းစကားလုံးသည် ဤနေရာမှာတော့ အတော်မှန်ကန်အရေးပါပုံရသည်။ ပန်းစည်းကိုင်ထားသော မိန်းမပျိုလေးဘက်မှ စကားလုံးအချို့ကို စတင်လာခဲ့၏။

" ကိုထက် . . ဒီနေ့ ရုံးလာတာ နောက်ကျတယ်နော် . . လမ်းမှာ ကားတွေပိတ်နေတာဖြစ်မယ်"

ချိုသာနွဲ့နှောင်းသော မိန်းမပျိုလေး၏ ဆီးကြိုနှုတ်ဆက်မှုအတွက် တစ်ဖက်က လူငယ်လေး၏ Reply ကတော့ သိပ်မလှပ လှချေ။

" ကျွတ် ဒုက္ခပဲ . . ငါ့ဘာသာ ရုံးလာတာ . . . နောက်ကျကျ . . စောစော . . အဲဒါ မင်းကိစ္စ မဟုတ်ဘူးလေ . . "

" ကိုထက်ကလေ . . . လူကိုဆို အရမ်းစိမ်းတာပဲ . ဘယ်တော့မှ စကားအကောင်းလည်း မပြောဘူး"

မိန်းမပျိုလေးက အလိုမကျသလို မူနွဲ့နွဲ့လေးပြောတော့ လူငယ်လေးက "ဟက်"ခနဲ တစ်ချက်ရယ်လိုက်သေးသည်။ ပြီးမှ . .

" ဟုတ်လား . . မင်းလုပ်ပုံကရော စကားကောင်းပြောချင်စရာလား . . မိန်းကလေးတန်မဲ့နဲ့ ကိုယ့်ကို လုံးဝ စိတ်မဝင်

www.burmeseclassic.com



အေးစန္ဒာဟု အမည်ရသော မိန်းမပျိုလေးကတော့ ဝမ်းနည်းရှက်ရွံ့မှုကြောင့် ရစ်ဝိုင်းနေသော မျက်ရည်စတွေ စီးကျလာနေ၏။ လူငယ်လေးကိုလည်း နားလည်ရခက်လှသော မျက်ဝန်းအကြည့်တွေနှင့် ငေးကြည့်နေ၏။

" ကျေးဇူးပြုပြီး ဒီနေရာမှာ မငိုလိုက်ပါနဲ့ အေးစန္ဒာ ... ရုံးကလူတွေမြင်သွားရင် ငါ့ကို တစ်မျိုးထင်ကုန်ကြလိမ့်မယ် .. ငါလည်း ရုံးနောက်ကျနေပြီ .. သွားတော့မယ် .. နောက်ကို ငါ့မျက်စိရှေ့မှာလည်း ထပ်ပေါ်မလာပါနဲ့တော့ အေးစန္ဒာ"

လူငယ်လေးက မိန်းမပျိုလေးကိုရှောင်ပြီး The Top Company ထဲသို့ဝင်ရန် ပြင်စဉ် မိန်းမပျိုလေးက လူငယ်လေးလက်မောင်းကို ဖမ်းဆွဲလိုက်ပြီး ..

" နေ .. နေပါဦး ကိုထက်ရယ် ... နောက်ဆုံးအနေနဲ့ပဲ ဖြစ်ဖြစ် စန္ဒာယူလာတဲ့ ဒီပန်းစည်းလေးကိုတော့ လက်ခံပေးပါ ကိုထက် ..."

ထိုစဉ် လမ်းတစ်ဖက်မှ လျှောက်လာသော ဇော်ဇော်ဆိုသူက အေးစန္ဒာတို့ အဖြစ်အပျက်မြင်ကွင်းကို မြင်သွားပြီး ရှေ့ဆက်မလျှောက်တော့ဘဲ ပြုံးပြီး ငေးကြည့်နေမိ၏။

မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်ကို လက်ဆွဲပြီး ပန်းစည်းပေးနေသော မြင်ကွင်းတစ်ခု။ ခံစားတတ်ရင် ကြည်နူးစရာကောင်းလှသော Love scence တစ်ခု။ ပြီးတော့ နှစ်ယောက်စလုံးက သူနှင့်ကျောင်းနေဖက်သူငယ်ချင်းတွေ ..။ စန္ဒာက ကျောင်းမှာကတည်းက တစ်ဖက်သတ်ချစ်လာခဲ့သူ။ လူငယ်လေး





ဘက်က လုံးဝ စိတ်မဝင်စားတာကိုလည်း သူသိပါတယ်။

သို့သော် သူ့အနေဖြင့် သူငယ်ချင်းနှစ်ယောက်ကို အဆင်ပြေသွားစေချင်တယ်။ ခက်သည်က အိုးက မပူဘဲ စလောင်းက ပူနေသည့် ကိစ္စ။

ထိုစဉ် မထင်မှတ်တဲ့ သူမြင်ကွင်းထဲက Love scence လေးက ချက်ချင်းဆိုသလို Hate scence အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေတော့၏။

လူငယ်လေးက မိန်းမပျိုလေး ကိုင်ထားသော လက်ကို ဖယ်ချပြီး ..

" အေးစန္ဒာ .. ရုပ်ရှင်တွေထဲက ဒိုင်ယာလော့တွေနဲ့ ငါ့ကို Drama လာချိုးပြမနေနဲ့တော့ .. ငါဘာမှ လက်ခံနားလည်ပေးနိုင်စရာအကြောင်းမရှိဘူး .. ဒီပန်းစည်းကြီးကို ငါက ယူပြီး ဘာလုပ်ရမှာလည်း ... သွားစမ်း ကဲကွာ .. ကဲကွာ .. အလကား ... အရေးမပါတာတွေ"

ပြောပြောဆိုဆို နှင်းဆီပန်းစည်းလေးကို ဆွဲခါရိုက်ပုတ်ပစ်လိုက်သည်။ နီရဲစိုထွေးနေသော နှင်းဆီပွင့်ဖတ်လေးတွေ၏ ရနံ့အစုဟာ နေဦးလေပြည်တွေနှင့်အတူ လွင့်ပျံ့ဝဲသွားသည်။ ပလက်ဖောင်းလေးအထက်မှာတော့ ရိုးတံကျဲကျဲ ပန်းစည်းတစ်ခုနှင့် နှင်းဆီပွင့်ဖတ်ကလေးများ ဖွာလန်ကျဲနေလေ၏။

မိန်းမပျိုလေးလည်း ထိုလုပ်ရပ်အတွက် မျက်လုံးအဝိုင်းသားဖြင့် ကြောင်ငေးအံ့သြနေမိ၏။ တစ်နေရာမှရပ်ကြည့်နေသော ဇော်ဇော်နှင့် လူအချို့လည်း အံ့သြငေးမောသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ကိုထက် .. ဒါဘယ်လိုလုပ်လိုက်တာလဲ .."

"မင်းမြင်တဲ့အတိုင်းပဲလေ .. ငါက အာရုံနှောက်မခံနိုင်ဘူး .. ကိုယ့်ဘာသာအေးအေးနေပါရစေ .. အေး ... နောက်ထပ် ငါ့ကို လိုက်နှောက်ယှက်နေဦးမယ်ဆိုရင်တော့ ငါ့အဆိုးမဆိုပါနဲ့တော့ အေးစန္ဒာ"

လူငယ်လေးက ပြောပြီး ရုံးထဲသို့ လှည့်မကြည့်စတမ်း ထွက်သွားလေတော့သည်။ မိန်းမပျိုလေးမှာသာ လူငယ်လေးကျောပြင်ကို စူးစိုက်စွာ ရပ်ငေးကြည့်ရင်း ကျောက်ရုပ်တစ်ရုပ်လို ကျန်ခဲ့လေတော့၏။

ထိုအချိန်တွင် သူငယ်ချင်းဖြစ်သူ ဇော်ဇော် အပြေးရောက်လာပြီး ...

"စန္ဒာ .. သူငယ်ချင်း .. ငါအဖြစ်အပျက်အားလုံးကို မြင်လိုက်ပါတယ်။ ဒီကောင် ဘာပဲဖြစ်ဖြစ် နင့်ကို ဒီလိုတော့ မဆက်ဆံသင့်ပါဘူးဟာ .. ဒီကောင့်ကိုယ်စား ငါကြားထဲက နေပဲ တောင်းပန်းပါတယ် ... အဲဒီ ထက်မြတ်လင်းဝေဆိုတဲ့ ကောင်ဟာလေ .. ဘယ်လိုကောင်စားမှန်းကို မသိဘူး .. ငါတကယ် စိတ်မကောင်းလိုက်တာ စန္ဒာရယ် .."

စကားအဆုံးမှာ အေးစန္ဒာက ဇော်ဇော်ကို မချိသလို အပြုံးလျော့ရဲရဲလေးဖြင့် ပြန်ကြည့်ပြီး စီးကျလာကစ မျက်ရည်စတွေကို သုတ်ဖယ်ပစ်လိုက်၏။ ပြီးမှ ...

" ရပါတယ် ဇော်ဇော်ရယ် ... ငါ့ကံလို့ပဲ သဘောထားပါတယ်ဟာ .. နင်လည်း ကြားထဲကနေ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့တော့ .."

" ဒီလိုလည်း ဘယ်ဟုတ်ပါမလဲဟာ .. ငါတို့က သူငယ်ချင်းတွေပဲ .. ရုံးထဲရောက်ရင်လည်း ဒီကောင့်ကို ငါပြောဦးမယ် .. ငါ နင့်ခံစားချက်ကို နားလည်တယ် စန္ဒာ ... ဒီကောင်လင်းဝေကို ကျောင်းမှာကတည်းက နင်ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာလည်း ငါသိပါတယ် ... ဒါပေမဲ့ စန္ဒာရာ ချင်းစိမ်းနဲ့ မိသလင်ယော့ .. သူကြင်မှ ကိုယ်ကြင်ပေါ့ဟာ .. နင့်ရုပ်နင့်ရည် နင့်အဆင့်အတန်းနဲ့ ဒီကောင့်ထက်သာတဲ့ ကောင်တွေကို ခေါင်းခေါက်တွဲလို့ရပါတယ် ... ဒီကောင့်ကို မေ့ပစ်လိုက်စမ်းပါဟာ ..."

"ငါ .. ကြိုးစားပါ့မယ် သူငယ်ချင်းရယ် ... ငါ့အပေါ် နားလည်မှုစာနာပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဟာ ..."

"မလိုပါဘူးဟာ .. အချင်းချင်းတွေပဲ ... ဘာပဲပြောပြော ဒီတစ်ခါတော့ ဒီကောင်တော်တော်လွန်တာ ငါသိတယ် .."

"ထားလိုက်ပါတော့ သူငယ်ချင်းရယ် .. တစ်နေ့ ငါကြေကွဲခံစားရသလို သူမခံစားရစေပါနဲ့လို့ ငါဆုတောင်းပါတယ်.. ဝဋ်မလည်ပါစေနဲ့လို့ ငါမျှော်လင့်ပါတယ် ... ဒါပေမဲ့ တူညီတဲ့ပေးဆပ်မှုတွေတော့ သူပြန်ပေးဆပ်ရဦးမှာပါ ..





www.burmeseclassic.com

www.burmeseclassic.com



ကဲပါ ဒါတွေထားလိုက်ပါတော့ . . ဇော်ဇော် နင်လည်း ရုံး နောက်ကျနေပြီ . . ဝင်တော့လေ . . . ငါလည်းသွားတော့မယ် သူငယ်ချင်း''

'' ခြော် . . အေးအေး သူငယ်ချင်း ''

အေးစန္ဒာက 'The Top Company' ကို တစ်ချက်ငေးကြည့်ပြီး လှည့်ထွက်သွား၏။ ဇော်ဇော်လည်း သူမကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းတစ်ချက်ကို ဖိချလိုက်လေတော့သည်။

လမ်းမထက်မှာတော့ ကြွေမှုပျက်စီးနေသော ပန်းစည်းလေး တစ်စီး ငြိမ်သက်လဲလျောင်းစွာ သေဆုံးနေလေတော့၏။

■



**(B)**

The Top Company ၏ ရုံးခန်းထဲတွင်ဖြစ်သည်။ ဝန်ထမ်းများ သူ့နေရာနှင့်သူ သက်ဆိုင်ရာအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ထိုအထဲတွင် 'ထက်မြတ်လင်းဝေ' ဟု အမည်ပေါက်သော လူငယ်လေးလည်း အပါအဝင်ပင် ဖြစ်သည်။

လင်းဝေသည် Computer Screen ပေါ်ရှိ စာရင်းဇယားများကို ကြည့်လိုက်၊ အနီရောင် File လေးအတွင်းရှိ စာရွက်စာတန်းတွေထဲမှ ကိန်းဂဏန်းအရှုပ်ရှင်းများကို ကြည့်လိုက်နှင့် အလုပ်ရှုပ်နေလေ၏။

ထိုစဉ် လင်းဝေအနားသို့ သူငယ်ချင်းဖြစ်သူ ဇော်ဇော် ရောက်လာပြီး စကားစရန် သူ့အမည်ကို ခေါ်လိုက်၏။

'' လင်းဝေ''

သူ တစ်ချက်မော့ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ ဇော်ဇော် ဘာလဲကွာ"

"မနက်က ရုံးရှေ့မှာ ဖြစ်ပျက်သွားခဲ့တဲ့ မင်းနဲ့ အေးစန္ဒာရဲ့ ပြဿနာကို ငါ အားလုံးမြင်လိုက်ရတယ် ‥ မင်းကွာ မိန်းကလေးတစ်ယောက်ကို လူတွေရှေ့မှာ အဲလိုကြီးတော့ မဆက်ဆံသင့်ပါဘူးကွာ … သူဘယ်လောက်ရှက်သွားမလဲ"

"ဒီမယ် ဇော်ဇော် ‥ သူရှက်တတ်ရင် ဒီရုံးရှေ့ကို ရောက်လာစရာအကြောင်းကို မရှိဘူး … ငါ့အနားကို ကျောင်းကနေ အခုချိန်အထိ တောက်တဲ့လို တစ်ချိန်လုံးလိုက်ကပ်နေတာ မင်းလည်းအသိပဲ … ကြာတော့ ငါလည်း သည်းမခံနိုင်တော့ဘူး … ဒါကြောင့် ငါ တမင် အဲလိုဆက်ဆံပစ်လိုက်တာ ‥ အဲဒါ အခုဘာဖြစ်လို့လဲ"

ဇော်ဇော်က သူ့အမေးကို သက်ပြင်းတစ်ချက် အရင်ချပြသည်။ ပြီးမှ ဖြေသည်။

"ဟ ‥ ဘာဖြစ်ရမလဲ ‥ သူကြေကွဲသွားရတာပေါ့ ‥ အေးစန္ဒာလေး သနားပါတယ်ကွာ"

"အေး … သနားရင် မင်းသူ့ကို သွားကြိုက်လိုက်ပါလား"

သူတမင်ရွဲ့ပြောမှ သကောင့်သားက အကွက်ဝင်သွားပုံရသည်။ အားရဝမ်းသာကြီးပင် ပြန်ဖြေနေသေး၏။

"ကြိုက်တယ် ပေ့ာကောင်ရေ ‥ သူက မင်းမှမင်း ဖြစ်နေလို့ ‥ အေးစန္ဒာက မင်းကိုတော့ တော်တော်လေးချစ်တာနော် … ချစ်လွန်းလို့လည်း မိန်းကလေးတန်မဲ့ သူ့ဘက်က စတင်နေတာပေါ့ ‥ အေးစန္ဒာက ချောလည်းချောတယ် ‥





ခန္ဓာကိုယ် အချိုးအစားကလည်း သင်ဇာဝင့်ကျော်လား အိချောပိုလားပဲ ‥ မင်း ဘာလို့ ပြန်မကြိုက်တာလဲဆိုတာကို ငါတော့ နားလည်လို့ကို မရဘူး"

ဇော်ဇော့်အပြောကြောင့် သူ မဲ့ခနဲ တစ်ချက်ပြုံးလိုက်မိသည် ထင်သည်။ ပြီးမှ ဇော်ဇော့်မျက်နှာကို သေချာကြည့်ပြီး သူ ခပ်ဖြည်းဖြည်း ဖြေပစ်လိုက်သည်။

"အချစ်ဆိုတာ အဲဒါပဲ သူငယ်ချင်း ‥ ပြီးတော့ အဲလို မိန်းမနောက်ပိုးတွေကိုလည်း ငါလုံးဝအထင်ကြီးလို့ မရဘူး ‥ စိတ်ဝင်စားဖို့ဆိုတာကတော့ ဟိုးအဝေးကြီးမှာ"

"လင်းဝေ ‥ မင်းနဲ့ငါနဲ့ တွဲလာခဲ့တာလည်းကြာပါပြီ ‥ ကျောင်းမှာကတည်းက မင်း မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ ငါမကြားဖူးသေးဘူး ‥ ပြောစမ်းပါဦး ‥ မင်းက ဘယ်လိုကောင်မလေးမျိုးကိုမှ ချစ်ချင်တာလဲ"

"No No ‥ အချစ်အတွက် ငါ့မှာ စံချိန်စံနှုန်းတွေမရှိဘူး ‥ အချစ်ဆိုတာ နှလုံးသားက အလိုလို မွေးဖွားထွက်ကျလာတတ်တာမျိုးပါ … ဘယ်လိုမိန်းကလေးမျိုးကိုမှ ချစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ တကူးတကလိုက်ရှာကောင်းတာမျိုး မဟုတ်ဘူး"

"အဟွန်း ‥ အဲဒါဆိုရင်တော့ မင်းနှလုံးသားက အမြုံကြီးပဲ ဖြစ်မယ် ‥ ဘယ်တော့မှ မွေးဖွားလာမှာကို မဟုတ်တော့ဘူး"

ဇော်ဇော့် ခပ်ထေ့ထေ့အပြောကို သူ သဘောတကျ ရယ်မိလိုက်သည်။ ပြီးမှ ‥



www.burmeseclassic.com

www.burmeseclassic.com



“အချိန်မကျသေးလို့ဖြစ်မှာပါ ‥ ဒီမှာ ဇော်ဇော် တကယ်သူ့အချိန်ကျလာရင် ‥ မိုးပေါ်က သိကြားမင်းကြီး ဆင်းတားရင်တောင် ရမှာမဟုတ်ဘူး ‥ ကဲ ကဲ မင်းလည်း ကိုယ့်အလုပ်ကိုယ် သွားလုပ်တော့ ‥ ငါလည်း MD ဆီကို ဒီစာရင်းလေးလက်စသတ်ပြီး သွားအပ်ရဦးမယ် …”

“အေးပါ အေးပါ … အဲဒီကျရောက်လာမယ့် အချိန်ကို ငါက သေချာကို စောင့်ကြည့်ချင်သေးတာ ‥ မင်းကြိုက်မယ့် ကောင်မလေးမျိုးက ဘယ်လိုပုံစံမျိုးလဲဆိုတာကို အဟွန်း ‥”

ဇော်ဇော်က ပြောပြောဆိုဆိုဖြင့် သူ့နေရာသို့ ထထွက်သွားသည်။ သူကလည်း တမင်ပင် အော်ပြောလိုက်သေးသည်။

“စိတ်ချသူငယ်ချင်း … အဲဒီအချိန်ကျရင် … ငါ့ ကောင်မလေးကို မင်းနဲ့ ပထမဦးဆုံး မိတ်ဆက်ပေးမယ် ဟုတ်ပြီလား ဟားဟား ‥”

လင်းဝေက ပြောပြီး စာရင်းဇယားများကို printer မှ တစ်ဆင့် ထုတ်ယူလိုက်ပြီး MD ကို သွားပေးရန် ပြင်ဆင်လိုက်သည်။ နောက်ဖိုင်ထဲသို့ စာရွက်စာတန်းများ သေချာထည့်ကာ ထထွက်လိုက်၏။

“ ဟင် ‥ ဘာဖြစ်တာလဲ …”

ထအထွက် ‥ သူ့ခေါင်း ရုတ်တရက် မူးမိုက်သွားသည်။ ရုပ်ချည်းဆိုသလို အမြင်အာရုံတွေဝေဝါးကာ ခန္ဓာကိုယ်တစ်ခုလုံး လေးလံသလို ခံစားလိုက်ရပြီး အနားရှိ နံရံကို အားပြု၍ လှမ်းမှီလိုက်၏။

သို့သော် သူ့လက်က နံရံကို မထိခင်အချိန်လေးအတွင်းမှာပင် ‥ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပျက်သလို ဘုန်းခနဲ လဲကျသွားလေ





တော့သည်။

“ဘုန်း ”

“ဟာ”

“ဟင် ‥ ဟိုမှာ ကိုလင်းဝေ ဘာဖြစ်တာလဲမသိဘူး ”

“ သူငယ်ချင်း ‥ လင်းဝေ ”

“ …..”

“ ….”

ခန္ဓာကိုယ်တစ်ခု ကြမ်းပြင်ပေါ်မှာ မလှုပ်မယှက် …

ဇော်ဇော်အပါအဝင် ရုံးတွင်းလူအချို့ကတော့ လုပ်လက်စအလုပ်ကို ပြစ်ချကာ လဲကျသူအနားသို့ သူ့ထက်ငါ အပြေးအလွှား …။

သေချာသည်ကတော့ ယခုအချိန်မှာ ထက်မြက်လင်းဝေတစ်ယောက် လောကကြီးနှင့် အဆက်အသွယ်ပြတ်ကာ တဒင်္ဂ ငြိမ်သက်နေပြီ ဖြစ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com





တစ်ခါတုန်းက

ကြီးမားတဲ့အလှည့်အပြောင်းဆိုတဲ့ အရာတွေက

ဘာမဟုတ်တဲ့ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပဲ

ခမ်းနားအံ့ဩဖွယ်ရာကောင်းလောက်အောင်

ဖြစ်ပျက်ပြောင်းလဲသွားကြတာပဲ

မဟုတ်ပါလား။ ။





(C)

ထက်မြတ်လင်းဝေ . . . ။

သူ့မျက်ဝန်းတွေကို ပထမဆုံး ပိုးတဝါးတိုးဝင်လာတဲ့ မြင်ကွင်းက သူ့အခန်းက ဝါကြန့်ကြန့် မျက်နှာကျက်။ နောက် . . စိုးရိမ်တကြီး စိုက်ကြည့်နေသည့် သူငယ်ချင်းဖြစ်သူ ဇော်ဇော့်မျက်နှာ။

" သူငယ်ချင်း လင်းဝေ . . သတိရလာပြီလား"

"ဇော်ဇော် . . . ငါဖြစ်သွားတာလဲ . . ဘယ်လိုဖြစ်လို့ မင်းနဲ့ ငါ ငါ့အခန်းထဲကို ရောက်နေကြတာလဲ . . "။

သူက အခန်းတွင်း ဝေ့ဝဲကြည့်ရင်း ပြောလိုက်သည်။

သို့မှ ဇော်ဇော်က အကြောင်းစုံကို ရှင်းလင်းပြ၏။

www.burmeseclassic.com



" ဘယ်လိုရောက်လာရမှာလဲ မင်း ရုံးမှာ ရုတ်တရက်ကြီး မေ့လဲသွားတယ်လေကွာ တစ်ရုံးလုံးကို ပြာသွားတာပဲ ‥ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိဘူး ‥ ဩော် … ငါ မှတ်မိပြီ … MD ဆီကို လချုပ်စာရင်းတင်ဖို့ အထမှာ ‥ ငါ ခေါင်းမူးပြီး လဲကျသွားတာ ‥ အဲဒီနောက်တော့ ငါ ဘာမှ မမှတ်မိတော့ဘူး"

"တော်သေးတာပေါ့ကွာ ‥ ကိုရီယားကားတွေထဲကလို အတိတ်တွေဘာတွေ မေ့မသွားသေးလို့ … ရုံးကစာရေး ကိုလှမောင်နဲ့ငါ မင်းကို ဆေးခန်းပြေးပြရတာပေါ့။ ဆရာဝန် က စိုးရိမ်စရာ မရှိဘူး၊ လျှော့ဖြစ်သွားတာတဲ့ ဆေးတစ်လုံး ထိုးပေးလိုက်တယ်။ ဒီမှာ သောက်ဆေးတွေ … ကိုလှမောင် ကတော့ ရုံးကိုပြန်သွားပြီ ငါကတော့ မင်းသတိမရသေးလို့ ထိုင်စောင့်ပေးနေတာ"

ဇော်ဇော်က ဆေးကတ်အချို့ကို စားပွဲပေါ်တင်ရင်း ပြောပြနေ၏။ လင်းဝေကတော့ ငြိမ်သက်စွာနားထောင်နေ၏။

"ဆရာဝန်က မှာလိုက်သေးတယ် … အိပ်ရေးအပျက်မခံ နဲ့တဲ့ ‥ သွေးတက်စေမယ့် အစားအသောက်တွေကို ရှောင်ပြီး ဒီရက်ပိုင်းမှာ ကောင်းကောင်းအနားယူပါတဲ့ ‥ ကြားလား …"

"ဩော် ‥ အေး ကြားပါတယ် … ငါတစ်ခုစဉ်းစားနေတာ ကွ ‥ ငါတစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး ဘယ်လိုကြောင့် ဒီလိုဖြစ် တယ်ဆိုတာကို လုံးဝ စဉ်းစားလို့မရဘူးကွာ"





"စဉ်းစားမရရင် စဉ်းစားမနေနဲ့ ခေါင်းရှုပ်တယ် ‥ အကောင်း ဆုံးကတော့ ဒီရက်ပိုင်းမှာ မင်းကောင်းကောင်းအနားယူလိုက် … ရုံးစာရေး ကိုလှမောင်ကိုလည်း မင်းအတွက် ခွင့်တစ်ပတ် ယူဖို့ ငါပြောထားပြီးပြီ။ ဒါနဲ့ အခု မင်းဘယ်လိုနေသေးလဲ ‥ သက်သာရဲ့လား "

ဟုတ်ပါရဲ့ …။ ဇော်ဇော်မေးမှ သူလည်း ကိုယ့်ကိုကိုယ် သတိထားမိသွားသည်။ မသိရင် အစောက သူ ဘာမှမဖြစ်ခဲ့သည့် အတိုင်း။

" အေး … ထူးဆန်းတယ်ကွ ‥ အခု ငါ ဘာမှမခံစားရ သလို ဘယ်လိုမှလည်းမနေဘူး မေ့လဲခဲ့တယ်ဆိုတာတောင် မယုံချင်စရာကြီး ‥"

"ဒီလိုပဲ ဖြစ်တတ်ပါတယ်ကွာ ‥ ငါတို့သုံးနေတဲ့ Handset တွေလိုပဲပေါ့ကွာ … အလုပ်လုပ်တာများလွန်းသွားရင် Hand သွားတတ်တဲ့ … သဘောမျိုးပေါ့ Restart ပြန်လုပ်လိုက် တော့လည်း အားလုံး ပုံမှန်ပြန်ဖြစ်သွားတယ်လေ … ကဲ သူငယ်ချင်း အခုမင်းလည်း အေးဆေးပြန်ဖြစ်သွားပြီဆိုတော့ ငါရုံးကို လစ်တော့မယ်"

"အေးအေး သူငယ်ချင်း လစ်လစ် … ငါ့ကို စိတ်ချ အားလုံး OK ပဲ … ကျေးဇူးတင်တယ်နော် ‥ ဒီနေ့အတွက်"

"မလိုပါဘူးကွာ ‥ အချင်းချင်းတွေပဲ ‥ ကဲ စိတ်ချရအောင် တစ်ရေးလောက် ပြန်မှေးနေလိုက်ဦး ငါသွားပြီ ‥"



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းညိတ်ပြတော့ ဇော်ဇော်ပြုံးပြီး လှည့်ထွက်သွားသည်။ အိပ်ရာထက်မှ ဇော်ဇော့်ကျောပြင်ကို ငေးကြည့်ရင် ကျန်ရစ်နေခဲ့၏။

အထွေးထဲကိုတော့ မသိမသိုင်၊ မတော်မတည့် ဆိုသလို အေးစက်နွာပုံရိပ်တွေက ရုပ်ရှင်အနေးပြကွက်တွေလို ပြေးထင်လာ၏။

သူအာရုံကို လွှဲကာ ခေါင်းကို ခါရမ်းပြီး မျက်လုံးအစုံကို မှိတ်ပစ်လိုက်သည်။ မကြာလှသောအချိန်မှာ သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကောင်း ပျော်သွားပါလိမ့်မည်။ အိပ်မက်ထဲမှာ မည်သည့်အကြောင်းအရာတွေ ထင်ပေါ်လာမည်ဆိုသည်ကိုတော့ မည်သူမျှ သိနိုင်တော့မည် မဟုတ်ချေ။ ။

■










www.burmeseclassic.com

www.burmeseclassic.com



(D)

လူ ... ကားများ မရှုပ်မရှင်း အနေအထားတစ်ခုဖြင့် ရပ်တည်နေသော လမ်းမတစ်ခုထက်တွင် ဖြစ်သည်။

အနက်ရောင် ပရာဒိုကားတစ်စီးသည် လမ်းဘေးတစ်နေရာသို့ ထိုးရပ်သွား၏။ ကားပေါ်မှ မိန်းမချောလေးတစ်ယောက် ဆင်းလာပြီး ကားရှေ့ဖုံးကို ဆွဲဖွင့်ကြည့်လိုက်သည်။ တစ်မိနစ်ခန့်ကြာတော့ သူမ ကားရှေ့ဖုံးကို ပြန်ပိတ်လိုက်၏။

ပုံစံက ကားပျက်၍ လမ်းဘေးသို့ ထိုးရပ်လိုက်သည်။ နောက် စပ်စပ်စုစုစိတ်ဖြင့် ကားရှေ့ဖုံးကို ဖွင့်ကြည့်မည်။ နောက် ကားမောင်းတတ်ရုံကလွဲပြီး ဘာမှမသိသဖြင့် ပြန်ပိတ်လိုက်မည်။





ထိုအတွေး မှန်ကန်ပါသည်။ သူမကားထဲမှ ပိုက်ဆံအိတ်ကိုယူ ကားကို လော့ချကာ ထားခဲ့တော့မည်။ phone ကို ထုတ်ပြီး contact list ကို ကြည့်နေ၏။ သေချာသည်က သူမ ဝပ်ရှော့တစ်ခုခုကို ဖုန်းဆက်တော့မည်။

သူမ phone ပြောနေစဉ်တွင် လမ်းတစ်ဖက်မှ လင်းဝေလည်း လမ်းလျှောက်ထွက်လာနေ၏။ ရုပ်ရှင်တွေထဲကလို ကားပျက်နေသော မင်းသမီးကို ကူညီရန်သက်သက်ရောက်လာခဲ့ခြင်းတော့ မဟုတ်ပါ။ သူ့ကိစ္စနှင့်သူ Taxi ငှားရန် ရောက်လာခြင်းမျိုးသာ ဖြစ်သည်။

တစ်ကယ်တော့ သူမကလည်း သူ့အာရုံနှင့်သူဖြစ်၍ သူ့ကိုလည်း မမြင်ပါ။ လင်းဝေလည်း ထို့အတူပင်ဖြစ်၏။

သူမလည်း အရေးတကြီးသွားစရာကိစ္စတစ်ခုရှိနေ၍ Taxi တားရန် ဆုံးဖြတ်လိုက်ပြီး Taxi တစ်စီးကို လှမ်းတားလိုက်၏။ ကားတစ်စီးထိုးရပ်လာ၏။ Location တိတိကျကျ ရွေးရသော် Taxi က လင်းဝေနှင့် သူမတို့နှစ်ယောက်၏ ကြားကျကျနေရာတွင် ရပ်လိုက်ခြင်း ဖြစ်သည်။

လင်းဝေနှင့် သူမ တစ်ယောက်ကိုတစ်ယောက် သတိမထားမိဘဲ မိမိတားသည်ကို ရပ်သည့်အထင်ဖြင့် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ရင်း ပြိုင်တူဆိုသလို ပြောမိသွားသည်။ လက်ချင်းလည်း ကိုင်မိလျက်သား ဖြစ်ကုန်ကြသည်။

"ရန်ကင်းစင်တာ (၂)"

ဟုတ်ကဲ့ ...။

ထူးဆန်းသော တိုက်ဆိုင်မှုဟုသာ ဆိုကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



သို့မှ တစ်ယောက်နှင့်တစ်ယောက် သတိထားမိပြီး တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်မိသွားတော့သည်။

'အချစ်က မျက်စိကပဲ စတင်လေသလား' မပြောတတ်ပါ။ သူမကိုတွေ့ပြီး သူ့ရင်ခုန်သံတွေ ဆူညံသွား၏။ စိတ်ထဲမှာလည်း ''အရမ်းချော အရမ်းလှတဲ့ကောင်မလေးပဲ'' ဟုပင် ရေရွတ်နေမိ၏။

သူမလည်း လင်းဝေကို ကြည့်ပြီး အံ့ဩသွားပုံရသည်။ အံ့ဩမည်ဆိုလျှင်လည်း အံ့ဩလောက်စရာကောင်းပါသည်။ ကားတံခါးကို ပြိုင်တူဖွင့်မိရာမှမက အသံပြိုင်ပါ ပြောမိလိုက်သေးသည်။ ထို့အပြင် နှစ်ယောက်စလုံးသွားမည့်နေရာပင် ထူးဆန်းစွာ တိုက်ဆိုင်နေပါသေး၏။

Taxi သမားလည်း သူတို့နှစ်ယောက်ကို ကြောင်ငေးကြည့်နေမိသည်။ ပထမဆုံး အသိဝင်သူ သူမက ..

'' အစ်ကို တက်လိုက်ပါ ... ကျွန်မ တခြားကားကိုပဲ ငှားလိုက်ပါ့မယ်ရှင်''

သို့မှ သူလည်း သတိဝင်သွားပြီး ...

'' ဩော် .. အင်း .. မဟုတ်တာ ... ဒီက ညီမပဲ တက်လိုက် ... အစ်ကို နောက်တစ်စီး တားလိုက်ပါ့မယ်''

'' ဟင် .. ခင်ဗျားတို့က ရန်ကင်းစင်တာ သွားကြမယ်ဆို .. နှစ်ယောက်က အတူတူမဟုတ်ဘူးလားဗျာ''

သူရော သူမပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကားဆရာကို ခေါင်းရမ်းပြမိကြသည်။ ကားဆရာက ..

'' ကောင်းရောကွာ .. ကျွန်တော်က အတူတူမှတ်နေတာ





ပြိုင်တူငှားပြီး သွားမယ့်နေရာချင်းလည်း အတူတူပဲဆိုတော့ ခင်ဗျားတို့ နှစ်ယောက် အတူတူပဲ share လုပ်ပြီး ငှားလိုက်ကြပါလား .. ဒါ ရေစက်ပါလို့ဗျ''

ကားဆရာကလည်း တော်ကီအတော်ညက်ပုံရသည်။ သရုပ်ဆောင်သာလုပ်လျှင် သိင်္ဂီထွန်းလို ပေါက်ကွဲစရာ မလိုဘဲ ဇာတ်ပို့အကယ်ဒမီဆုကို ထူးချွန်စွာ ပြိုင်ဘက်ကင်း ရသွားနိုင်လောက်သည်။

ဘာပဲဖြစ်ဖြစ် လင်းဝေကတော့ ပျော်သွားသည်။ နတ်သမီးတမျှ ချောမောလှတဲ့ ကောင်မလေးနှင့်အတူ သွားခွင့်ရမည် မဟုတ်ပါလား။

''အကို အတူသွားလို့ အဆင်ပြေတယ်မို့လား''

'' ဟာ .. ဘာမပြေစရာရှိလို့လဲ .. ပြေပါတယ်။ တက်ပါ ညီမ အရင်တက်ပါ''

''ဟုတ်''

သူမ ကားပေါ်တက်ပြီးမှ ခပ်တည်တည်ဖြင့် နောက်မှာ အသာဝင်တက်ထိုင်လိုက်သည်။ လင်းဝေတစ်ယောက် ကားရှေ့ခေါင်းခန်းထဲဝင် မထိုင်ဘဲ တမင် မသိကျေးကျွံပြုကာ နောက်မှာ ကောင်မလေးနှင့်အတူ ဝင်လိုက်ထိုင်သည်ကတော့ ယောက်ျားပျိုတစ်ယောက်၏ သမားရိုးကျ အတွေ့ဟုပင် ထင်ပါသည်။

ကားဆရာကြီးကတော့ ဘာတွေသဘောကျတယ်မသိ။ တပြုံးပြုံးဖြင့် နောက်ကိုတစ်ချက် လှည့်ကြည့်ကာ ကားကို စတင်ထွက်ခွာမောင်းနှင်လိုက်၏။

ကားနောက်ခန်းထဲမှာတော့ ဆန့်ကျင်ဘက် လိင်နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် မသိမသာ ညင်ညင်သာသာနိုးကြည့်ကာ လိုက်ပါလာခဲ့ကြသည်။

နှစ်ယောက်သား ဒိုင်းခနဲ့ အကြည့်ချင်းဆုံမိတော့ သူနိုး လူမိသွားသလို ကိုယ်စီခံစားချက်ဖြင့် တစ်ယောက်ကိုတစ်ယောက် အီလည်လည်လေး ပြုံးပြီး တစ်ဖက်ကို မျက်နှာပြန်လွှဲသွားကြသည်။

လင်းဝေအတွေးထဲမှာတော့ "အိုး ‥ ငါ့ရင်တွေ ခုန်နေပါ့လား ‥ ဒါဟာ သမားရိုးကျ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး ‥ ကားဆရာ ပြောသလို ရေစက်ပါလို့ပဲ ဖြစ်ရမယ် ‥ ဟုတ်တယ် ‥ ဒီကောင်မလေးဟာ ငါ့အတွက် ဘုရားသခင်က သီးသန့်လက်ဆောင်ပို့ပေးလိုက်တဲ့ နတ်သမီးလေးတစ်ပါးပဲ ဖြစ်ရမယ် ‥ လှလိုက်တာ ကောင်မလေးရယ်" ဟု တွေးကောင်း တွေးနေနိုင်သလို သူမ စိတ်ထဲမှာလည်း လင်းဝေကို နိုးကြည့်ပြီး "ကောင်လေးက ယောကျ်ားပီသပြီး ချောလိုက်တာ ‥ အဲ ‥ သူ ငါ့ကို ခိုးခိုးကြည့်နေပါ့လား ‥ ရင်ထဲမှာ တစ်မျိုးကြီးပဲ ‥ ဒါ ဘယ်လိုဖြစ်တာပါလိမ့်နော် ‥ အိုး ‥ စိတ်ကူးတွေ ယဉ်နေလို့ မဖြစ်သေးပါဘူး ‥ သူက ငါ့လိုကောင်မလေးမျိုးကို စိတ်ရောဝင်စားပါ့မလား"ဟု လည်း တွေးကောင်းတွေးနေနိုင်ကြပါသည်။

"ဟို ‥ ဒီ ‥ ဒီကညီမက ရန်ကင်းစင်တာကို ဘာသွားလုပ်မလို့လဲဟင် ‥ ဟို ‥ အစ်ကိုမေးလို့ တစ်မျိုးမထင်နဲ့နော် ‥ နှစ်ယောက်စလုံး တိုက်တိုက်ဆိုင်ဆိုင်လာဆုံလို့ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ စပ်စုကြည့်တာပါ ‥ ဟို ‥ အစ်ကို့နာမည်က လင်းဝေပါ ‥ နာမည်အပြည့်အစုံကတော့ ထက်မြက်လင်းဝေ ပါ"





လင်းဝေဘက်က စကားစတော့ သူမရင်ထဲ ဖျတ်ခနဲ ပျော်သွားမိသည်။ သို့သော် မိန်းမတို့သိက္ခာကို ငုံ့ကွက်ကာ ဟန်မပျက်ကလေး ထိန်းထိန်းသိမ်းသိမ်းလေးပင် သူမ ပြန်ဖြေပေးလိုက်၏။

"ဟုတ် ‥ ရပါတယ်ရှင့် ‥ ကျွန်မနာမည်က မြသဇ္ဈာပါ ‥ သူငယ်ချင်းတစ်ယောက်မွေးနေ့ပွဲသွားရမှာ အဲဒါ လက်ဆောင်ပစ္စည်းသွားဝယ်မလို့ ‥ လမ်းမှာ ကားပျက်သွားတာနဲ့ Taxi ငှားတာ ‥ အဲဒီမှာ ဒီက ကိုထက်မြက်လင်းဝေနဲ့ ဆုံမိတာ ‥"

"ဟာ ‥ ထပ်တိုက်ဆိုင်ပြန်ပြီဗျာ ‥ အစ်ကိုကလည်း သူငယ်ချင်းတစ်ယောက်ကို မွေးနေ့လက်ဆောင်ပေးဖို့အတွက် ရန်ကင်းစင်တာကို Birthday present သွားဝယ်ရမှာလေ"

ဟုတ်မဟုတ်တော့ မသိ။ မောင်ထက်မြက်လင်းဝေတို့ကတော့ ခပ်တည်တည်ကြီး ရောချပစ်လိုက်၏။

"ဟုတ်တယ် ‥ တော်တော်တိုက်ဆိုင်တာပဲနော် ‥ ကိုထက်မြက်လင်းဝေနဲ့"

"ဟိုလေ ‥ မမြသဇ္ဈာ နာမည်ခေါ်ရတာ ရှည်နေရင်လေ ‥ သူငယ်ချင်းတွေ ခေါ်သလို ကိုလင်းဝေလို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါလား ‥ အစ်ကိုလည်း မြသဇ္ဈာကို သဇ္ဈာလို့ပဲ ရင်းရင်းနှီးနှီးခေါ်မယ်နော် ‥ ရတယ်မို့လားဟင်"

"ဟုတ် ‥ ရပါတယ် ‥ ကိုလင်းဝေ"

သူမက လင်းဝေကို မရဲတရဲလေးကြည့်ပြီး ဖြေလိုက်တော့ လင်းဝေရင်ထဲ အတော်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးတော့ ထူးဆန်းလွန်းပါသည်။ မိန်းကလေးတွေနဲ့ ပတ်သက်မှုနည်းပြီး စကားပင် လေးလုံးကွဲအောင် ပြောတတ်သူ မဟုတ်သည့် လူစားက သဇ္ဈာနှင့်တွေ့မှ နှုတ်သွက်လျှာသွက်နှင့် အတော်ခရီးရောက်နေခဲ့၏။

"ဒါနဲ့လေ ‥ သဇ္ဈာ ဖုန်းနံပါတ်က ဘယ်လောက်လဲဟင် ‥"

ဆိုင်းမဆင့် ဘုံမဆင့် လင်းဝေစကားကြောင့် မြသဇ္ဈာတစ်ယောက် မျက်လုံးအပြူးသားနှင့် 'ရှင်' ဟုပင် တုံ့ပြန်နိုင်၏။

"ရှင် ‥"

"သြော် ‥ ဒီလိုပါ ‥ အခု ကိုယ်နဲ့ သဇ္ဈာနဲ့က ထူးထူးခြားခြား ဆုံတွေ့ပြီး မိတ်ဆွေတွေ ဖြစ်သွားကြပြီဆိုတော့လေ ‥ အဲဒါ တစ်ယောက်နဲ့တစ်ယောက် ပိုမိုရင်းနှီးသွားအောင် ‥ ပြီးတော့ သတိတွေဘာတွေ ရခဲ့ရင် ဖုန်းလေးဘာလေး ဆက်လို့ ရအောင်လို့ပါ"

သဇ္ဈာတစ်ယောက် မျက်နှာပေါ်မှာ အံ့သြသယောင် ဟန်ဆောင်ထားပေမဲ့ ရင်ထဲမှာတော့ မဆွတ်ခင်က ညွတ်ချင်နေသည့် အပြုံးပန်းတို့ ကွင်းလုံးပြည့် ဝေဆာနေ၏။

'အို ‥ သူ ငါ့ဆီက ဖုန်းနံပါတ်တွေ တောင်းနေတယ် ‥ သတိရရင် ဖုန်းဆက်မယ်တဲ့ ‥ ဒါဆို သူငါ့ကို စိတ်ဝင်စားလို့ပေါ့နော် ‥ ဒါ အိပ်မက် မဟုတ်ဘူး ‥ သူ တကယ်တောင်းနေတာပဲ ‥ အမလေး ပျော်လိုက်တာနော်"

သူမ အတွေးလွန်နေချိန်မှာ လင်းဝေက ‥





"ဟို ‥ အကို့ကို သဇ္ဈာဖုန်းနံပါတ် မပေးချင်လို့လားဟင် ‥ ရပါတယ် သဇ္ဈာ ဆန္ဒမရှိရင် မပေးပါနဲ့ ‥ ဒါပေါ့ ‥ မိန်းကလေးတစ်ယောက်အနေနဲ့ ခုမှစတွေ့တဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်လိုလုပ် ယုံယုံကြည်ကြည်နဲ့ ဖုန်းနံပါတ် ပေးနိုင်မှာလဲ ‥ Sorry နော် ကိုယ်မှားသွားတယ်"

သို့မှ သဇ္ဈာက ပျာပျာသလဲပုံစံဖြင့် အလောတကော ဝင်ပြော၏

"ဟာ ‥ အဲလိုသဘောနဲ့ မပေးချင်လို့ မဟုတ်ပါဘူး ကိုလင်းဝေရယ် ‥ ရုတ်တရက်ကြီးဆိုတော့လေ သဇ္ဈာ ကြောင်သွားမိလို့ပါ ‥ ရပါတယ် သဇ္ဈာ့ဆီကို ဆက်ပါ ‥ သဇ္ဈာ့ ဖုန်းနံပါတ်က 0951x x x ‥"

"ဟုတ်ကဲ့ ‥ ကျေးဇူးပါ ‥ ကိုယ်အခု miss call ပေးလိုက်မယ် ‥ သဇ္ဈာလည်း ကိုယ့်ဖုန်းနံပါတ်ကို မှတ်ထားလေ"

"ဟုတ် ‥"

Phone ringtone သံလေးတစ်ခုကတော့ အဖြူရောင် Taxi ကားလေးအတွင်းမှာ သာယာငြိမ့်ညောင်းစွာ လူးလွန့်ပြေးလွှားနေ၏

Taxi ကားသမားကြီးကတော့ ကားနောက်ခန်းထဲက နှစ်ယောက်ပြောစကားသံတွေကို နားထောင်လိုက်၊ နောက်ကြည့်မှန်မှ တစ်ဆင့် ကားမောင်းရင်း ခိုးကြည့်လိုက် လုပ်နေ၏။

နောက် လင်းဝေနှင့် သဇ္ဈာတို့နှစ်ယောက်ကို ဘာတွေ သဘောကျနေသည် မသိ။ မကြာခဏကြည့်ပြီး ကားသမားကြီးက ပြုံးနေ၏



www.burmeseclassic.com

www.burmeseclassic.com



ကားသမားကြီးက ဘာအတွက် ဘာကြောင့် ပြုံးပြုံးကြည့်နေသည်မသိ။ နောက် သူ့အပြုံးကလည်း အနည်းငယ် နားလည်ရခက်လှ၏။

သေချာသည်ကတော့ ကားသမားကြီး၏ အပြုံးတစ်စ နောက်ကွယ်မှာ တစ်စုံတစ်ရာအကြောင်းအရာတို့ ရောယှက်ပါဝင်နေသည် ဆိုတာပါပဲ။

■





(E)

ည . . . ။

ညတစ်ည။ နွေရာသီရဲ့ ညတစ်ညက ပူစပ်အိုက်လှောင်နေ၏။ သို့သော် ရင်ထဲမှာတော့ အေးမြလင်းစက်နေခဲ့၏။

အိပ်ရာထက်မှာ တစ်ယောက်တည်း ပြုံးနေသူက လင်းဝေ။ နေ့ခင်းက အမှတ်မထင်ဆုံဆည်းခဲ့ရသည့် သဏ္ဍာအမည်ပေါက် နတ်သမီးလေးအကြောင်းကို တွေးကာ ရင်ခုန်ကြည်နူးနေမိ၏။

သူမ . . . ။

သူမဆိုသည့် မြသဏ္ဍာသည်လည်း လင်းဝေကဲ့သို့ တွေးကောင်းတွေးနေနိုင်ပါသေးသည်။ လင်းဝေကတော့ တစိမ့်စိမ့်တွေးရင်း တသိမ့်သိမ့် လှိုက်မောတမ်းတနေမိ၏။ လက်ထဲမှာကိုင်ထားသည့် Samsung



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တံဆိပ် ဖုန်းလေးကို ဟိုပွတ်ဒီပွတ်လုပ်ရင်း သူမဆီကို ဖုန်းခေါ် သင့်မခေါ်သင့်ကိုလည်း တွေးဆနေမိသည်။

အချိန်ကိုကြည့်မိတော့ ည ၁၁ နာရီ ထိုးလုပြီ။ ဒီအချိန်ဆို သူမ အိပ်ပျော်နေပြီလား။ သူ ဖုန်းဆက်ရင် ကိုင်မှ ကိုင်ပါ့မလား။ သူ့အတွက်များ အနှောက်အယှက်ဖြစ်နေမလား။ စသည့် စသည့် အတွေးတွေက သူ့ခေါင်းထဲမှာ ..။ သို့ပေမဲ့ အဆုံးမှာတော့ သူ့လက်ချောင်းကလေးတွေ အကူအညီနှင့် မြသဥ္စာဖုန်းကို ခေါ်မိလျက်သား ဖြစ်သွားခဲ့ပြီဖြစ်သည်။

...တူ ...တူ ...

လိုင်းဝင်သံ သုံးလေးချက်မြည်သည့်တိုင်အောင် တစ်ဖက်မှ ဖုန်းမကိုင်သေးပေ။ အမှန်မှာမူ တစ်ဖက်ကလည်း ဖုန်းဆက်လာလေမလားဟူသည့် အတွေးဖြင့် မျှော်လင့်စောင့်စားနေချိန်မှာ ရုတ်တရက်ကြီး ဖုန်းမြည်လာသဖြင့် အပျော်လွန်ကာ ဘာလုပ်လို့ ဘာကိုင်ရမည် မသိ ဖြစ်ကာနေခြင်း ဖြစ်သည်။

အဆုံးမှာတော့ မြသဥ္စာ ဖုန်းကိုကိုင်လိုက်ပြီး တယောသံဘက် နွယ်သည့် အသံဖြင့် ထူးလိုက်၏။

"Hello.."

"Hello သဥ္စာလား .. ကိုယ် လင်းဝေပါ .."

"ဪ .. ဟုတ် .. ဟုတ်ကဲ့"

သူ အပျော်စိတ်ကို မနည်းထိန်းသိမ်းပြီး ပြောနေရသည်။ (ခင်ဗျားတို့လည်း ညသန်းခေါင်ယံအချိန်မှာ ချစ်ရသူတစ်ယောက်ကို ပထမဆုံး ဖုန်းခေါ်ဆို စကားပြောမိပါက ထိုကဲ့သို့ ခံစားချက်ကို ကိုယ်





ချင်းစာနားလည်ပေးနိုင်လိမ့်မည် ထင်ပါသည်။)

"သဥ္စာ မအိပ်သေးဘူးလားဟင် .. အခုချိန်ထိ"

"ဟုတ် .. ခဏနေရင် အိပ်တော့မှာပါ .. ဒါနဲ့ ကိုလင်းဝေရော .. ဒီအချိန်ထိ မအိပ်သေးဘဲ ဘာလုပ်နေတာလဲ ဟင်"

"ကိုယ်လား .. အင်း အမှန်အတိုင်းပြောရရင် .. နေ့ခင်းက သဥ္စာနဲ့ ဆုံတွေ့ခဲ့တာတွေကို ပြန်တွေးပြီး အိပ်မပျော်ဖြစ်နေတာ .. အဲဒါ အခု ဘာရယ်မဟုတ် သဥ္စာ့ကို သတိရတာနဲ့ ဖုန်းခေါ်လိုက်တာ"

ဒီစကားအတွက် သူမ အတော်ပျော်သွားမိသည်။ တကယ်ဆို သူမလည်း သူ့ကို သတိရနေမိသည်။ မဟုတ်ပါလား။

"ဒါနဲ့ သဥ္စာ ကိုယ်နဲ့ စကားပြောလို့ရော အဆင်ပြေရဲ့လား။ သဥ္စာကို အနှောက်အယှက် ပေးမိသလိုများ ဖြစ်နေပြီလား"

"အာ .. မဟုတ်တာ .. ရပါတယ် ပြောပါ .. သဥ္စာလည်း တစ်ယောက်တည်း ပျင်းနေတာဆိုတော့ စကားပြောဖော် တောင် ရပါသေးတယ် ကိုလင်းဝေရဲ့"

ဒီစကားကိုတော့ တစ်ဖက်လူ စကားသိပ်ပြောချင်နေမှန်း မရိပ်မိအောင် သူမ မနည်းထိန်းပြောလိုက်ခြင်း ဖြစ်သည်။

"တော်သေးတာပေါ့ သဥ္စာရယ် .. ကိုယ်လေ ဘာကြောင့်မှန်း မသိဘူး သိလား .. သဥ္စာ့ကို အရမ်းသတိရနေတာ .. ဒါနဲ့လေ .. သဥ္စာရော ကိုယ့်ကို သတိရမိသေးလားဟင်"

"ရှင် .."

"ဟာ .. Sorry.. ကိုယ် အလိုက်မသိသလို မေးမိပြန်ပြီ ..



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ ‥ သဥ္ဇာက ကိုယ်နဲ့ ဘာဆိုင်လို့ ကိုယ့်ကို သတိရမိမှာလဲနော် ‥ အခုတောင် ကိုယ့်ဖုန်းကို အားနာပါးနာနဲ့ လက်ခံစကားပြောပေးနေတာ မဟုတ်လား''

''အို ‥ အဲလိုလည်း မဟုတ်ပါဘူး ကိုလင်းဝေရယ် ‥ တကယ်ဆို သဥ္ဇာလည်း တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ခဲ့ရတဲ့ နေ့ခင်းက အဖြစ်အပျက်ကို သတိရနေပါတယ်''

''ဟုတ်လို့လား ‥ သဥ္ဇာရယ် ‥''

''ဟုတ်တယ် ‥ သဥ္ဇာ တကယ် သတိရမိနေတာပါ''

''ဟာ ‥''

''ဟင် ‥ ကိုလင်းဝေ ဘာဖြစ်တာလဲ ဟင်''

ရုတ်တရက်ကြီး ထအော်လိုက်လို့ သူ့အသံကြောင့် သူမက နားမလည်သလို ပြန်မေးတော့ သူက ‥

''ဘာမှမဖြစ်ပါဘူး သဥ္ဇာရယ် ‥ ကိုယ့်ကို သတိရတယ်ဆိုလို့ အပျော်လွန်သွားတာ ‥ အာ ‥ ဒီစကားသံလေးနဲ့တင် ကိုယ် တကယ်သေလို့ရပြီကွာ''

''ကိုလင်းဝေကတော့လေ ‥ အရမ်းစကားတတ်တာပဲ ‥ သဥ္ဇာ့မှာတော့ ရုတ်တရက်ကြီး ထအော်လိုက်တော့ ဘာများဖြစ်တာလဲဆိုပြီး လန့်သွားတာပဲ ‥''

''ကိုယ် စကားသိပ်မပြောတတ်ပါဘူး သဥ္ဇာရယ် ‥ ရင်ထဲ ရှိတဲ့အတိုင်းပဲ ပြောတာပါ ‥ ဒါနဲ့လေ ‥ သဥ္ဇာ မနက်ဖြန် အရေးတကြီး ဘာတွေ လုပ်စရာရှိလဲဟင် ‥''

''ဘာဖြစ်လို့လဲ ကိုလင်းဝေရဲ့ ‥ သဥ္ဇာ ဘာမှ မနက်ဖြန်





လုပ်စရာမရှိပါဘူး''

''တခြားမဟုတ်ပါဘူး ‥ သဥ္ဇာ မနက်ဖြန်အားရင် ဆိုင်တစ်ဆိုင်မှာ မုန့်လိုက်ကျွေးချင်လို့ မေးကြည့်တာပါ''

သဥ္ဇာ အပျော်စိတ်ကို မနည်းထိန်းထားပြီး ဖြေလိုက်ရသည်။

''ဪ ‥ သဥ္ဇာ အားပါတယ် ‥''

''OK ဒါဆို မနက်ဖြန် ဆိုင်တစ်ဆိုင်မှာ ဆုံကြတာပေါ့''

''ဟုတ် ‥ ကိုလင်းဝေ ‥ ဒါပေမဲ့ ပိုက်ဆံများများတော့ ထည့်လာခဲ့နော် ‥''

''ဟင် ‥ ဘာဖြစ်လို့လဲ သဥ္ဇာရဲ့''

''ဘာဖြစ်လို့လဲဆိုတော့ သဥ္ဇာက အစားကြီးတယ်လေ ‥ တော်ကြာ ကိုလင်းဝေပါလာတဲ့ ပိုက်ဆံနဲ့ မလောက်ငပဲ ဖြစ်နေမှာစိုးလို့ ကြိုပြောထားတာ''

သူမက သူ့စကားသူ သဘောတကျ ရယ်နေလိုက်သေးသည်။ လင်းဝေကလည်း ‥

''သဥ္ဇာလည်း နောက်တတ်တယ်နော်''

''အဲ ‥ သဥ္ဇာ မနောက်ပါဘူးနော် ‥ သဥ္ဇာက တကယ် အစားကြီးတာ''

''ကဲ ‥ ဟုတ်ပါပြီတဲ့ဗျာ ‥ သဥ္ဇာ စိတ်ကြိုက်စားပါ ‥ ကိုယ် ပိုက်ဆံအလုံအလောက်ထည့်ယူခဲ့ပါ့မယ် ဟုတ်ပြီလား ‥ မနက်ကျမှ အချိန်နဲ့နေရာကို ကိုယ် ဖုန်းဆက်ပြီး ထပ်ပြောမယ် ဟုတ်ပြီလား ‥''

''ဟုတ် ‥''



www.burmeseclassic.com

www.burmeseclassic.com




အဆုံးမှာတော့ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ပြီး ထွက်ခွာလိုက်ကြသည်။ နှစ်ဦးစလုံးရင်ထဲမှာတော့ အချစ်ရောင် မျိုးစေ့တွေ အညှောင့် ထွက်ကုန်ကြပြီဖြစ်၏။ ရှေ့ဆက်ပြီး အချစ်ပင်တွေ ရှင်သန်ထမြောက်ဖို့နဲ့ အချစ်အသီးအပွင့်တွေ ဖူးပွင့်ဖို့ကိုတော့ နှစ်ယောက်စလုံး၏ ရာသီဥတုတွေ အထူးကောင်းမွန်ဖို့ပဲ လိုအပ်ပါတော့သည်။

တကယ်တော့ အချစ်ဆိုတာ ရင်ဘတ်ချင်း မီးကူးစပ်လိုက်တာမျိုးပါ။ အခန့်မသင့်ရင် ထပေါက်ကွဲတတ်တယ်ဆိုတာ သူရော သူမပါ ကြိုသိမထားနိုင်ခဲ့တာကတော့ ဇာတ်ဆရာ၏ အလိုကျပဲ ဖြစ်ပါလိမ့်မည်။

■







ကမ္ဘာကျော် သိပ္ပံပညာရှင်တွေ
လိုက်မမီနိုင်တဲ့
နည်းပညာတစ်ခု ရှိသေးတယ်
အဲဒါကတော့ ..
"စုန်း" ပညာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



(F)

ကိုယ်လုံးပေါ်မှန်တစ်ချပ်ရှေ့မှာ အင်္ကျီတစ်ထည်ပြီးတစ်ထည် ကောက်ဝတ်ကြည့်ပြီး အိုက်တင်အမျိုးမျိုးလုပ်ပြီး ကြည့်နေသော မိန်းမပျိုလေးတစ်ယောက် ရှိသည်။ ခတ်ရှင်မင်းသမီးတစ်ယောက်တော့ မဟုတ်ပါ။

ဟုတ်ကဲ့။ သူမသည် မြသဉ္ဇာပဲ ဖြစ်၏။ အကြောင်းမှာ ထက်မြက်လင်းဇေဆိုသူနှင့် ဆိုင်တစ်ဆိုင်မှာ မုန့်စားရန် ချိန်းဆိုထားသည့်အတွက် မိန်းကလေးတို့သဘာဝအတိုင်း ဆန့်ကျင်ဘက်လိင်တစ်ယောက်၏ အမြင်မှာ လှပနေစေချင်၏။ သို့ကြောင့်လည်း အလိုက်ဖက်ဆုံးဖြစ်မည့် အဝတ်အထည်ကို ရွေးချယ်နေခြင်းဖြစ်၏။





မိကေဟု အမည်တွင်သော အိမ်အကူကောင်မလေးကတော့ ခေါင်းတရမ်းရမ်း ပြုံးစစဖြင့် သဉ္ဇာကိုကြည့်ပြီး ပွနေသော အင်္ကျီတွေကို တစ်ထည်ပြီးတစ်ထည် လိုက်ခေါက်သိမ်းနေရသည်။

''မိကေ . . ဒီအင်္ကျီလေးက ပိုအဆင်ပြေမလားလို့''

''ဟုတ်တယ် မမလေး . . အဲဒါလေးနဲ့မှ မမလေးက ပိုလှတာ''

''အင်း . . ငါ ဒါလေးပဲ ဝတ်သွားလိုက်တော့မယ်ဟာ''

သူမက အင်္ကျီလဲပြီးသည့်တိုင် မပြီးနိုင် မဆီးနိုင် မှန်ရှေ့မှာ အလှဆက်ပြင်နေသေးသည်။

''မမလေးရယ် . . အရမ်းလှနေပါပြီ . . ထပ်ပြင်နေစရာ မလိုတော့ပါဘူးနော် . . အဝတ်တွေ တစ်ထည်ပြီးတစ်ထည် ထုတ်ဝတ်နေကတည်းက မိကေတွေးတော့ တွေးမိသား''

''အမယ် . . ပြောစမ်းပါဦး ဘာတွေများ တွေးမိနေလို့လဲ''

''ဟုတ်တယ်လေ . . မမလေးက အမြဲတမ်း အေးအေးဆေးဆေးနေတတ်တဲ့ လူတစ်ယောက်လေ . . အင်္ကျီအဝတ်အစားဆိုလည်း အဆင်ပြေတာ သူဝတ်နေကျ . . မမလေး အတူအဖွေ မပြင်မဆင်တတ်တာလည်း မိကေအသိဆုံး . . အခု မမလေး မျက်နှာလေးကလည်း အရမ်းကို ရွှင်လန်းတက်ကြွလွန်းနေတယ် . . အဲလို ထူးခြားတဲ့အရာအားလုံးကို မိကေဆက်စပ်တွေးကြည့်လိုက်တော့ . . အဟီး . . မမလေး မရိုးတော့ဘူးနော် . . ကေသွတော့ ကေသွပဲ''

မိကေစကားကြောင့် သူမ ရှက်သွားတာကိုတော့ ဝန်ခံပါသည်။ သို့သော်ငြားလည်း ရှက်စိတ်ကို နောက်ထားပြီး အရှက်ပြေ ပြန်ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ကြည့်စမ်း ။ မိကေတို့ ဘယ်ကတည်းကများ ငါ့ကို သေချာလိုက်ကြည့်နေလဲ မသိဘူး"

"ဒါပေါ့ ။ မိကေတို့ မမလေးတို့အိမ်မှာ နေလာတာ နှစ်ပေါင်း နည်းမှမနည်းတော့တာ ။ ကိုယ့်မမလေး အကျင့်စရိုက်တွေ အားလုံးကို မိကေတို့ အလွတ်ရထားပြီးသား ။ မှန်မှန်ပြော ။ မမလေး ဒီနေ့တွေ့မယ့်လူက သာမန်မိတ်ဆွေတော့ လုံးဝမဖြစ်နိုင်တော့ဘူး ။ ဟုတ်တယ်မို့လား"

မိကေ၏ ချက်ကျလက်ကျအပြောကြောင့် သူမ ဖျတ်ခနဲ လင်းဝေမျက်နှာကို မြင်ယောင်မိသွားကာ ရှက်ပြုံးပြုံးလိုက်မိ၏။ ဒါကို ကောင်းကောင်းတွေ့လိုက်သည့် မိကေတို့က အပိုင်ထပ်ပြောလာပြန်သည်။

"ကဲ ။ မိကေပြောတာ ဟုတ်နေပါပြီ ။ မမလေး ရှက်နေပြီ ပြီ ။ ဟား ဟား ။ ပြောပြပါ မမလေးရဲ့ မိကေလည်း သိချင်တာပေါ့လို့"

"အင်း ။ ငါ အမှန်အတိုင်းပြောရရင် အပြင်မှာ ကောင်လေး တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတယ်"

"မမလေး ။ ချစ်သူလားဟင်"

"ဟာ ။ မဟုတ်သေးပါဘူး ။ ပေါက်ပေါက်ရှာရှာ"

"မဟုတ်သေးပါဘူးဆိုတော့ ။ နောင် ။ ဟုတ်လာနိုင်တယ်ပေါ့ ။ ဒါနဲ့ အဲဒီလူက ချောလားဟင် မမလေး"

မြသဉ္ဇာက ဒီမေးခွန်းကို မဖြေခင် လင်းဝေမျက်နှာလေးကို တွေးပြီး ပြုံးလိုက်သေးသည်။ ပြီးမှ ။





"အင်း ။ သူက အရမ်းချောတယ် ။ နှာမည်က ထက်မြက် လင်းဝေတဲ့"

"အိုး ။ မမလေးလူရဲ့ နာမည်က အမိုက်စားကြီးပဲ"

"နာမည်တင် မဟုတ်ဘူး ။ လူကလည်း ယောက်ျားပီသပြီး အရမ်းချောတာ ။"

"သူက မမလေးကို ကြိုက်နေတာလားဟင် ။ မမလေးတော့ အရမ်းကံကောင်းတာပဲနော်"

မိကေအပြောကြောင့် သူမမျက်နှာလေး တစ်ချက်ညှိုးသွားသည်။ ပြီးမှ သက်ပြင်းဖွဖွလေးတစ်ချက်ကို ချကာ ပြောလိုက်၏။

"ဟူး ။ ကံကောင်းချင်တာပေါ့ မိကေရယ် ။ ဒါပေမဲ့ ။ သူက ငါ့ကို စိတ်ဝင်စားချင်မှ ဝင်စားမှာလေ"

"ဟာ ။ ဘာလို့ မဝင်စားရမှာလဲ ။ တို့မမလေးက ဒီလောက်လှ ဒီလောက်ချောတာကို"

သူမက အသက်မပါသလို တစ်ချက်ပြုံးလိုက်ပြီး ။

"ငါ စိတ်ချမ်းသာအောင် မြှောက်ပြောမနေပါနဲ့ မိကေရယ် ။ ကိုယ့်အခြေအနေကို ကိုယ် သိပါတယ် ။ တကယ်တော့ ငါ သူနဲ့ဆုံတွေ့ခဲ့ရတာ အိပ်မက်တစ်ခုလိုပါပဲ ။ အိပ်မက်ဆိုတာ သူဖြစ်ချင်မှ ဖြစ်လာတတ်တာမျိုးလေ"

"ကဲပါ မမလေးရယ် ။ လောလောဆယ် အိပ်မက်လား တကယ်လားတွေ တွေးမနေပါနဲ့ ။ လက်တွေ့ကျတာကိုပဲ အရင်လုပ်ပါ ။ တော်ကြာ သွားတွေ့ဖို့ နောက်ကျနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိကေက ပွဲသိမ်းစကားပြောတော့မှ မြသဥ္ဇာတစ်ယောက် နာရီကို တစ်ချက်ကြည့်ကာ ကပျာကယာ ထပြင်ဆင်နေလေတော့သည်။

မိကေလည်း တက်ကြွနေသည့် မြသဥ္ဇာကို ကြည့်ကာ သဘောကျ ဝမ်းသာနေမိပါ၏။ တကယ်ဆို မိတဆိုးသမီးလေးဖြစ်ပြီး ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတစ်ဦး၏ တစ်ဦးတည်းသောသမီးလေး မြသဥ္ဇာဟာ လိုတိုင်းတရတဲ့ ဘဝမှာ မွေးဖွားကြီးပြင်းလာခဲ့ရတယ်ဆိုပေမဲ့ သူမရဲ့ မွေးရာပါချို့ယွင်းချက်တစ်ခုကြောင့် အမြဲတမ်း စိတ်ဓာတ်ကျ အားငယ်နေခဲ့ရသူ မဟုတ်ပါလား။

အခုလို တက်ကြွရွှင်လန်းနေတာကိုတွေ့တော့ မိကေ တကယ်ပဲ ကျေနပ်အားရနေမိပါ၏။ မြသဥ္ဇာရဲ့ ချို့ယွင်းချက် ..။ သူမရဲ့ အားနည်းချက် .. ဒါဟာ ဘဝပေးကုသိုလ်ပါပဲ။ လူတိုင်းလူတိုင်းဟာ အလုံးစုံ ပြီးပြည့်စုံမနေနိုင်ဘူးလေ။

ဒါဆို ..

သူမရဲ့ ချို့ယွင်းချက်ဆိုတဲ့အရာ ဘာများလဲ?

■





(G)

Love Garden အမည်ရ ဒိုးနုတ်ဆိုင်လေးထဲမှာ စားပွဲတိုင်းလိုလို လူပြည့်နေကြသည်။ ထိုအထဲကမှ စားပွဲတစ်လုံးတွင် လူငယ်တစ်ယောက် ထိုင်နေသည်။ စားပွဲပေါ်မှာ အချစ်ရဲ့သင်္ကေတတွေထဲက တစ်ခုဖြစ်သည့် အနီရောင်နှင်းဆီပန်းတစ်စည်းကိုလည်း စားပွဲပေါ်မှာ တင်ထားသည်ကို တွေ့ရသည်။

လူငယ်လေးသည် စားပွဲပေါ်က ပန်းစည်းလေးကို ကြည့်လိုက်၊ လက်မှ နာရီကို ကြည့်လိုက်၊ ဆိုင်အဝကို လှမ်းကြည့်လိုက်ဖြင့် အချိန်တချို့ကို ဖြုတ်သန်းနေ၏။ မည်သည့်စားသောက်ဖွယ်ရာကိုမျှ မှာထားသည်ကိုတော့ မတွေ့ရ။ သူမျှော်နေသောသူ လာမှ မှာဖို့ ဆုံးဖြတ်ထားပုံလည်း ရ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာခင် အချိန်လေးမှာတော့ လူငယ်လေး၏ မျက်နှာလေး ပြုံးရွှင်၍သွားသည်။ ဆိုင်အဝမှာ သူ၏ လမင်းလေး ရောက်လာပြီ မဟုတ်ပါလား။ ချက်ချင်းဆိုသလို သူထိုင်ရာမှ ထကာ သွားကြိုရန် ပြင်ဆင်လိုက်၏။

မြသဍ္ဍာတစ်ယောက် ချိန်းဆိုထားသောဆိုင် ဟုတ်မဟုတ် သေချာကြည့်ပြီးမှ မှန်တံခါးတွေနဲ့ တည်ဆောက်ထားသော ဒိုးနတ်ဆိုင်ကလေးထဲကို ဝင်လိုက်သည်။ သူမ ဝင်လိုက်သည်နှင့် သူမ ရင်ဆိုင်ရနေကျ ပြဿနာတစ်ခုကို အရင်ဆုံး ရင်ဆိုင်လိုက်ရသည်။

အဲဒါကတော့ သူမ ဆိုင်ထဲကို ဝင်လိုက်သည်နှင့် ဆိုင်ထဲရှိ လူအားလုံး၏ အကြည့်တွေကို ရင်ဆိုင်လိုက်ရခြင်းပင် ဖြစ်သည်။

သူမကလည်း အားလုံးထဲမှာ ထူးထူးခြားခြားထင်းထင်းလင်းလင်းရှိလှသူမို့ ဘယ်နေရာသွားသွား လူတွေရဲ့ အာရုံစိုက် စူးစိုက်ကြည့်ခြင်းကို ခံနေရသည်။

သူမ ရုက်ရွံ့အားငယ်စွာ မဝံ့မရဲဖြစ်နေစဉ်မှာပဲ သူ ရောက်လာခဲ့၏။

"သဍ္ဍာလာ . . ကိုယ်မျှော်နေတာ . . သဍ္ဍာ လာမှ လာပါ့မလားလို့"

သူက ဆီးကြိုရင်း သူမထိုင်ရန် ခုံတစ်လုံးကိုပါ ဆွဲထုတ်ပေးပြီး သူပါ သူ့နေရာမှာ ပြန်ထိုင်လိုက်သည်။

"လာမှာပေါ့ ကိုလင်းဝေရယ် . . လမ်းမှာ ကားတွေပိတ်နေတာနဲ့ နည်းနည်းနောက်ကျသွားတာ . . ဒါနဲ့ ကိုလင်းဝေ စောင့်ရတာ ကြာနေပြီလားဟင်"





"ရပါတယ် သဍ္ဍာရယ် . . ကိုယ်က တွေ့ချင်သူပဲ စောင့်ရမှာပေါ့"

လင်းဝေရဲ့စကားက အစိပ္ပာယ်တချို့ လျှိုတက်နေသည်ကြောင့် သူမ ရင်တစ်ချက်ခုန်သွား၏။

"ဩော် . . သဍ္ဍာမှာလေ . . စိတ်ကြိုက်သာစား . . ကိုယ် ပိုက်ဆံအလုံအလောက် ထည့်လာခဲ့ပါတယ်နော်"

သူ့အရွှန်းဖောက်စကားကြောင့် နှစ်ယောက်သား ပေါ့ပေါ့ပါးပါးလေး ရယ်ဖြစ်လိုက်ကြသည်။ Customer အရိပ်အခြည်ကို ကောင်းကောင်းနပ်သည့် Waiter လေးတစ်ဦးက မှာမည့်စာရင်း လာမေးတော့ သူက ကော်ဖီအေးတစ်ခွက်သာ မှာဖြစ်သည်။ သူမကတော့ Menu ကို သေချာကြည့်ကာ . .

"ဘာဂါ (၃) လုံးနဲ့ စတော်ဘယ်ရီ နှစ်ခွက်ပေး မောင်လေး"

စားပွဲထိုးလေးက သေချာအောင် စတော်ဘယ်ရီ (၁) ခွက်လား (၂) ခွက်လား ပြန်မေးတော့ သူမကလည်း (၂) ခွက်ဟုပင် သေသေချာချာ ပြန်ဖြေပါသည်။

စားပွဲထိုးလေးကတော့ "ဒီမိန်းကလေး အစားအသောက်ပက်စက်လှချည်လား"ဟု တွေးကောင်းတွေးသွားနိုင်ပါသည်။

စားပွဲထိုးလေးထွက်သွားတော့ သူ သဍ္ဍာ့မျက်နှာလေးကို စေ့စေ့စိုက်စိုက်ကြည့်ပြီး တိုးဖွဖွလေး ခေါ်လိုက်၏။

"သဍ္ဍာ . ."

သူမက မဝံ့မရဲလေး ပြန်ကြည့်စဉ်မှာပဲ လင်းဝေက စားပွဲပေါ်မှာ တင်ထားသော နှင်းဆီပန်းစည်းလေးကို ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဇာတ်လမ်းတွေ အကြည့်များသူပီပီ လင်းဝေရဲ့ ဇာတ်ဝင်ခန်းကို သူမ ကြိုတွေးပြီး ရင်ခုန်လိုက်မောသွား၏။

''ဒီမှာ သဇ္ဈာ့အတွက် ကိုယ်လက်ဆောင်ယူလာတယ်''

''ဟုတ် ‥ ကျေးဇူးပဲနော် ‥ ကိုလင်းဝေ''

သူမက အိန္ဒြေမပျက်အောင် ပန်းစည်းလေးကို လက်ခံယူလိုက်သည်။ လင်းဝေကလည်း အခြေအနေကို လက်လွှတ်မခံဘဲ နောက်တစ်ဆင့်တက်ရန် တော်ကီကို အစပျိုးလိုက်ပြန်၏။ နှစ်ယောက်တည်း ရိုက်သည့် ဇာတ်ဝင်ခန်းက အတော်အရှိန်တက်နေပြီဖြစ်သည်။ လင်းဝေ ရင်ခုန်သံတွေ မြန်လာသလို သဇ္ဈာ့မျက်နှာမှာလည်း နှင်းဆီရောင်တွေ လွှမ်းခြုံထား၏။

''သဇ္ဈာ ‥''

နူးညံ့ညင်သာသော သူ့အသံလှိုင်းအောက်မှာ တိတ်ဆိတ်သော မျက်ဝန်းနှစ်စုံ ကခုန်ကုန်ကြသည်။

''ကိုယ် ‥ ကိုယ်လေ ‥ သဇ္ဈာ့ကို''

''အမေ့ ! ‥''

''ဟာ ‥''

သူ့ရဲ့ Mood အပြည့်နှင့် ပစ်လွှတ်တော့မယ့် အပြင်းစား ဒိုင်ယာလော့ဒ်တွေ မဆုံးခင်မှာပင် ထင်မထားသော အဖြစ်အပျက်တစ်ခုက ရုပ်ပျက်ဆင်းပျက်ကြီး ပြေးဝင်လာခဲ့၏။ ၎င်းကို ဗီလိန်ပညာနာမည်သတ်မှတ်ကြပါစို့။

အဖြစ်အပျက်က လျှပ်ပြတ်သလို မြန်ဆန်လွန်းလှ၏။ သူ စကားပြောနေစဉ်မှာ ‥ သဇ္ဈာ ထိုင်နေသောခုံ ကျိုးကျသွားသည်။ ကြမ်းပြင်ပေါ်မှာ သဇ္ဈာတစ်ယောက် ပုံပျက်ပန်းပျက်နှင့် ရှုံ့မဲ့သွားသည်။





ဆိုင်ထဲရှိလူတွေလည်း သူမ၏အဖြစ်ကိုကြည့်ပြီး ဝါးလုံးကွဲ ရယ်ကုန်ကြသည်။ ရုတ်တရက်မို့ သူလည်း ကြောင်ငေးကြည့်နေမိသည်။ ပြီးမှ အသိဝင်သွားကာ သူမကို အမြန်သွားထူဖြစ်သည်။

''သဇ္ဈာ ‥ သဇ္ဈာ ‥ ဘာဖြစ်သွားသေးလဲဟင်''

''အား ‥ ကျွတ် ကျွတ် ကျွတ် ‥''

သူ ‥ သူမကို ကူဖေးတွဲထူဖြစ်သည်။ သူမလည်း တင်ပါးလေးကို ပွတ်နှိပ်ရင်း အလိုက်သင့်ထလာ၏။

လူတစ်ယောက် ဒုက္ခရောက်နေသည်ကို ရယ်စရာတစ်ခုလို သတ်မှတ်ပြီး ရယ်နေကြသူတွေကို သူ ဘုလျှိုးတစ်ချက် လှျိုးပစ်လိုက်သည်။ သို့သော် သူက နဂါး မဟုတ်သဖြင့် မည်သူမျှ ပြာကျမသွားသလို မည်သူမျှလည်း ရယ်သံတွေ ရပ်မသွား။

''ဟာ ‥ ဟား ‥ ဟား ‥''

''ခစ် ‥ ခစ် ‥ ခစ် ‥''

သူ ရယ်သံတွေကို မသိကျေးကျွံပြုကာ ခုံတစ်လုံး ဆွဲထုတ်ပြီး ‥

''လာ သဇ္ဈာ ‥ ဒီမှာထိုင် ‥ ဖင်အရမ်းနာသွားလား ဟင်''

''ရှင် ‥‥''

''ဟား ‥ ဟား ‥ ဟား ‥''

သူ့စကားပြောလောမှုကြောင့် ဆိုင်ထဲရှိ ရယ်သံတွေ ပိုမိုကျယ်လောင်၍သွားသည်။ Counter က ဝန်ထမ်းကောင်မလေးပင် ပါးစပ်ကို လက်နှင့်အုပ်ပြီး တသိမ့်သိမ့်လှုပ် ရယ်နေ၏။

သူမကတော့ တစ်ရှက်ပေါ် နှစ်ရှက်ဆင့်ကာ ထူပူနေ၏။ ပြီးတော့ လင်းဝေရှေ့မှာမှ ဤသို့ ဖြစ်ရလေခြင်းဟု တွေးကာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မပြုရဲအောင် ဖြစ်နေရပြီး ဆိုင်ထဲမှ ပြေးထွက်သွားခဲ့လေတော့၏။ လင်းဝေ တားဆီးချိန်ပင် မရလိုက်။

''ဟာ . . သဥ္ဇာ . . နေဦးလေ . . သဥ္ဇာ''

ဘာကြောင့်ရယ်မသိ . . ဆိုင်ထဲကလူတွေကတော့ ပြေးထွက်သွားသည့် သဥ္ဇာ့နောက်ပိုင်းကို ကြည့်ပြီး တဟားဟား အော်ရယ်နေကြပြန်၏။

သူ လူတွေကို အတော် ဒေါသထွက်သွားမိသည်။ မိန်းကလေးတစ်ယောက် ဘယ်လောက် ရှက်ရွံ့သွားလေမလဲ။ သူတို့ မတွေးမိကြဘူးလား။

''ခင်ဗျားတို့တွေကလည်းဗျာ . . မိန်းကလေးတစ်ယောက်ကိုယ့်မျက်စိရှေ့မှာ . . ဒုက္ခရောက်နေတာကို မကူညီကြတဲ့အပြင် ဝိုင်းလှောင်ကြတာတော့ မကောင်းပါဘူးဗျာ . . ခင်ဗျားတို့တွေ လူမှုရေးတော့ နားလည်ဖို့ကောင်းတယ်''

သူ ခပ်တည်တည် ဗိုလ်ဟောက်ခဲ့ပြီး ဆိုင်လေးထဲကနေ ထွက်ခွာလာခဲ့၏။

သူထွက်သွားသည့်တိုင် ဆိုင်လေးထဲက ရယ်သံတွေကို ထပ်မံကြားလိုက်ရ၍ ခပ်ပြင်းပြင်း 'တက်'တစ်ချက် ခေါက်လိုက်မိသေးသည်။ ဆိုင်လေးထဲမှာတော့ ရယ်သံတွေနှင့်အတူ ပိုင်ရှင်မဲ့သော နှင်းဆီပန်းလေးတစ်စည်း ငြိမ်သက်စွာ ကျန်ရစ်နေခဲ့ပြီ ဖြစ်လေတော့၏။

■





(၈)

သူမ နေ့ခင်းက ဖြစ်ပျက်ခဲ့သောကိစ္စကြောင့် စိတ်ဓာတ်အကြီးအကျယ်ကျကာ ထမင်းမစား ဟင်းမစားဘဲ အခန်းအောင်းနေဖြစ်သည်။

မျက်နှာအမူအယာ မကြည်မသာ ဖြစ်နေသည့် သူမကို အိမ်အကူမလေး မိကေက ထမင်းစားဖို့ အတင်းခေါ်ပြီး မေးသည်ကြောင့် သူမ ဖြစ်ကြောင်းကုန်စင် အကုန်ပြောပြ ရင်ဖွင့်ပစ်လိုက်မိ၏။

မိကေကတော့ နှစ်သိမ့်အားပေးစကား ပြောရှာပါ၏။

''ဪ . . ဖြစ်ရလေ မမလေးရယ် . . ဒါလည်း အမှတ်တရ တစ်ခုလိုပဲ သဘောထားပြီး မေ့လိုက်ပါ . . ကိုလင်းဝေက လည်း ဘာစိတ်ပျက်စရာရှိမှာလဲ . . မမလေးဘာသာ အလိုလို လွန်နေတာပါ . . လာပါ . . ထမင်းလေးတော့ ထွက်စားလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဟာ ‥ ငါ ဘာမှမစားချင်ဘူး မိကေရယ် ‥ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်တာပဲ သိတယ်''

ထိုစဉ် သူမ လက်ကိုင်ဖုန်းလေးက Ringtone သံတစ်ခု ထမြည်လာ၏။ Screen ပေါ်ကို ကြည့်လိုက်တော့ 'ကိုလင်းဝေ' ဟု တွေ့ရသဖြင့် အံ့ဩစိတ်နှင့်အတူ လှိုက်ခနဲ ပျော်သွားမိ၏။

''မမလေးကို မပြောဘူးလား ‥ ကိုလင်းဝေ စိတ်မပျက်ပါဘူးလို့ ‥ မမလေး ကိုင်လိုက်လေ ‥ ဘာကြောင်ကြည့်နေတာလဲ''

''ဟင် ‥ ဪ ‥ အေး ‥''

မိကေ သတိပေးမှ သူ ဖုန်းကိုင်လိုက်၏။ သူမဖုန်း နားမှာ ကပ်လိုက်သည်ဆိုရင်ပဲ အသံလှိုင်းတစ်ခုက တိုးဝင်လာခဲ့၏။

''Hello‥ Hello‥ သဥ္ဇာ ‥ ကိုယ်ပါ''

''ဟုတ် ‥ ‥''

''နေ့ခင်းက ဘာဖြစ်လို့ ကိုယ့်ကို တစ်ယောက်တည်းထားပြီး ထွက်သွားရတာလဲ သဥ္ဇာရယ်''

''ဟိုလေ ‥ အဲဒီတုန်းက လူတွေအများကြီးနဲ့ဆိုတော့ သဥ္ဇာလည်း ထူပူပြီး ရှက်နေတာနဲ့ ထွက်သွားလိုက်တာ ‥ ကိုလင်းဝေကို တစ်ယောက်တည်းထားခဲ့သလို ဖြစ်သွားတာ တောင်းပန်ပါတယ်နော်''

ဘေးနားက မိကေတစ်ယောက်ကတော့ သူ့မမလေး ပြောသမျှကို တိတ်တဆိတ်လေး လိုက်နားထောင်နေ၏။

''တောင်းပန်စရာမလိုပါဘူး သဥ္ဇာရယ် ‥ ကိုယ်က သဥ္ဇာ့





အတွက် စိတ်ပူနေတာ ‥ တော်သေးတာပေါ့ သဥ္ဇာ ဘာမှ ထိခိုက်မသွားလို့ ‥ ပြီးတော့ အဲဒီဆိုင်က ထိုင်ခုံတွေကလည်း အိုဟောင်းနေပြီဆိုတော့လေ ‥ သဥ္ဇာရှက်သွားမယ်ဆိုတာကို ကိုယ်နားလည်ပါတယ်''

''ဟုတ် ‥''

''အဲ့ဒီခုံစုတ် ကျိုးကျလိုက်တာနဲ့ ကိုယ့်ရင်ထဲက ပြောချင်တဲ့ စကားတွေတောင် မပြောလိုက်ရဘူး''

''ရင်ထဲကစကား ဟုတ်လား ‥ ကိုလင်းဝေ''

''ဟုတ်တယ် ‥ သဥ္ဇာ့ကို ပြောချင်နေတဲ့ ကိုယ့်ရင်ထဲက စကားတွေ ‥''

''ဘာစကားတွေများလဲ ဟင် ‥''

သူမစကားအတွက် ရေလာဖို့ တမင်မြောင်းဖောက်ပေးသလိုများ ဖြစ်နေပြီလားဟုလည်းကောင်း၊ ဘေးနားက မိကေများ တော်တော်အထာပေးတဲ့ မမလေးဟု တွေးနေမလားဟုလည်းကောင်း တွေးပြီး မလုံသလို ဘေးတစ်ချက် စေ့ကြည့်လိုက်သေးသည်။

''ကိုယ် ‥ အခုပြောလိုက်ရင် သဥ္ဇာ စိတ်ဆိုးသွားမှာလား ဟင် ‥ ပြီးတော့ ‥''

''ပြီးတော့ ဘာဖြစ်လဲ ကိုလင်းဝေ ‥ ဆက်ပြောလေ ‥''

လင်းဝေက သက်ပြင်းမွှမွှလေးတစ်ချက်ချပြီးမှ ဆက်ပြောပြသည်၊

''ပြီးတော့ ကိုယ်ပြောလိုက်ရင် သဥ္ဇာ အထင်သေးမသွားရှေး နော်''



www.burmeseclassic.com

www.burmeseclassic.com



“အမလေး ကိုလင်းဝေရယ် ‥ ဘာစကားပြောမှာမို့လို့ ဒီလောက် စကားတွေ ပလ္လင်ခံနေရတာလဲ ‥ ကဲပါ ဟုတ်ပါပြီ ‥ ကိုလင်းဝေကို သဉ္ဇာ စိတ်လည်း မဆိုးဘူး၊ အထင်လည်းမသေးဘူး ဟုတ်ပြီလား ‥ ကဲ ပြောစရာရှိတာသာ ရဲရဲပြောတော့”

ဟန်မပျက် ပြောလိုက်ရသည်ဆိုပေမဲ့ သူမ ရင်ထဲမှာလည်း အသေးစား မြေလျှင်လေးတစ်ခုလို လှုပ်ခတ်နေ၏။ ခေတ်စကားနှင့်ဆိုရလျှင် သူမရင်ထဲမှာ ဖိုးသိုးဖတ်သက်ဖြစ်နေပြီ ဖြစ်၏။

“ကိုယ် ‥ ကိုယ်ပြောမှာကလေ ‥”

“အင်း ‥”

“ရည်း ‥ ရည်းစားစကားပါ ‥ သဉ္ဇာ”

“ရှင် …”

MPT ကွန်ယက်အောက်က Mobile phone နှစ်လုံး နှလုံးခုန်သံစက်ကွင်းကြောင့် ခေတ္တ ပြတ်တောက်၍သွားသည်။

တစ်စက္ကန့် ‥။

နှစ်စက္ကန့် ‥။

သုံးစက္ကန့် ‥။

ပြီးတော့မှ Data တွေ နေရာမှန်ပြန်ရောက်လာကြပြီး လက်ရှိအခြေအနေကို ပြန်ရောက်လာကြ၏။

“ဟုတ်တယ် သဉ္ဇာ ‥ ကိုယ် သဉ္ဇာ့ကို စတွေ့ကတည်းက စိတ်ဝင်စားမိခဲ့တာပါ ‥ ကိုယ် သဉ္ဇာ့ကို အရမ်းချစ်မိသွားတယ် သိလား ‥”





“…..”

“သဉ္ဇာ ကိုယ်ပြောတာ ကြားရဲ့လားဟင် ‥ ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ”

“…..”

သူ့အသံတွေ စိုးရိမ်တကြီးနှင့် အလောတကောနိုင်နေပေမဲ့ သူမစိတ်ထဲမှာတော့ ကုလားဘုရားနှင့် တရုတ်နဂါး ပြိုင်ကနေသလား မှတ်ယူရ၏။ တဒုန်းဒုန်းသော ရင်ခုန်သံစည်းချက်တွေက Iron Cross အဖွဲ့က Drumer ခရမ်းကို ဖျားသွားစေလောက်သည်။ အသံတွေပင် ကတုန်ကယင်ဖြစ်နေမိ၏။

“ဟုတ် ‥ ကြားပါတယ် ‥ ရုတ်တရက်ကြီးဆိုတော့ သဉ္ဇာ အံ့သြနေမိလို့ပါ”

“ဒါ ‥ ဒါဆို ‥ ကိုယ့်ကို ပြန်ချစ်မှာလားဟင် ‥”

“ရှင် ‥”

တရှင်ရှင်လုပ်နေသည့် သူမကို ကြည့်ပြီး မိကေလည်း အနားကနေ အတော်အားပါလာပုံရသည်။ မျက်ခုံးတပင့်ပင့်၊ မေးတထိုးထိုးဖြင့် သူမကို မေးနေ၏။

“ဖြေပါ သဉ္ဇာရယ် ‥ ကိုယ် သဉ္ဇာ့ကို တကယ်ချစ်နေတာပါ”

“ဟို ‥ အဲဒါကလေ ‥ ကိုလင်းဝေဘက်က သေချာစဉ်းစားပါဦးလား ‥ သေချာပြီဆိုမှ သဉ္ဇာ့ကို ဒီစကားပြောပါလားဟင် ‥”

သူမစကားကြောင့် တစ်ဖက်က အသံ နှစ်စက္ကန့်မျှ ထိတ်သွားသည်။ သူမ၏ အထူးအဆန်းစကားကို အဓိပ္ပာယ်ခွဲခြားစိတ်ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သေချာတွေးတောနေပုံရ၏။

''ဟာ . . မဟုတ်သေးဘူးလေ . . စဉ်းစားရမှာက ကိုယ် မဟုတ်ဘူး သဥ္ဇာလေ . . ကိုယ့်ဘက်က သဥ္ဇာ့ကို ချစ်တယ် ဆိုတာ ရာနှုန်းပြည့်သေချာပြီးသား . . သေချာလို့လည်း ကိုယ်ဖွင့်ပြောတာပါ . . သဥ္ဇာ့ဘက်က ကိုယ့်ကို ဘယ်လို တုံ့ပြန်ပေးမှာလဲ ဟင် . .''

''အဲဒါကလေ . . ဟို . . သဥ္ဇာ ကိုလင်းဝေ အချစ်ကို လက်ခံ စဉ်းစားပေးဦးမယ်လေ . .''

သူမဘက်က လင်းဝေကို ချစ်နေသည့်တိုင် မြန်မာမိန်းကလေး တစ်ယောက်အနေဖြင့် ချက်ချင်း အဖြေမပေးနိုင်သေးပါ။

''ကျေးဇူးတင်ပါတယ် သဥ္ဇာရယ် . . ဒါပေမဲ့လေ . . စဉ်းစား မယ်ဆိုရင်လည်း အမြန်ဆုံးစဉ်းစားပေးပါနော် . . ကြာရင် ကိုယ်ရူးသွားနိုင်တယ်''

''အမလေး . . ပိုလိုက်တာ ကိုလင်းဝေရယ် . . သဥ္ဇာ စဉ်းစား ပေးပါ့မယ် . . ဒါဆို အခု သဥ္ဇာ ဖုန်းချလိုက်တော့မယ်နော်''

''ဟုတ်ကဲ့ပါ ခင်ဗျ''

ဖုန်းချပြီးချိန်မှာတော့ ဒေါ်မြသဥ္ဇာတစ်ယောက် ခုန်ပေါက် တော့မတတ် မြူးသွားသည်။ ချက်ချင်းဆိုသလို မိကေကလည်း မေး လာခဲ့၏။

''မမလေး ကိုလင်းဝေက ဘာတဲ့လဲ ဟင် . .''

''သူက . . ငါ့ကို ချစ်တယ်တဲ့ . . ပျော်လိုက်တာ မိကေရယ်''

''ကဲ မိကေ မပြောဘူးလား . . ဒီလောက်ကိစ္စလေးနဲ့ မမလေး





ကို ကိုလင်းဝေ စိတ်ပျက်စရာအကြောင်း မရှိပါဘူးလို့''

''ဟုတ်ပါတယ် . . နင်အရမ်းတော်ပါတယ်''

''အခု . . မမလေးမှာ စိတ်ညစ်စရာတွေ ရှက်စရာတွေ မရှိ တော့ဘူးဆိုတော့ အခု မိကေနဲ့အတူ ထမင်းစားဖို့ တစ်ခါ တည်း လိုက်ခဲ့တော့ ဒါပဲ''

မိကေက ခပ်နောက်နောက်လေးပြောတော့ သူမကလည်း အားကျမခံ ပြန်ပြောလိုက်၏။

''ဟုတ်ကဲ့ပါရှင့် . . ထမင်း ၃ ပန်းကန်တိတိ ကုန်အောင် စားပါ့မယ်ရှင့် . . အဟီး . .''

''GOOD''

ငပိသံပါပါနှင့် မိကေက 'ဂွတ်'ဟု ပြောတော့ ဘာရယ် မဟုတ်၊ နှစ်ယောက်သား စိတ်ပါလက်ပါ ရယ်ဖြစ်လိုက်ကြသည်။

ဟုတ်ကဲ့ . . . ။

အဲ့ဒီညက ခိုင်သင်းကြည်အကာယ်ဒမီရပြီး သီဂီထွန်း ပေါက် ကွဲခဲ့သော ညတစ်ည ဖြစ်ခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(I)

ထက်မြက်လင်းဝေတစ်ယောက် အခန်းထဲမှာ တစ်ယောက်တည်း တွေးမိတွေးရာ တွေးနေခိုက် သူငယ်ချင်းဖြစ်သူ ဇော်ဇော် တစ်ယောက် ရောက်လာ၏။

"ဟာ . . ဇော်ဇော် . . လာကွာ"

"ငါ ဝင်လာကတည်းက ကြည့်နေတာ . . လင်းဝေ . . မင်း မျက်နှာ မချိုမချဉ်နဲ့ ဘာတွေ တစ်ယောက်တည်း သဘောကျပြီး ပြုံးနေတာလဲ"

"အဟဲ . . ဒီလိုပဲ ပြုံးစရာလေးတွေ တွေးမိလို့ပေါ့ သူငယ်ချင်းရာ"

ဇော်ဇော်က သူ့နံဘေးက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး . .





"မင်းရော ဘယ်လိုလဲ . . ကျန်းမာရေးအခြေအနေ . . မနက်ဖြန် မင်း ခွင့်တစ်ပတ်ပြည့်ပြီ . . ရုံးပြန်တက်ရတော့မယ် . . ငါ အဲဒါပြောချင်တာနဲ့ ရုံးအဆင်း တမင် မင်းဆီ ထွက်လာခဲ့တာ"

"ငါ သက်သာပါတယ် . . မနက်ဖြန် ငါရုံးတက်မှာပါ . . ရုံးမှာရော ဘာတွေထူးသေးလဲ"

"ဘာမှတော့ ထွေထွေထူးထူး မရှိပါဘူးကွာ . . ထူးတာဆိုလို့ အေးစန္ဒာတစ်ယောက် မင်းနဲ့ ပြဿနာဖြစ်တဲ့နေ့ကစပြီး ရုံးဝ ပေါ်မလာတော့တာပဲ ရှိတယ်"

"သူ မလာတော့တာပဲ ကောင်းပါတယ်ကွာ . . သူလာရင် ငါ ခေါင်းကိုက်ရတယ်။ ငါ့အတွက်တော့ အေးစန္ဒာက တကယ့်အမှိုက်ပဲ . . အခုဆိုရင် ငါ့နှလုံးသားလေးကို ကြည်လင်လန်းဆန်းတက်ကြွစေပြီး ရင်အေးစေတဲ့ နတ်သမီးလေး တစ်ပါးကို တွေ့ထားပြီးပြီ . ."

ဇော်ဇော်က သူ့စကားကို နားထောင်ပြီး တစ်ချက် အံ့ညြသွားကာ မျက်လုံးအပြူးသားဖြင့် စိုက်ကြည့်နေသေး၏။ ပြီးမှ ရွဲ့သလို ခနဲ့သလို လေယူလေသိမ်းဖြင့် ပြော၏။

"ဟိုက် . . ရှားလပါး . . ကောင်းလှချည်လားဟ . . စာသားတွေက နုညနေတာပဲ . . ဒီတစ်ပါတ်လေးအတွင်းမှာ ငါ့ကောင် အဲလောက်တောင် ဖြစ်သွားပြီလား"

"ငါ မပြောခဲ့ဘူးလား . . အချစ်ဆိုတာ တကူးတကရှာဖွေနေစရာ မလိုပါဘူး . . သူ့အလိုလို ရောက်လာတာပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ‥ အချစ်ဒဿနဆရာကြီးရယ် ‥"

ဟု အစချီကာ ဇော်ဇော်က လင်းဝေကို ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ကောင်မလေးအမည်၊ ကောင်မလေးနှင့် မည်သို့ စတွေ့ပုံ၊ ကောင်မလေး၏ ရုပ်ရည်နှင့် ကိုယ်လုံးအနေအထားပုံစံ အစရှိသည်တို့ ကို စပ်စပ်စုစုမေးရာ လင်းဝေမှလည်း မြသဏ္ဌာဟာ နတ်သမီးတမျှ လှပကြောင်း ပြောပြပြီး ပိုပိုသာသာအမွှန်းတင်ရာ ဇော်ဇော်မှ ကိုယ့်ငါးချဉ်ကို ကိုယ်သိပ်ချဉ်နေကြောင်း ရွဲ့စောင်း၍ ပြန်ပြော၏။

"ဟာ ‥ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတာ မဟုတ်ဘူး ‥ အေးပါမင်း သဏ္ဌာနဲ့တွေ့ရင် ငါ့ညွှန်းတာ လိုတောင်လိုနေပါသေးလားလို့ မင်းတွေးမိလိမ့်မယ် သားကြီး"

"အွန် ‥ ဖြစ်ရသေးတယ် ‥ ဒီလောက်ညွှန်းတဲ့ မင်းကောင်မလေးကို ငါ ဘယ်တော့လောက် တွေ့ရမလဲပြော ‥"

"ဟို ‥ အဲဒါကလေ ‥ သူနဲ့ငါနဲ့က တရားဝင်ချစ်သူတွေ မဟုတ်သေးတော့လေ ‥ ဒါပေမဲ့ မင်းစိတ်ချပါ ‥ ငါနဲ့ သဏ္ဌာနဲ့ ချစ်သူတွေဖြစ်သွားရင် ငါ့ကတိအတိုင်း မင်းနဲ့ ပထမဆုံး မိတ်ဆက်ပေးမယ်"

"ဟုတ်ပါပြီ ‥ ဒါဆိုလည်း မင်းတို့ဇာတ်လမ်းလေးနဲ့ ရောက်ရှိအခြေအနေလေးကို တင်ပြစမ်းပါဦးဟ"

ဇော်ဇော့်တောင်းဆိုမှုကို လင်းဝေက ဒီကိစ္စဟာ ဒီမှာထိုင်ပြောတာထက် Beer station တစ်ခုမှာ Mood အပြည့်နှင့် ထိုင်ပြောမှ Feel အပြည့်နှင့် ခံစားနိုင်မည်ဖြစ်ကြောင်း ပြောပြီး Beer ဆိုင်သို့ နှစ်ယောက်သား ထွက်ခွာသွားကြသည်။





ဘီယာဆိုင်လေးထဲမှာ စားရင်းသောက်ရင်းဖြင့် အချိန်တစ်နာရီခန့် သူမနှင့် ဆုံတွေ့ပုံက စပြီး Propose လုပ်ထားသည့် အနေအထားအထိ စ၊ လယ်၊ ဆုံး ခရေစေ့တွင်းကျ ပြောပြလိုက်လေ၏။ ခေါင်းထဲမှာလည်း နှစ်ယောက်လုံး ရီဝေဝေထက် ၂၄ ရာခိုင်နှုန်းခန့် ကျော်လွန်နေကြပြီ ဖြစ်သည်။

"ဟာ ‥ ဒါဆို ‥ ငါ့ကောင်ကြီးက အချိန်တိုလေးအတွင်းမှာ Propose ပါ လုပ်ထားပြီးပြီဆိုတော့ အခြေအနေ ဘယ်ဆိုးလို့တုန်းဟ"

"Right ! this is my love & my heart ‥"

ဘီယာတော်ကြီးကျလို့ ကောင်းသည်ကြောင့်ထင့်။ ဇော်ဇော်တစ်ယောက် လင်းဝေကို ဖွတ်မြှောက်ပြောနေ၏။

"မိုက်တယ်ကွာ ‥ လင်းဝေ ‥ မင်းတို့ ဇာတ်လမ်းက တကယ့် Romance ပဲ ‥"

"Romance တင် ဘယ်ကမလဲ ‥ လုံးဝ Strange love Romance story"

"ဟုတ်ပါပြီကွာ ‥ ငါ့သူငယ်ချင်းကြီးရဲ့ နှလုံးသား အရေးအခင်းကြီး အောင်မြင်လာမှုအတွက် ဂုဏ်ပြုပါတယ်ကွာ"

ဇော်ဇော်က သူ့ရှေ့မှာ ဆယ့်နှစ်ခွက်မြောက် ဘီယာခွက်ကို ပင့်ကိုင်လိုက်ပြီး Snare သီချင်းထဲကလို ဖန်ခွက်ချင်း တည့်တိုက်ပြီး Cheer လုပ်ရန် ပြင်ဆင်လိုက်သည်။

"Cheers !"

"ချွပ် ‥"(ဖန်ခွက်ချင်းထိခတ်ရာမှ ထွက်ပေါ်လာသော အသံ)



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဘီယာခွက်ကို တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်ကြသည်။ လင်းဝေက သောက်ပြီး လက်မှ နာရီကို တစ်ချက်ကြည့်သည်။ နောက် ဘီယာဆိုင်လေးထဲသို့ ဝေ့ကြည့်လိုက်တော့ အံ့ဩသွားသည်။

အခြောက်ဝိတ်တာတွေပဲ ‥။ မဟုတ်သေးဘူး။ သူ သေချာအောင် မျက်လုံးကို သေချာပွတ်သတ်ပြီး ဝိတ်တာတွေကို နောက်တစ်ခေါက် သေချာပြန်ကြည့်လိုက်မိသည်။

ဟူး ‥‥။ သူ တကယ်ရင်မောသွားသည်။ ဝိတ်တာတွေ အားလုံး အခြောက်တွေဖြစ်နေ၏။

အိုး ‥ အသင်လောကကြီး ဘာတွေဖြစ်ကုန်ကြပြီလဲ။ ခေတ်ကြီးက တိုးတက်လာသလား။ ဆုတ်ယုတ်သွားသလား။ သူ မပြောတတ်တော့ပါ။ ပထမယောကျ်ားလေး စားပွဲထိုးပဲ ရှိသည်။ နောက် မိန်းကလေး ငယ်ငယ်ချောချောလေးတွေကို အသစ်ထွင်ပြီး စားပွဲထိုးဖြစ်စေခဲ့သည်။ ယခုတော့ အခြောက်တွေပါ စားပွဲထိုး ဖြစ်ကုန်ကြချေပြီ။

သူ တကယ်နားမလည်နိုင်တော့ပါ။ အခြောက်တွေ စားပွဲထိုးသော ဆိုင်ကိုလည်း သူ ထိုင်ရတာ မသတီတော့ပါ။ သို့ဖြင့် သူ ဇော်ဇော်ကို စကားစလိုက်သည်။

"ဇော်ဇော် ‥ ငါ ခုမှ ဆိုင်က ဝန်ထမ်းတွေကို သတိထားကြည့်မိတယ် ‥ ဝိတ်တာတွေက အခြောက်တွေပဲဟ ‥ ထွီ ‥ ရွံစရာကောင်းလိုက်တာကွာ ‥ ဒီလိုမှန်းသိရင် ငါ ဒီဆိုင်ကို အစကတည်းက မထိုင်ပါဘူးကွာ"

"ဟေ ‥"





ဇော်ဇော်တစ်ယောက် 'ဟေ'ဟုဆိုကာ ဝိတ်တာတွေကို လိုက်ကြည့်သည်။ အားလုံး ကျားကျားလျားလျား လူငယ် ယောကျ်ားလေးတွေပါ။ နောက် ‥ အမူးလွန်နေပြီဖြစ်သော လင်းဝေကို သူ တစ်ချက်ပြန် ကြည့်လိုက်မိသည်။ ပြီးမှ ‥

"လင်းဝေ ‥ မင်း တော်တော်ကောင်းနေပြီထင်တယ် ‥ အကုန် ယောကျ်ားစစ်စစ်တွေပါဟ"

"ဟာ ‥ ငါမမူးသေးဘူး ‥ မူးနေတာက မင်း ‥ သေချာပြန်ကြည့်လိုက်ဦး ‥ စားပွဲထိုးတွေအားလုံး အခြောက်တွေ"

"ဟော့ကောင် ‥ တိုးတိုးပြောပါဟ ‥ ကြားသွားရင် အားနာစရာ"

"ဘာအားနာစရာလိုလဲကွ ‥ အခြောက်တွေမို့ အခြောက်တွေ ပြောတာ ‥ Bill တောင်းလိုက်တော့ကွာ ‥ ငါဒီနေရာမှာ နေရတာ လိပ်ပြာမသန့်တော့ဘူး"

"အေးကွာ ‥ ပြီးရော"

ဇော်ဇော်တစ်ယောက် ဝိတ်တာတစ်ယောက်ကို Bill တောင်းပြီး ပိုက်ဆံယူရှင်းပေးလိုက်သည်။ ဝိတ်တာလေးက ထုံးစံအတိုင်း ‥

"ကျေးဇူးတင်ပါတယ် ‥ အစ်ကိုတို့ ‥ နောင်လည်း လာအားပေးကြပါဦးနော်"

"ဘယ်တော့မှ မလာဘူး ‥ အခြောက်တွေ စားပွဲထိုးတဲ့ဆိုင်ကို ရွံလွန်းလို့ ‥ ထွီ"

လင်းဝေစကားကြောင့် စားပွဲထိုးလေး မျက်နှာပျက်သွားသည်။ ဒေါသထွက်သွားပုံလည်း ရသည်၊ ဒါကို သဘောပေါက်သည့် ဇော်ဇော်က



www.burmeseclassic.com

www.burmeseclassic.com






စားပွဲထိုးလေးကို လင်းဝေမမြင်အောင် အမူးလွန်နေ၍ သည်းခံရန် လက်ဟန်ခြေဟန် အမြန်လုပ်ပြပေးလိုက်ရသည်။ နားလည်ပုံရသည့် စားပွဲထိုးလေးက ခေါင်းတစ်ချက်ညိတ်ပြပြီး ထွက်သွား၏။

လင်းဝေကတော့ ခေါင်းငိုက်စိုက်ငိုက်စိုက်ဖြင့် ရှေ့ကနေ ထွက်သွားခဲ့ပြီ ဖြစ်သည်။ ဘယ်အရာတွေက မှားယွင်းခဲ့လေသလဲတော့ မသိပါ။ ထိုညက ချစ်ရသူအကြောင်းကို အခြောက်တွေ စားပွဲထိုးသော ဘီယာဆိုင်တစ်ဆိုင်မှာ အားရပါးရ ရင်ဖွင့်ဖြစ်ခဲ့လေ၏။

■




အချစ်သည်
အစီအစဉ်မကျသော
သေသေသပ်သပ် တိုက်ဆိုင်မှုတစ်ခုဟုသာ
ကျွန်တော် မှတ်ယူထားသည်။ ။

(ခေတ်သွေး)





www.burmeseclassic.com

www.burmeseclassic.com



(၂)

တနင်္ဂနွေနေ့ ..။

ထိုနေ့သည် သူ့အတွက် သမားရိုးကျရုံးပိတ်ရက်တစ်ရက်သာ ဖြစ်သည်။ ရုံးပိတ်ရက်မှာ သူ AKK (အောင်ကောင်းကျော်) Shopping Centre သို့ အိမ်သုံးပစ္စည်းအချို့ ဝယ်ယူရန် တစ်ကိုယ်တည်း ရောက်ဖြစ်ခဲ့သည်။

အကျီတွေရောင်းသော ဆိုင်လေးတစ်ဆိုင်အရောက်မှာတော့ သူ့မြင်ကွင်းထဲကို ရည်ရွယ်မထားခဲ့သော ခမ်းနားသော ပန်းနုရောင် တိုက်ဆိုင်မှုတစ်ခုက ဆီးကြိုနေ၏။

"ဟင် .. သဇ္ဈာ"

ဟုတ်သည်။ ချစ်ရပါသော သဇ္ဈာသည် ဆိုင်တစ်ဆိုင်ထဲတွင် ဝန်ထမ်း (၂) ယောက်နှင့် ရယ်ရယ်မောမော ပြောဆိုရင်း ပစ္စည်း





တချို့ကို ဝယ်ယူနေတာ တွေ့ရ၏။ သူ အံ့သြဝမ်းသာစိတ်ဖြင့် ဆိုင်ထဲကို လိုက်ဝင်သွားမည်လုပ်မှ ထိုဆိုင်ဟာ အမျိုးသမီးအတွင်းခံတွေသာ သီးသန့်ရောင်းချနေသောဆိုင် ဖြစ်နေ၍ သူ့ခြေလှမ်းကို ဆိုင်ဝမှာတင် ရပ်တန့်သွားရသည်။

ချစ်ရသူကို ဆိုင်ဝကနေပဲ ငေးမောရင်း ရပ်စောင့်နေမိ၏။ သူ ဘာတွေဝယ်နေပါလိမ့်ဆိုသည့် အတွေးလေး လက်တစ်ဆစ်နှင့် လည်း စပ်စပ်စုစု ဂရုပြုကြည့်မိလိုက်သေးသည်။

ဘရာစီယာ (၄) ထည်နှင့် အောက်ခံဘောင်းဘီ (၂) ထည် ယူထားတာ တွေ့ရသည်။ နောက် .. ပန်းသွေးရောင် အောက်ခံဘောင်းဘီ နောက်တစ်ထည်ကို သေချာကြည့်ပြီး ထပ်ယူနေတာလည်း တွေ့ရ၏။

နောက်မှ သူ တစ်ချက် သတိထားမိပြီး အံ့သြသွားသည်။

"ဟင် .. သူဝယ်နေတဲ့ဟာတွေက ဆိုဒ်အကြီးကြီးတွေပဲ .. သဇ္ဈာ Structure က အဲလောက် မကြီးပါဘူး .. သေချာတယ် .. ဒါ သူ့အတွက်လာဝယ်တာတော့ မဖြစ်နိုင်ဘူး .. သူ့မှာ အမေမရှိတော့ဘူးဆိုတော့ .. အဒေါ်တွေ ဘာတွေအတွက် လက်ဆောင်ဝယ်ပေးဖို့ပဲ ဖြစ်ရမယ်"

သူ့အတွေးမဆုံးခင်မှာပင် ဆိုင်ဝသို့ သဇ္ဈာက ထွက်လာခဲ့ပြီ ဖြစ်သည်။ နှစ်ယောက်သား အမှတ်တမဲ့ကြီး တည့်တည့်တိုးတော့ ကိုယ်စီ အံ့သြဝမ်းသာ ပျော်ရွှင်သွားကြသည်။ အဆုံးမှာတော့ ကိုယ်စီ နှုတ်ဆက်စကားတွေပြောပြီး အေးအေးဆေးဆေး စကားပြောဖို့အတွက် တစ်နေရာသို့ အတူထွက်လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။

လင်းဝေနှင့် သဉ္ဇာတို့ ပြုံးပြုံးရွှင်ရွှင်ထွက်သွားသည်ကို တစ်နေရာမှရပ်ပြီး အနီရောင်ဆန်သော မျက်ဝန်းတွေနှင့် စိုက်ကြည့်နေသောလူတစ်ယောက် ရှိပါသည်။

ထိုလူ့အကြည့်တွေထဲမှာ မနာလိုမုန်းတီးမှုနှင့် တစ်စုံတစ်ခုအတွက် ကျေနပ်အားရမှုတို့လည်း ပျော်ဝင်နေ၏။

ထိုလူ့မျက်ဝန်းတွေက မည်သူ့ကို ဦးတည်ရည်ရွယ်ထားပါသလဲ။ လင်းဝေကိုလား၊ မြသဉ္ဇာကိုလား။

ထိုအနီရောင်ဆန်သော မျက်ဝန်းပိုင်ရှင်ကလည်း မည်သူနည်း။

(ဟုတ်ကဲ့ပါ ..ထိုမေးခွန်းများ၏ အဖြေများကို နောက်တစ်ခန်းဖတ်၍ ပြီးဆုံးချိန်တွင် ရှင်းရှင်းလင်းလင်းသိရမည် ဖြစ်ပါသည်)

■





ကမ္ဘာဦးအချစ်ဟာ
ဒေါင်ဥယျာဉ်ထဲမှာဖြစ်ပေါ်ခဲ့တယ် ..
သေချာတယ်..
အချစ်နဲ့ ဆက်နွယ်ပတ်သက်သော
ကဗျာအတော်များများမှာ ..
ပန်းခြံဟာ သိပ်အရေးပါတဲ့အထဲက
တစ်နေရာဆိုတာ ဟုတ်သလား..



www.burmeseclassic.com

www.burmeseclassic.com



(K)

ပန်းခြံဟု အမည်ပေါက်သောနေရာတစ်ခုအတွင်းတွင် ရောင်စုံထီးကလေးများကို အကာအကွယ်ယူပြီး ခိုးခိုးခစ်ခစ်လုပ်နေကြသော စုံတွဲအတော်များများ ရှိနေ၏။ ထိုစုံတွဲများထဲတွင် ထီးမပါသော ရည်းစားမကျတကျ အတွဲတစ်တွဲသည် ခုံတန်းလေးတစ်ခုပေါ်တွင် ထိုင်နေကြသည်ကို တွေ့ရ၏။

ထိုအတွဲမှာမူ AKK (အောင်ကောင်းကျော်) Shopping Centre မှာ မတော်တဆ တွေ့ဆုံခဲ့ကြသော ထက်မြက်လင်းဝေနှင့် မြသဥ္ဇာတို့ပင် ဖြစ်သည်။

''သဥ္ဇာ ကိုယ့်ကို ဒီရက်ပိုင်းတွေမှာ တမင်ရှောင်နေခဲ့တာလားဟင်''





''မဟုတ်ပါဘူး . . ကိုလင်းဝေကို သဥ္ဇာ မရှောင်ပါဘူး''

''ရှောင်နေပါတယ် သဥ္ဇာရယ် . . ဖုန်းဆက်တော့လည်း စကားမပြောချင်သလိုလို ဘာလိုလိုနဲ့ ပြောလက်စစကားတွေကို လွှဲလွှဲပစ်တယ် . . အပြင်မှာတွေ့ဖို့ပြောတော့လည်း အကြောင်းအမျိုးမျိုးပြပြီး ငြင်းနေတာ . . အဲဒါ ကိုယ့်ကို ရှောင်တာမဟုတ်လို့ ဘာလဲ ဖြေပါ . .''

သူမက လင်းဝေမျက်နှာကို တစ်ချက်မော့ကြည့်လိုက်ပြီး မလုံမလဲပုံစံလေးဖြင့် ဖြေရှာ၏။

''မဟုတ်ပါဘူး . . အဲ့ဒီရက်ပိုင်းတွေမှာ သဥ္ဇာ တကယ်အလုပ်ရှုပ်နေလို့ပါ''

''ဟုတ်ပြီလေ . . ဒါဆိုလည်း ထားလိုက်ပါတော့ . . အခုတော့ ကိုယ့်ကို သဥ္ဇာ ရှောင်ဖို့ မကြိုးစားပါနဲ့တော့နော် . . ကိုယ် ကြာရင် တကယ်ရူးတော့မယ်''

လင်းဝေအသံလေးက အချစ်စိတ် ငတ်မွတ်တောင့်တမှုကြောင့် ချိုရီတွဲနေ၏။

''ဘာကိုလဲ ဟင် . .''

''သဥ္ဇာရယ် . . မသိသလို လုပ်မနေပါနဲ့တော့နော် . . ကိုယ့်ကို တစ်ခုခု အဖြေပေးပါတော့ . . ကိုယ် သဥ္ဇာ့ကို အရမ်းချစ်တယ် သိလား''

မျက်ဝန်းနှစ်စင်း လှဲခနဲ လင်းသွားကြသည်။ သူမက မျက်ဝန်းတွေကို လွှဲဖယ်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း သဇ္ဇာ မဖြေတတ်ဘူး ‥ ပြီးတော့ သဇ္ဇာ မယုံရဲဘူး ‥ ကြောက်လည်း ကြောက်တယ်"

"ဟာကွာ ‥ အချစ်က ကြောက်စရာမှ မဟုတ်တာ ‥ ပြီးတော့ ကိုယ့်အချစ်ကိုလည်း ယုံပေးပါ ‥ သဇ္ဇာက ကိုယ့်အတွက် ပထမဆုံးနဲ့ နောက်ဆုံးသော ချစ်ရသူပါ ‥ အဲဒါကို သဇ္ဇာ အကြွင်းမဲ့ယုံပေးပါ"

လင်းဝေ ဒိုင်ယာလော့ဒ်တွေက သူမနှလုံးသားကို တည့်တည့်ထိ၏။ သူမနှလုံးခုန်သံတွေဆောက်တည်ရာမရ ရမ်းခါ၍နေ၏။

သူမလည်း မည်သို့ စဖြေရမည် မသိ၍ ငြိမ်သက်နေစဉ် နွေးထွေးသောလက်တစ်စုံက သူမ ပခုံးထက်ကို ထွေးပွေ့သလို ရောက်လာသည့်ကြောင့် ဆတ်ခနဲ တုန်၍သွားသည်။ ဒါဟာ သူမအတွက် ပထမဆုံးသော ဆန့်ကျင်ဘက်လိင်တစ်ယောက်၏ အထိအတွေ့ပဲ ဖြစ်၏။

"ဟာ ‥ ကိုလင်းဝေ လွှတ်ကွာ ‥ သဇ္ဇာ ရှက်တယ် ‥ အဲဒီလိုကြီး မနေတတ်လို့ပါ ‥ တောင်းပန်ပါတယ်နော်"

"ဟာ ‥ မရဘူးကွာ ‥ ကိုယ့်ကို ချစ်တယ်ပြောမှ လွှတ်ပေးမယ်"

"ကိုလင်းဝေ ‥ အဲလိုမဆိုးနဲ့နော် ‥ ဖယ်ပါ လိမ္မာရဲ့သားနဲ့"

"ဟင့်အင်း မလိမ္မာဘူး မိုက်တယ် ‥ သဇ္ဇာအတွက် ကိုယ်က ချစ်လူမိုက်ပဲ ‥ ဖြေပါနော် ‥ ကိုယ့်ကို ချစ်တယ်မို့လားဟင်"

စကားအဆုံးမှာ သူမက သူ့မျက်နှာကို ရှက်အမ်းအမ်းလေး ခိုးကြည့်ပြီး ခေါင်းလေးညိတ်ပြလိုက်၏။





"ဟာ ‥ မရဘူး ‥ ပါးစပ်က ဖြေပါ သဇ္ဇာရယ်"

သူမက အကဲပိုလွန်းသည့် သူ့ကို 48° မျက်စောင်းလေး တစ်ချက်ထိုးပြီး 'အင်း'ဟု တစ်လုံးတည်း ဖြေပေးလိုက်၏။

သူမ၏ 'အင်း'တစ်လုံးက သူ့နှလုံးသားတစ်ခုလုံးကို ခမ်းနားသွားစေခဲ့သည်။ ထိုနေ့သည် သမားရိုးကျ ရုံးပိတ်ရက်တစ်ရက်သော တနင်္ဂနွေနေ့တစ်နေ့ ဖြစ်သည်။ ထို့အပြင် ကမ္ဘာလောကကြီးအတွက် ချစ်သူနှစ်ယောက်ကို ဖန်ဆင်းပေးနိုင်ခဲ့သော အမှတ်တရနေ့တစ်နေ့ ဖြစ်ခဲ့လေတော့၏။

ပန်းခြံလေးထဲမှာတော့ ထီးမပါခဲ့သော စုံတွဲတစ်တွဲ ခိုးခိုးခစ်ခစ် ရယ်သံအချို့နှင့်အတူ ခပ်သဲသဲလေး ကဲနေကြလေတော့၏။

ထိုစုံတွဲတစ်တွဲကို မျက်ဝန်းစိမ်းတွေနှင့် လိုက်လံကြည့်ရှု နေသော လူတစ်ယောက် ရှိနေတာကိုတော့ သူတို့ လုံး၀(လုံး၀) မရိပ်မိခဲ့ချေ။ ထိုမျက်ဝန်းပိုင်ရှင်ကတော့ တစ်ချိန်က လင်းဝေကို တစ်ဖက်သတ် ချစ်နေခဲ့ပါသော 'အေးစန္ဒာ'ပင် ဖြစ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

အချစ်နှင့် ထိတွေ့ပတ်သက်ရသူတိုင်းက လန်းဆန်းတက်ကြွစေပါသလား။ အတိအကျမပြောတတ်ပေမဲ့ လင်းဝေတစ်ယောက် ဒီရက်ပိုင်းတွေမှာ အလွန်လန်းဆန်းတက်ကြွနေ၏။

ရုံးမှာ . . အိမ်မှာ . . သူ့နေ့ရက်တွေဟာ အဓိပ္ပာယ်ပြည့်နှက်နေခဲ့၏။ ရုံးမှာလည်း သူငယ်ချင်းဖြစ်သူ ဇော်ဇော်ကို သူမနှင့် တရားဝင်ချစ်သူဖြစ်ပြီးကြောင်း၊ ဘယ်ဘုရားကို ဘယ်လို အတူဖူးခဲ့ကြောင်း ဘယ်ပန်းခြံ ဘယ်နေရာတွေမှာ ဘယ်လိုကြည်နူးပျော်ရွှင်ခဲ့ရကြောင်းတွေကို အားရပါးရကြီး ကြွားစိန်လုပ်ပြီး လာမယ့်ရုံးပိတ်ရက်မှာ မိတ်ဆက်ပေးဖို့အတွက်ပါ ပြောထားပြီးသားဖြစ်သည်။





သဇ္ဈာနှင့်လည်း ညစဉ် သူ့အကြောင်းကိုယ့်အကြောင်း အချစ်အကြောင်းတွေ ပြောဖြစ်ရင်း အချစ်ဆုံးသူငယ်ချင်း ဇော်ဇော်နဲ့ မိတ်ဆက်ပေးဖို့အတွက်ပါ ပြောထားပြီးဖြစ်သည်။

သူမက ရှက်သလိုကြောက်သလို လုပ်နေသေး၍ သူ မနည်းပြောယူလိုက်ရသည်။ အခုတော့ သူမနှင့် ချိန်းဆိုထားရာ ဆိုင်ကလေးထဲမှာ သူငယ်ချင်းဖြစ်သူ ဇော်ဇော်နှင့်အတူ သူမ အလာကို ထိုင်စောင့်နေဖြစ်သည်။ ဇော်ဇော်ကလည်း လင်းဝေအညွှန်းတွေကြောင့် သူမကို မြင်ချင်တွေ့ချင်လှပြီ ဖြစ်သည်။

"လင်းဝေ . . မင်းကောင်မလေးက မလာသေးဘူးလားကွာ"

"လာတော့မှာပါကွာ . . ဖြည်းဖြည်းပေါ့ . . ဘာတွေလောနေတာလဲ . . ကားလမ်းတွေကလည်း မင်းသိတဲ့အတိုင်းပဲ"

သူငယ်ချင်းနှစ်ယောက် စကားပြောရင်း သူမအလာကို စောင့်မျှော်နေရာ ဆယ်မိနစ်ခန့် ကြာမြင့်ချိန်မှာတော့ လင်းဝေရင်ထဲ လက်ခနဲလင်းသွားရ၏။ အကြောင်းမှာမူ . .

"လာပြီ . . ငါ့နတ်သမီးလေး ရောက်လာပြီ . . ဇော်ဇော်"

"ဟင် . ."

ဆိုင်ထဲကို အချိုးဆုံးအပြုံး၊ အနုးညံ့ဆုံးခြေလှမ်းတွေနှင့် တစ်လှမ်းချင်းဝင်လာသည့် မြသဇ္ဈာကို မြင်လိုက်ချိန်မှာတော့ ဇော်ဇော်တစ်ယောက် အံ့အားတသင့်ဖြင့် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့်သာ ငေးကြည့်နေမိတော့သည်။

ဇော်ဇော်တင်မက။ သူမ ဆိုင်လေးထဲကို ဝင်လာသည်ကို ဆိုင်ထဲရှိ စားသုံးသူတွေရော ဝန်ထမ်းတွေပါ အံ့သြတကြီး ငေးမျှော်



www.burmeseclassic.com

www.burmeseclassic.com



မှင်တက်သွားကြရသည်။

ဟုတ်ကဲ့ ‥ သူမအလှသည် အဲသလောက် ခမ်းနားလှ၏။

''လာ ‥ သဇ္ဈာ ဒီမှာထိုင် ‥''

လင်းဝေက ခုံတစ်ခုံကို နေရာပေးရင်း ခရီးဦးကြိုပြုလိုက်သည်။ နောက်လှပသောအပြုံးတစ်စနှင့်အတူ စကားအချို့ကို စတင်လာ၏။

''Sorry ပဲ ကိုရယ် ‥ လမ်းမှာ ကားတွေ အရမ်းပိတ်နေတာနဲ့ သဇ္ဈာ နည်းနည်းလေး နောက်ကျသွားတယ်''

ဇော်ဇော်ကတော့ သူ့ကိုတစ်လှည့်၊ သူမကို တစ်လှည့်ကြည့်ကာ အသက်ရှူဖို့ မေ့လျော့နေသူတစ်ယောက်လိုသာ အေးစက်ငြိမ်သက်နေလေ၏။

''သဇ္ဈာ ‥ ဘာစားမလဲ ‥ မှာလေ ‥''

ဝိတ်တာလေး ရောက်လာချိန်မှာတော့ သူမ မှာတာတွေကိုကြားပြီး ဇော်ဇော်တစ်ယောက် ပြုံးလက်စမျက်လုံးတွေ ထပ်ပြူးသွားခဲ့ရ၏။

''မောင်လေးရေ ‥ မမကို စတော်ဘယ်ရီ (၂) ခွက်၊ အသားညှပ်ဘာဂါ လေးလုံးနဲ့ ကြေးအိုးကြက်နဲ့တစ်ပွဲ ပေးပါ''

သူမမှာပြီးမှ လင်းဝေက မျက်လုံးအပြူးသားဖြစ်နေသောဇော်ဇော့်ကို ဟန်မပျက်ရန် လက်တို့ သတိပေးပြီး မိတ်ဆက်ခြင်းကိုစတင်၏။

''ဟော့ကောင် ‥ ဇော်ဇော် ‥''

''ဟာ ‥ ဟင် ‥''



''မင်းကွာ ‥ ငါပြောမထားဘူးလား ‥ ငါ့ကောင်မလေး ဘယ်လောက်ချော ဘယ်လောက်လှတယ်ဆိုတာ ‥ အခုတော့ ငုတ်တုတ်မေ့သွားပြီမို့လား ‥‥ ပြောပါဦး ‥‥ ငါ့ကောင်မလေး လှရဲ့ရလား''

လင်းဝေက သူမကို အချစ်ရည်လဲ့နေသော အကြည့်တချို့နှင့်ပြောတော့ သူမက ဆယ့်ခြောက်နှစ်မလေးလို ရှက်၍ ခေါင်းငုံ့သွား၏။

ဇော်ဇော်ကတော့ ‥

''ဪ ‥ အေး ‥ လှ လှပါတယ် ‥ တော်တော်ကို လှပါတယ် ‥ တကယ်ကို နတ်သမီးရှုံးလောက်အောင် လှပါတယ်''

ဇော်ဇော်၏ အရွဲ့စကားကို လင်းဝေက အတည်ထင်ကာသဘောတကျပြုံးနေပြီး ‥

''အဟဲ ‥ ဒီလိုပဲ ဖြစ်ရမယ်လေကွာ ‥ ဇော်ဇော် ‥ ဒါ ငါ့ချစ်သူ မြသဇ္ဈာ ‥ သဇ္ဈာ ‥ ဒါကတော့ ကိုယ်ပြောပြောနေတဲ့ကိုယ့်ရဲ့အချစ်ဆုံးသူငယ်ချင်း ဇော်ဇော်''

''ဟုတ် ‥ တွေ့ရတာ ဝမ်းသာပါတယ် ကိုဇော်ဇော်''

''ဟုတ်ကဲ့ဗျ ‥ ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျာ''

ထိုအချိန်မှာပဲ သူမမှာထားသော စားသောက်ဖွယ်ရာတွေရောက်လာခဲ့၏။ လင်းဝေက ‥

''သဇ္ဈာ ‥ စား ‥ ဇော်ဇော် မင်းလည်း ဘာမှ အားမနာနဲ့နော် ‥ လိုအပ်ရင် ထပ်မှာ''

''အေးပါကွာ ‥''

''သဇ္ဈာကတော့ ဆွဲပြီကိုရေ ‥ ဗိုက်က ဆာနေတာနဲ့အပြီး''



www.burmeseclassic.com

www.burmeseclassic.com



သဥ္ဇာကတော့ ပြောပြောဆိုဆိုပင် ‥ ကြေးအိုးကို အားရပါးရ ဆွဲနေပြီဖြစ်၏။ ဆယ်မိနစ်ခန့် ကြာချိန်မှာတော့ ကြေးအိုးတစ်ပွဲက ကုန်သွားပြီဖြစ်သည်။ ဆက်တိုက်ဆိုသလို သူမလက်က အသားညှပ် ဘာဂါတစ်လုံးကို ကောက်ကိုင်လိုက်သည်။ စတော်ဘယ်ရီဖျော်ရည်ကို လည်း သောက်လိုက်သေး၏။

သူမ၏ စားသောက်ပုံကို ကြည့်ပြီး မျက်လုံးပြူးသထက် ပြူး လာသည့် ဇော်ဇော်ကို လင်းဝေက ‥

"သဥ္ဇာက ‥ မိန်းကလေးဆိုပေမဲ့လေ ‥ ကျန်းမာရေးကောင်း တော့ ငါတို့တွေထက် စားနိုင်သောက်နိုင်တယ်ကွ"

"ဩော် ‥ အေး ‥ အေးပါကွာ"

သူမကလည်း အရှက်ပြေပဲလား အတည်ပဲလား မသိ ဝင်ပြော သေး၏။

"အဟီး ‥ အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ် ‥ ကိုတို့လည်း စားကြလေ ‥ သဥ္ဇာ့ကို ဘာလို့ ထိုင်ကြည့်နေ တာလဲ"

"လုလို့ပေါ့ သဥ္ဇာရယ် ‥ ကိုယ်ကလေ ဘာမှမစားလည်း သဥ္ဇာ့မျက်နှာလေးကို ကြည့်နေရုံနဲ့ ဗိုက်က အလိုလိုပြည့် လာပြီးသားပါ"

"ကိုကလေ ‥ အရမ်းပိုတာပဲ ‥ သိလား"

အရမ်း တော်ကီတွေကြွယ်နေသည့် လင်းဝေကို တစ်လှည့်၊ ပဲအာလွန်များပြီး အမူလွန်နေသည့် သဥ္ဇာကိုတစ်လှည့်ကြည့်ပြီး ဇော်ဇော် တစ်ယောက် မသိမသာ နှာခေါင်းရှုံ့လိုက်မိသည်။





ထိုစဉ်မှာပဲ ‥

"ဝုန်း ‥"

"ဟင် ‥"

"အို ‥"

"ဟာ ‥"

အဖြစ်အပျက်က မြန်ဆန်လွန်းပါသည်။ ကြာမြင့်ချိန် တစ် စက္ကန့် ‥ နှစ်စက္ကန့် ‥ သုံးစက္ကန့်။ ပြီးနောက် ‥

"ခွီ ‥ ခွီ ‥ ခွီ"

"ဟား ‥ ဟား ‥ ဟား"

"‥‥‥"

"သဥ္ဇာ ‥"

"အား ‥ ကျွတ် ‥ ကျွတ်"

ရုတ်တရက် ‥ သဥ္ဇာထိုင်နေသောခုံ ကျိုးကျ၍သွားသည်။ အဖြစ်အပျက်ကို တွေ့ပြီး တစ်ဆိုင်လုံး ရယ်ကုန်ကြသည်။

လင်းဝေအတွက် ပထမတစ်ကြိမ် အတွေ့အကြုံရှိပြီးသူမို့ သူမကို အရင်ပြေးထူပြီး တခြားခုံမှာ ထိုင်ခိုင်းစေသည်။ နောက် ‥ အနားမှာ ကြိတ်ရယ်နေသော စိတ်တာတစ်ယောက်ကို မျက်နှာထား တည်တည် လေသံမာမာဖြင့် ပြောပစ်လိုက်သည်။

တစ်ခါတရံမှာ လူတွေဟာ အချစ်အတွက် သူရဲကောင်းတွေ ဖြစ်သွားကြသည် မဟုတ်ပါလား။

"မင်းတို့ဆိုင်က ဝန်ဆောင်မှုတွေ ပေါ့လျော့လှချည်လား"

"ဗျာ ‥"



www.burmeseclassic.com

www.burmeseclassic.com



"မပျာနဲ့ ။ အခု ခုံကျိုးကျတာ မင်းတို့အမြင်ပဲလေ ။ ခုံတွေရဲ့ ကြံ့ခိုင်မှုကို စစ်လေ ။ မကောင်းရင် အသစ်လဲထား ကြပေါ့ ။ အခုတော့ကွာ"

"ဟို ။ ကျွန်တော်တို့ဆိုင်ထဲက ခုံတွေအားလုံးကို အရင် အပတ်ကမှ သူဌေးက အားလုံး အသစ်လဲပေးထားတာပါ ။ အားလုံး အသစ်တွေပါ ။ အခု ကျိုးကျတာက ခုံရဲ့ ခံနိုင်ဝန်နဲ့ ဝိတ်နဲ့ မမျှလို့ အခုလို ဖြစ်သွားတာပါ အစ်ကို"

စားပွဲထိုးလေးအပြောကြောင့် လင်းဝေတစ်ယောက် ပိုမို ဒေါသဖြစ်သွားပြီး ။

"ဘာကွ ။ ခံနိုင်ဝန်နဲ့ ဝိတ်နဲ့ မမျှလို့ ဟုတ်လား ။ ဒီခုံပေါ်ကို ဒီခန္ဓာကိုယ်လေးနဲ့ထိုင်တာ ကျိုးစရာလားကွ"

မြသဥ္စာမျက်နှာ ပိုနီသွားသည်။ ဆိုင်ထဲကလူတွေ ပြုံးစိစိဖြစ် ကုန်ကြသည်။

သူ့စကားမှာ မည်သည့်ရယ်စရာမှ မပါဘဲနှင့် ရယ်ချင်သလို ပုံစံ လုပ်နေသော စားပွဲထိုးလေးကို သူ ထပ်ပြောပစ်လိုက်၏။

"ဟေ့ကောင် ။ မင်းက ကာစတန်မာကို ဂရုမစိုက်သလို အထာ လုပ်နေတာလား Customer Right နော် ။ ငါ အခု ချက်ချင်း မင်းတို့သူဌေးကို ဖုန်းဆက်လိုက်ရင် မင်း ဘာဖြစ် သွားမယ်ထင်လဲ"

"ဟုတ်ကဲ့ပါ ။ ကျွန်တော် မလေးမစား လုပ်တာလည်း မဟုတ် ပါဘူး ။ ဒါပေမဲ့ဗျာ ။ ဟား ။ ဟား ။ ဟား"

စားပွဲထိုးလေးက ပြောနေရင်းဖြင့် သဥ္စာကို တစ်ချက်ကြည့်





ကာ စိတ်မထိန်းနိုင်တော့ဘဲ ဝါးလုံးကွဲသား ရယ်ပစ်လိုက်လေတော့ ၏။ စားပွဲထိုးလေးက စရယ်တော့ တစ်ဆိုင်လုံးပါ တဟားဟား ထရယ်ကုန်ကြသည်။

"ဟား ဟား ။ ဟား ။"

ရုတ်တရက်ရယ်သံတွေကြောင့် သူ တဒင်္ဂ ကြောင်သွား သည်။

ဘာဖြစ်ကြတာလဲ ။ ငါ ဘာမှားလို့လဲ ။ ငါ့စကားက ရယ်စရာ ဘာပါနေလို့လဲ။ တစ်ရှက်က နှစ်ရှက်သုံးရှက်ဖြစ်လာမည် စိုးသော သဥ္စာက ။

"လာပါ ကိုရယ် ။ ပြန်ကြရအောင်ပါ ။"

"ဟာ ။ မင်းတော်တော် လူပါးဝတဲ့ကောင်ပဲ ။ ငါနဲ့ တွေ့တော့မယ်"

ဒေါသထွက်လာပြီမို့ သဥ္စာ့စကားကို မကြားနိုင်တော့ စားပွဲ ထိုးကို သူ လက်ပါ ပါဖြစ်တော့မည်။ အခြေအနေကို သဘောပေါက် သည့် ဇော်ဇော်က လင်းဝေကို တွဲရင်း ။

"တော်ပြီ သူငယ်ချင်း ။ ပြန်ကြရအောင် ။"ဟုဆိုကာ အတင်းဆွဲခေါ်လိုက်၏။ သို့မှ စားပွဲထိုးလေးလည်း အရယ်ရပ်သွား သည်။

နောက် လင်းဝေတို့ ဆိုင်အပြင်ကို ထွက်သွားမှ ထိုစားပွဲထိုး လေးက မချိမချဉ်မျက်နှာပေးနှင့် စကားတစ်ခွန်း ထပြောသည်။

ထိုစကားကိုကြားပြီး တစ်ဆိုင်လုံး ဝါးလုံးကွဲရယ်သံတွေနှင့် ရယ်မောကြလေ၏။ ထိုစားပွဲထိုးလေး၏ စကားမှာ ။



www.burmeseclassic.com

www.burmeseclassic.com



''ဒီခုံပေါ်ကို ဒီခန္ဓာကိုယ်လေးနဲ့ထိုင်တာ ကျိုးကျစရာတဲ့လား တဲ့ . . အဟီး''

''ဟား . . ဟား . . ဟား''

''ဟား . . ဟား''

ဘာကြောင့် သူတို့တွေ သဘာတကျရယ်ကုန်ကြပါသလဲ။ အကြောင်းအရာက ဘာလဲ . .။

ဟုတ်ကဲ့ . . ထိုရယ်သံတွေရဲ့ နောက်ကွယ်မှာ အမှန်တရား အချို့ ပျော်ဝင်နေ၏။

ထိုအမှန်တရားဟာ ဘာများပါလိမ့် . . .။

■





(M)

"Miss You" ဟု အမည်ရသော ကော်ဖီဆိုင်လေးထဲကို လင်းဝေ ရောက်နေသည်။ ဆိုင်လေးက သန့်ရှင်းသပ်ရပ်ပြီး အေးချမ်း တိတ်ဆိတ်၏။ ဆိုင်အခင်းအကျင်းအားလုံးကို မှန်တွေဖြင့်သာ ဖွဲ့စည်း ထား၏။

မှန်နံရံသာ ခြားသော တစ်ဖက်တွင် Gym ကစားရာခန်းမ တစ်ခုလည်း ရှိ၏။ ထိုဆိုင်ကလေးထဲကနေ အားလုံးကို မြင်နေရ၏။

သူ Gym ကစားနေသော လူအချို့ကို ငေးကြည့်ပြီး စိတ်ပျက် လက်ပျက်နှင့်လည်း တွေးနေမိသည်။

အခုတစ်လော သူပဲ ကံနိမ့်နေတာလား။ ခေတ်ကြီးကပဲ လိုက်မမီနိုင်အောင် တိုးတက်ပြောင်းလဲနေတာလား။ သူ သေချာ မပြောတတ်ပါ။ သေချာသည်ကတော့ သူ အခုတစ်လော တွေ့ရ ကြုံ မြင်ရ၊ ကြားရတာတွေ ဘာတစ်ခုမှ သိပ်အဆင်မပြေလှ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ‥ အခုလည်း မြင်ကွင်းက သိပ်အချိုးမပြေလှ။ Gym ကစားတယ်ဆိုတာ အမျိုးသားတွေ ခန္ဓာကိုယ်ပေါ်လွင်အောင်၊ အမျိုးသမီးတွေ ခန္ဓာကိုယ် ထိန်းသိမ်းရန် ကစားသော နေရာတစ်ခုပါ။

အခုတော့ ‥ Gym ဆော့နေတာ အခြောက်တွေ။ ကောင်းကြသေးရဲ့လား။ ကြည့်ရင်းနဲ့ကို အတော် စိတ်ပျက်လာမိသည်။ ဝိတ်မနေတဲ့ အခြောက်တွေကို ကြည့်ပြီး သူ အတော်အာရုံနောက်နေမိသည်။

တစ်လောကလည်း ဘီယာဆိုင်မှာ အခြောက်စားပွဲထိုးတွေနှင့် ဆုံခဲ့ရပြီးပြီ။ သဏ္ဍာနှင့်တွေ့တော့လည်း ပြဿနာတွေ အမျိုးမျိုးကြုံခဲ့ရသည်။ ယခုလည်း ညက ဖုန်းဆက်ပြီး သဏ္ဍာနဲ့ကိစ္စအတွက် အရေးတကြီးစကားပြောရန် ရှိသည်ဆို၍ ဟိုကောင် ဇော်ဇော်ချိန်းသော ဒီဆိုင်ကို ရောက်လာခဲ့ရသည်။ ယခုထိ ဒင်းက မရောက်လာသေး။

ဇော်ဇော် ငါ့ကို ဘာပြောချင်လို့ ဖုန်းထဲက မပြောဘဲ လူချင်းတွေ့ပြီး ပြောချင်ရတာလဲ။ သဏ္ဍာက ဘာဖြစ်လို့လဲ။

သူတွေးပေမဲ့ အဖြေရှာမရပါ။ ထိုအချိန်မှာပဲ ဇော်ဇော်တစ်ယောက် ဆိုင်လေးထဲကို ရောက်လာခဲ့ပြီဖြစ်သည်။ ကော်ဖီတစ်ခွက် မှာပြီးချိန်မှာတော့ သိလိုစိတ် ပြင်းပြနေသော သူ့ဘက်မှ စကားကို စတင်ဖြစ်လိုက်သည်။

''ကဲ ‥ ပြောစမ်းပါဦး ‥ ငါ့ကို တကူးတက ဖုန်းဆက်ချိန်းရတဲ့အကြောင်း''

''ပြောမှာပေါ့ကွာ ‥ ပြောချင်လို့လည်း ‥ ငါ ချိန်းလိုက်တာပေါ့''

''အေး ‥ အဲဒါဆိုလည်း ပြောတော့ကွာ''





သူ့စကားဆုံးတော့ ဇော်ဇော်က သူ့ကို သေချာကြည့်[redacted] ပြီးမှ လေသံမှန်မှန်ဖြင့်ပြော၏။

''အေး ‥ ပြောမယ် ‥ ဒါပေမဲ့ မပြောခင် ‥ မင်းကို ငါ ပြတ်ပြတ်သားသားမေးစရာတစ်ခုရှိတယ်''

''မင်းက ဘာမေးမလို့လဲ ‥ မေးလေ''

ဇော်ဇော့်မျက်နှာ အနည်းငယ် တည်သွားသည်ဟု သူထင်[redacted]

''သဏ္ဍာက မင်းရဲ့ချစ်သူဆိုတာ တကယ်ပဲလား ‥ ဒါမှမဟုတ် မင်း နောက်နေတာလား ‥ လင်းဝေ''

''ဟာ ‥ ဒါ နောက်စရာမှ မဟုတ်တာ ‥ တကယ်ပေါ့ဟ ‥ သဏ္ဍာက ငါ့ချစ်သူလေ ‥ နေပါဦး ‥ မင်းက ငါ့ကို ဘာလို့ အဲလိုမေးနေတာလဲ''

''မင်းပါးစပ်ကပြောတဲ့ အတည်ပြုချက်ကို ယူချင်လို့ပါ''

ဇော်ဇော် သူ့ကို လာနောက်နေတာတော့ လုံးဝမဖြစ်နိုင်ပါ။ သို့ကြောင့် သူလည်း အတည်အတန့်ပဲ ဖြေပေးလိုက်၏။

''ဟုတ်တယ် ‥ သဏ္ဍာက ငါအရမ်းချစ်ရတဲ့ ငါ့ချစ်သူပဲ''

''ဟုတ်ပြီ ‥ ဒါဆိုရင် သဏ္ဍာနဲ့ပတ်သက်ပြီး ငါမင်းကို မေးစရာတွေရှိလာသလို ပြောစရာတွေ ရှိလာတယ် ‥ ဒါတွေကို မင်း သိထားပြီးသားလည်း ဖြစ်ချင်ဖြစ်မယ် ‥ သိချင်မှလည်း သိဦးမယ် ‥ ဒါပေမဲ့ ငါကတော့ မင်းသူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောစရာမေးစရာရှိတာတွေကို မေးရ ပြောရဦးမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားတွေက ဘာတွေလဲကွာ ‥ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"ဟုတ်ပြီ ငါစမေးမယ် ‥ မင်း The Top Company မှာ အလုပ်လုပ်တယ်ဆိုတာ မြသဉ္ဇာသိလား ‥ လင်းဝေ"

သူ ဇော်ဇော့်ဆိုလိုရင်းကို ခုထိ သဘောမပေါက်သေးပေမဲ့ ဖြေပေးလိုက်ပါသည်။

"အင်း ‥ ငါပြောပြထားလို့ သူသိပါတယ် ‥"

"အိုကေ ‥ ဒါဆို ငါ ထပ်မေးမယ် ‥ သဉ္ဇာဟာ ဘယ်သူ့သမီးလဲဆိုတာကို မင်း သိလား"

ရုတ်တရက် ထင်မှတ်မထားခဲ့မိသော မေးခွန်းမို့ သူ တစ်ချက်ကြောင်ငေးသွားသည်။ ပြီးမှ သူ အမှန်အတိုင်း ဖြေပေးလိုက်သည်။

"အမှန်အတိုင်းပြောရရင် ငါမသိဘူး သူငယ်ချင်း ‥ ပြီးတော့ ငါလည်း တစ်ခါမှ မေးမကြည့်ဖူးဘူး ‥ ကုန်ကုန်ပြောမယ်ကွာ ‥ သူ့နာမည်ရယ် ‥ သူ့ဖုန်းနံပါတ်ရယ်ကလွဲရင် ငါ သူ့အကြောင်း ဘာမှမသိဘူး ‥ မေးလည်း မမေးဖူးဘူး ‥ သူ့အိမ်လိပ်စာတောင် ငါမသိဘူး ဇော်ဇော် ‥ ဒါနဲ့ ဘာဖြစ်လို့လဲ သူငယ်ချင်း"

ဇော်ဇော်က ချက်ချင်းမဖြေသေးဘဲ သူ့ကို စူးစမ်းသလို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေ၏။ သူ့အထင် ဇော်ဇော့် အကြည့်တွေ တစ်မျိုးဖြစ်နေသည်ဟု ထင်သည်။ ဘာမှန်းတော့ သူလည်း မပြောတတ်။

"ထားပါတော့လေ ‥ ဒါဆို အခု မင်းသိအောင် ငါ သေချာ





ပြောပြမယ် ‥ မြသဉ္ဇာဟာ ငါတို့ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးမြသွင်ရဲ့ တစ်ဦးတည်းသောသမီးပဲ လင်းဝေ"

"ဘာ ‥"

သူတကယ်ပဲ အံ့အားသင့်မိသွားသည်။ သူ့ခေါင်းထဲမှာလည်း ဇော်ဇော့်အကြည့်တွေနှင့်အတူ မေးခွန်းများစွာ ပြေးလွှားသွား၏။

"ဟုတ်တယ် လင်းဝေ ‥ ငါတို့သူဌေးမှာ အဲ့ဒီသမီးလေး တစ်ယောက်ပဲ ရှိတာ ‥ မိတဆိုးသမီးလေးဆိုပြီး သူဌေးက သိပ်အလိုလိုက်ပြီး သိပ်ချစ်တာကွ"

"ဇော်ဇော် ‥ သေချာလို့လားကွာ ‥ ဟုတ်ရော ဟုတ်လို့လား ‥ သူဌေးမှာ သိပ်ချစ်ရတဲ့ သမီးတစ်ယောက်ရှိတယ်ဆိုတာတော့ ငါ ကြားဖူးပါတယ် ‥ ဒါပေမဲ့ သဉ္ဇာဟာ သူဌေးသမီး ဖြစ်နေတယ်ဆိုတာ ငါ လုံးဝမသိခဲ့ဘူး ‥ ဒါနဲ့ ငါတောင်မသိတဲ့ ကိစ္စကို မင်းက ဘယ်လိုသိနေခဲ့တာလဲ ဇော်ဇော်"

ဇော်ဇော်က မပွင့်တစ်ပွင့် တစ်ချက်ပြုံးလိုက်သေးသည်။ သူ့အပြုံးက လင်းဝေကို သရော်သလိုထင်ရ၏။

"ငါ ဘယ်လိုသိရလဲဆိုတော့ ‥ တစ်ရက်မှာ သူဌေးက ငါ့ကို ရုံးရှေ့ထွက်ပြီး အိမ်မှာ အရေးကြီးတဲ့ File တစ်ခု အိမ်မှာ ကျန်ခဲ့လို့ သူ့သမီးကို လာပို့ဖို့ ဖုန်းဆက်ထားတယ် ‥ လာရင် သွားယူဖို့ခိုင်းတယ် ‥ အဲ့ဒီရက်က မင်း ရုံးမတက်ဘူး ‥ မင်း ခွင့်တင်ထားတဲ့ရက်တွေထဲက တစ်ရက်ပေါ့ကွာ ‥ အဲ့ဒီမှာ ငါ Fileထွက်ယူရတယ်။ တစ်ခါမြင်ပြီးရင် ဘယ်တော့မှ မမေ့နိုင်တော့တဲ့ သဉ္ဇာ့ပုံကို ငါ မင်းမိတ်ဆက် ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com

နေ့က ချက်ချင်း ပြန်မှတ်မိလိုက်တယ်။ သူကတော့ ငါ့ကို မှတ်မိပုံ မပေါ်ဘူးလေ''

''ဟာ . . ဒါဆို သဏ္ဍာက တကယ်ပဲ ငါတို့သူဌေးရဲ့ သမီးပေါ့ . . သူ . . သူဒါဆိုရင် ငါက သူ့အဖေကုမ္ပဏီက ဝန်ထမ်း တစ်ယောက်ဆိုတာကို သိရဲ့သားနဲ့ ငါ့ကို ဒီအကြောင်းတွေ ဘာကြောင့် ပြောမပြခဲ့တာလဲ''

ဇော်ဇော်က သူ့ကိုကြည့်ပြီး 'ဟက်'ခနဲ တစ်ချက်ရယ်လိုက်သေးသည်။ ပြီးမှ . .

''ငါမေးချင်တယ်ဆိုတာကလည်း ဒါပဲ လင်းဝေ . . မင်း သဏ္ဍာကို ဘာကြောင့် ချစ်လိုက်တာလဲ''

''ဟောကောင် . . မင်း မေးခွန်းအဓိပ္ပာယ်ကြီးက တစ်မျိုးကြီးနော် . . ငါ ထပ်ပြောမယ် . . ငါသဏ္ဍာ့ကို ငါ့နှလုံးသား အလို အတိုင်း ဖြူဖြူစင်စင် မြတ်မြတ်နိုးနိုး ချစ်ခဲ့တာ . . သူ . . သူဌေးသမီးဆိုတာ အခု မင်းပြောမှသိတာနော်''

ဇော်ဇော်ကတော့ သူ့ကို ပစ်ကွင်းထဲရောက်လာတဲ့ သားကောင်တစ်ကောင်ကို မုဆိုးမျက်လုံးတွေနှင့် စူးစိုက်ကြည့်ပြီး မေးခွန်းများတွေ တရစပ် ပစ်ခတ်လေတော့၏။

''လင်းဝေ . . မင်း တကယ်ပဲ မသိတာလား . . ငါ့ကို အရူး ကွက်တွေ လာနင်းပြနေတာလား . . မင်းသဏ္ဍာ့ကို ရိုးရိုး သားသားချစ်ခဲ့တယ်ဆိုတာ''

''မင်း . . ငါ့ကို ဘာလို့ အဲလိုပြောရတာလဲ ဇော်ဇော် . . တကယ် ငါ ဘာမှ မသိဘူး . . ငါ သူ့ကိုချစ်တယ် . . တကယ်





ငါ ဒါကိုပဲ သိတယ်''

''အေး . . ငါဘာကြောင့် ဒီစကားပြောရသလဲဆိုရင် . . အေးစန္ဒာ ခြေဖျားတောင် မမီတဲ့သဏ္ဍာကို မင်းမပြောနဲ့ ငါ တောင် ရင်ခုန်လို့မရဘူး . . ဒါကို မင်းက ကြွေတယ်ဆိုတော့ ငါ့အတွက် စဉ်းစားစရာပဲ လင်းဝေ''

လင်းဝေ ဇော်ဇော့်မေးခွန်းတွေအောက်မှာ မသောက်ဘဲ မူးနေရသည်။ ဒီကောင်ဘာဖြစ်နေတာလဲ။ ငါ့ကို ဘာပြောချင်နေတာလဲ။

''Love have no eye. . အချစ်မှာ မျက်စိမရှိဘူး သူငယ်ချင်း . . မင်း အေးစန္ဒာကို ရင်ခုန်လို့ရချင်ရမယ် . . ငါ ရင်ခုန်လို့ မရဘူး . . အေး အဲသလိုပဲ . . သဏ္ဍာကို မင်း ရင်ခုန်လို့ မရတာနဲ့ ငါက သဏ္ဍာကို မချစ်ရတော့ဘူးတဲ့လား . . ပြောစမ်း ပါဦး ဇော်ဇော်''

''မင်းစကားကို ငါ လက်ခံတယ် သူငယ်ချင်း . . အခု မင်း ကြိုက်တယ်ဆိုတဲ့ သဏ္ဍာက တော်တော် ဆိုးဆိုးဝါးဝါးဖြစ် နေလို့ ငါပြောရတာပါကွာ''

''ဘာ . . သဏ္ဍာက ဆိုးဆိုးဝါးဝါးဖြစ်နေလို့ ဟုတ်လား . ပြောစမ်းပါဦး သူက ဘာဖြစ်နေလို့လဲ''

''မင်းမြင်တဲ့အတိုင်းပဲလေ . . ဒီလောက် ဆင်ခန္ဓာ ဝက်ကိုယ် လုံးနဲ့ ပုံဆိုးပန်းဆိုးဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို မင်း ဘယ်လိုခံစားချက်နဲ့ ချစ်မိတာလဲ . . မင်းလောက် အလှအပ ကြိုက်တာ မင်းပဲရှိတယ် လင်းဝေ''

''ဘာ ! . . ဒီလောက် မင်းသမီးရှုံးအောင်လှတဲ့ သဏ္ဍာကို



www.burmeseclassic.com

www.burmeseclassic.com



မင်းက ..''

ဝါကျအချို့ လေထုထဲမှာ ရပ်တန့်သွားပြီး သူငယ်ချင်းနှစ်ယောက် မျက်ဝန်းချင်းဆိုင်မိကြ၏။

လင်းဝေ အတွေးထဲမှာတော့ ..

'ဒီကောင် အဓိပ္ပာယ်မရှိတဲ့ စကားတွေ ငါ့ကို လာပြောနေတာ .. ဘာကြောင့်လဲ .. ဒီကောင့်ရည် ရွယ်ချက်ကဘာလဲ .. ငါ့ကို မနာလို ဖြစ်နေတာလား .. ဒါမှမဟုတ် ဒီကောင် သဥ္ဇာ့ကို ကြိတ်ကြိုက်နေတာ များလား'

ဟု တွေးမိနေသလို ဇော်ဇော့်အတွေးထဲမှာလည်း ..

'မဟုတ်သေးဘူး .. ဒီကောင် တစ်ခုခုတော့ ဖြစ်နေပြီ .. လင်းဝေ သူငယ်ချင်း မင်းဘာဖြစ်နေတာလဲ ..'

ဟု စိုးရိမ်စိတ်ဖြင့် တွေးနေလေ၏။

''တော်ပြီ ဇော်ဇော် .. မင်းရဲ့ အရည်မရ အဖတ်မရ စကားတွေကို ငါစိတ်မဝင်စားဘူး .. အခု ငါ့ခေါင်းထဲမှာ သဥ္ဇာ ငါ့ကို ဘာကြောင့် ငါ့အလုပ်ပိုင်ရှင်သမီးဖြစ်တယ်ဆိုတာကို မပြောပြတာလဲဆိုတာကိုပဲ ငါ စိတ်ဝင်စားမိနေတယ်''

''ဒါကတော့ မင်းအပိုင်းပဲ လင်းဝေ .. ငါ့ဘက်ကတော့ မင်းကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောသင့်ပြောထိုက်တာတွေ အားလုံးကို ပြောပြီးပြီ''

လင်းဝေက စိတ်ပျက်လက်ပျက်ပုံစံဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး ဘာရယ်မဟုတ် Gym ကစားတဲ့ဘက်ကို ကြည့်မိသွားပြီး ..





''ကျွတ် .. စိတ်ရှုပ်ပါတယ်ဆိုမှ Gym ဆော့နေတဲ့ အခြောက်တွေက တစ်မျိုး''

သူ့ တီးတိုးစကားကြောင့် ဇော်ဇော် Gym ဆော့နေသော သူတွေကို ကြည့်လိုက်မိသည်။

''ဟင် ..''

နောက် အံ့သြသလိုပုံစံဖြင့် လင်းဝေကို စိုက်ကြည့်နေလိုက်သည်။ ပြီးမှ သေချာမှုတစ်ခုကို အတည်ပြုရန် စကားစလိုက်၏။

''လင်းဝေ .. ဘယ်လိုကွ .. အခြောက်တွေ Gym ဆော့နေတယ် ဟုတ်လား''

''အေးလေ .. ဟိုမှာ မတွေ့ဘူးလား''

သူမေးငေါ့ပြရာသို့ ဇော်ဇော် နောက်တစ်ကြိမ် လိုက်ကြည့်လိုက်မိ၏။

''မဟုတ်သေးပါဘူး .. Gym ဆော့နေတာ အားလုံး အားကောင်းမောင်းသန် ယောကျ်ားတွေချည်းပါပဲ .. အခြောက်တစ်ယောက်မှ မပါပါဘူး''

''သေချာကြည့်ပါဦး .. ငါလည်း အခြောက်နဲ့ယောကျ်ားတော့ ခွဲခြားကြည့်တတ်ပါတယ်ကွာ .. ငယ်ငယ်ရွယ်ရွယ်နဲ့ မင်းအမြင်တွေ မွဲနေပြီ .. ဆေးလေးဘာလေး လိုအပ်ရင် သောက်ဦး .. ကဲ .. ငါတော့ သဥ္ဇာနဲ့ စာရင်းရှင်းစရာတွေ ရှိလာပြီဆိုတော့ လစ်တော့မယ် ဇော်ဇော်''

ပြောပြောဆိုဆို လင်းဝေက သူ့ကို ရှုပ်တည်ကြီးနှင့် မျက်နှာတစ်ချက်ပုတ်ကာ ထထွက်သွားသည်။ ဇော်ဇော့်မှာသာ လင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်ကို အုံ့သြတကြီးငေးကြည့်ရင်းဖြင့် ..

"သေချာပြီ .. ဒီကောင် တစ်ခုခုတော့ ဖြစ်နေပြီ .. Gym ကစားနေတဲ့လူတွေအားလုံး ယောကျ်ားစစ်စစ်တွေပါ .. ဒီကောင် ဘာကြောင့် အခြောက်တွေလို့ မြင်ရတာလဲ .. ဟို တစ်ခါ ဘီယာဆိုင်မှာတုန်းကလည်း ဒီကောင် ဝိတ်တာ ကောင်လေးတွေကို အခြောက်တွေလို့ ပြောတယ် .. ပြီးတော့ ဟိုဖက်တီးမကြီး မြသဥ္ဇာကိုလည်း နုတ်သမီးရှုံးတဲ့ ကောင်မလေးလို့ မြင်နေတယ် .. ဘုရား .. ဘုရား .. ဒီကောင် အမြင်အာရုံတွေ လွဲမှားပြီး ပြောင်းပြန်တွေ မြင်နေကြား နေရတာလား .. ဒါ .. ဘယ်လိုရောဂါမျိုးလဲ .. ငါ ဒီကောင့်ကို ဒါထက် သေချာအောင် စမ်းသပ်ကြည့်ဖို့တော့ လိုလာပြီ .. ဒီကောင့်အမြင်အာရုံတွေ ဘာဖြစ်သွားတာလဲ"

ဟုတွေးရင်း ဇော်ဇော် ခေါင်းကိုသာ သွင်သွင်ခါရမ်းနေမိတော့၏။

■







ကြားသုံးကြားမဝင်နဲ့တဲ့ ..
ဆိုရိုးစကားရှိခဲ့တယ် ..
သားသမီးနဲ့ မိဘကြား၊
ညီအစ်ကိုမောင်နှမတွေကြား၊
ပြီးတော့ ..
လင်မယားနှစ်ယောက်ကြားပေါ့ ...။
တကယ်တော့ မဟုတ်သေးဘူးဗျ ..(တကယ်က)
ကြား လေးကြားရှိခဲ့တာ ..
သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကြားကိုလည်း
မဝင်သင့်ဘူး...။
ဘာကြောင့်လဲဆိုတော့
အဲဒီကြားလေးကြားလုံးမှာ ..
မကောင်းမကွာဘဲ တပူးတတွဲတွဲရှိနေတတ်တာ တစ်ခုရှိသေးတယ်
အဲဒါကတော့ ..
ပြဿနာဆိုတဲ့အရာပဲ ..
ဒါဟာ လောကကြီးထဲက သိပ်မဆန်းကြယ်တဲ့
သဘာဝတရားတစ်ခုပါ ..။
ဒါကို သင်က စေတနာရှေ့ထားပြီး
ကြားထဲကို ဝင်လိုက်ပြီဆိုရင် ..
သေချာပါတယ် ..
သင်ဟာ သဘာဝတရားကြီးကို ဆန့်ကျင်သော
တစ်ယောက်ဆိုတာ လူပြိန်းတစ်ယောက်ဆိုတာ ..



www.burmeseclassic.com

www.burmeseclassic.com



(N)

"ဩော် ‥ ကိုရယ် ‥ သဇ္ဈာ့မှာတော့ ဘာများဖြစ်လို့လဲ လို့ ‥ သဇ္ဈာက ကုမ္ပဏီပိုင်ရှင်ရဲ့သမီး ဖြစ်နေတာ ပြဿနာမှ မဟုတ်တာ ‥ ဒါကို ဘာဒေါသထွက်စရာရှိလို့လဲ"

"ဟာ ‥ ဒါ ဒေါသထွက်စရာပဲလေ ‥ ကိုယ့်ချစ်သူက ဘယ်သူဘယ်ဝါ့သမီးဆိုတာကို သူများပြောမှ သိရတဲ့အဖြစ် ‥ ကဲ ဘယ်လောက်အောက်လိုက်လဲ ‥ တကယ်ဆို ကိုယ့်ကို သဇ္ဈာ ကြိုပြောထားသင့်တယ်"

"နေစမ်းပါဦး ကိုယ်ကရော ‥ သဇ္ဈာ မိသားစုအကြောင်းကို စိတ်ဝင်တစား ဘယ်တုန်းက မေးခဲ့ဖူးလို့လဲ"





"ဒီမယ် သဇ္ဈာ ‥ ကိုယ်ချစ်တယ်ဆိုတာက သဇ္ဈာ့ကို ဘာကာလာမှမပါဘဲ ချစ်တာ ‥ ဘာကိုမှလည်း စိတ်မဝင်စားသလို ဘာကိုမှလည်း မသိချင်ခဲ့ဘူး ထပ်ပြောမယ် ‥ ကိုယ်ချစ်တာ သဇ္ဈာ့ကိုပဲ ‥ ဒါပေမဲ့ ကိုယ် သဇ္ဈာ့အဖေကုမ္ပဏီမှာ အလုပ်လုပ်တယ်ဆိုတာ သဇ္ဈာသိနေတာပဲလေ"

"သဇ္ဈာ ကိုယ့်ခံစားချက်ကို နားလည်ပါပြီ ‥ သဇ္ဈာလည်း ကို့ကို အရမ်းချစ်တာပါ ‥ တကယ်တော့ အချစ်မှာ ဆင်းရဲချမ်းသာတာတွေ၊ ဂုဏ်ပကာသနတွေ မပါဝင်ပါဘူး။ အဓိကက တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်နဲ့ သစ္စာရှိရှိ ချစ်နေဖို့ပဲ လိုတာပါ"

"ကိုယ့်ဘက်ကိုတော့ ရာနှုန်းပြည့် စိတ်ချပါ သဇ္ဈာ ‥ ကိုယ့်ဘဝမှာ သဇ္ဈာ့ကိုပဲ ချစ်ခဲ့ဖူးတယ် ‥ ကိုယ်လက်ထပ်မယ့်လူကလည်း သဇ္ဈာပဲ ဖြစ်စေရမယ် ‥ ကိုယ် ကတိပေးပါတယ်"

"သဇ္ဈာ့အပေါ် ဒီလိုစိတ်မျိုးလေး ထားပေးလို့ ကျေးဇူး တကယ် တင်ပါတယ် ကိုရယ်"

အဆုံးမှာတော့ သူမက သူ့ရင်ခွင်လေးထဲကို တိုးဝင်မှီနွဲ့ပစ်လိုက်သည်။ အခုတော့ လိမ္မော်ရောင်လေလှိုင်းတွေ ချစ်သူနှစ်ယောက်ကြားမှာ မရှိတော့။ သာယာနူးညံ့သော အချစ်သံစဉ်တေးသွားချွေသာ ကခုန်ပျံ့ဝဲကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူမ ပခုံးလေးကို အသာအယာ ပွတ်သပ်ဖက် တွယ်ထားလိုက်ပြီး ..

"မလိုပါဘူး သဥ္ဇာရယ် .. ဖြစ်နိုင်ရင် .. ကိုယ်က သဥ္ဇာနဲ့ တောင် အတူတူနေချင်နေပြီ သိရဲ့လား"

"ဟိုးထား ဆရာကြီး .. အရမ်းမလောနဲ့ဦးလေ .. သဥ္ဇာ့ ဖေဖေကို ဖွင့်မပြောရသေးဘူး .. ဖေဖေ သဘောတူ ခွင့်ပြုပြီ ဆိုတော့မှ .."

"တကယ်လို့များ ဦးက ကိုယ်နဲ့သဥ္ဇာ့ကို မကြည်ဖြူဘူး ဆိုရင် ဘယ်လိုလုပ်မလဲဟင် .. ပြီးတော့ ကိုယ်က သဥ္ဇာ တို့လို ပြီးပြည့်စုံနေတဲ့ အသိုင်းအဝိုင်းထဲကလည်း မဟုတ်ဘူး လေ"

ချစ်သူတွေကြားမှာ မကြာခဏ ရောက်လာတတ်တဲ့ ငွေကြေး ပကာသန ပြဿနာကို သူမ ပါးနပ်စွာပဲ ပုတ်ထုတ်ပစ်လိုက်ပါသည်။

"ဆက်မပြောပါနဲ့တော့ ကိုရယ် .. ဖေဖေ့မှာ အဲလို နိမ့်ကျတဲ့ ခေတ်ဟောင်းအတွေးအခေါ်တွေ မရှိပါဘူး .. ပြီးတော့ ဖေဖေက သဥ္ဇာ့ကို သိပ်ချစ်တာ .. ဘယ်တော့မှ သဥ္ဇာ စိတ် ဆင်းရဲအောင် မလုပ်ဘူး .. ဒီအတွက်ကို စိတ်အေးအေးထား ပါနော် .. သဥ္ဇာ ညကျရင် ဖေဖေ့ကို ဖွင့်ပြောလိုက်တော့မယ် .. ပြီးတော့ ကိုကိုလည်း ဖေဖေက သိထားပြီးသားဆိုတော့ ခေါင်းညိတ်လိုက်မှာ သေချာပါတယ် .. ကိုရယ် .."

"အင်း .. အဲလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ သဥ္ဇာ ရယ်"



ချစ်သူနှစ်ဦး၏ နေ့လယ်ခင်းသည် ယခုတော့လည်း ဆွတ်ပျံ့ ကြည်နူးဖွယ်အတိ ပြီးနေ၏။ တစ်ယောက်ကိုယ်သင်းရနံ့ကို တစ်ယောက် က နမ်းရှိုက်ရင်း တစ်ယောက်ရင်ဘတ်ကို တစ်ယောက် ဖွင့်ဖတ်နေကြ လေ၏။

ထိုနေ့သည် နှစ်ကိုယ်တူအိပ်မက်ကို အခန်းဆက် အသက် သွင်းနေခဲ့သော နေ့တစ်ရက်ဖြစ်ခဲ့သလို ရုံးပိတ်ရက်တွေထဲက တစ်ရက် လည်း ဖြစ်ခဲ့ပါလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၁)

ထက်မြက်လင်းဝေ ..။

ထင်မှတ်မထားသော ပျော်ရွှင်ဖွယ်ရာနေ့တစ်ရက်ကို သူ အမှတ်တမဲ့ ထိုနေ့က ပိုင်ဆိုင်ခွင့်ရလိုက်လေသည်။

ရုံးမှာ သူ စာရင်းဇယားတွေလုပ်နေစဉ် သူဌေးဦးမြသွင်ရောက်လာခဲ့သည်။ ထူးခြားသည်က ရုံးကို တစ်ခါမှ ပါမလာခဲ့ဖူးသည့် မြသဉ္ဇာ တစ်ယောက်ပါ လိုက်လာခဲ့ခြင်းဖြစ်သည်။

ဒီ့အတွက် တစ်ရုံးလုံးက အထူးအဆန်းဖြစ်ကာ သူဌေးသမီး မြသဉ္ဇာကို ထူးခြားသတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေကြသည်။

သူလည်း ရုတ်တရက် အံ့အားသင့်နေမိသည်။ ရုံးခန်းထဲ မဝင်ခင်မှာ မြသဉ္ဇာက နောက်လှည့်ကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြသွားသည်ကြောင့် သူ ပြုံးလိုက်မိသည်။ ဒါကို မြင်သွားပုံရသည့် ဝန်ထမ်းအားလုံးလည်း ပြုံးစိစိ ဖြစ်ကုန်ကြသည်။





ရုက်ကိုးရုက်ကန်းဖြစ်သွားသည့် လင်းဝေတစ်ယောက် ဖော်ဖော်၏ အဓိပ္ပာယ်ဖော်ရခက်သော မျက်ဝန်းတွေကိုလည်း တွေ့ဖြစ်အောင် တွေ့လိုက်မိပါသေးသည်။ သူ အဓိပ္ပာယ်ကို ရှာဖွေ၍ မရခင်မှာပင် ရုံးခန်းထဲက မန်နေဂျာ ဖော်မိုးထွေး ထွက်လာပြီး သူ့ကို သူဌေးက အခေါ်ခိုင်းလိုက်ကြောင်း လာပြော၏။

သူလည်း စိုးရိမ်စိတ် တစ်ဝက်၊ ရင်ခုန်မှုတစ်ဝက်ဖြင့် သူဌေးရုံးခန်းထဲကို လိုက်ဝင်သွားသည်။ အထဲကိုရောက်တော့ သူဌေးက စတင်ခရီးဦးကြိုပြုပြီး ပြော၏။

"အေး .. လာကွာ .. မောင်လင်းဝေ .. ထိုင်"

"ဟုတ်ကဲ့ .. ဦး"

သူ မျက်နှာချင်းဆိုင် ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ သဉ္ဇာကတော့ သူဌေးဘေးက ခုံတစ်လုံးမှာ ပြုံးစစနှင့် ထိုင်နေ၏။

"ကဲ .. မောင်လင်းဝေ .. အန်ကယ့်သမီးကတော့ ညက မောင်လင်းဝေနဲ့ မေတ္တာမျှနေတဲ့အကြောင်းကို ပြောပြတယ်ကွ .. အဲဒါ .. အခု မောင်လင်းဝေနဲ့ပါ ပြောဖို့ လိုအပ်လာလို့ အန်ကယ် တမင်ခေါ်တွေ့တာပါ"

ပွင့်လင်းရိုးရှင်းသော သူဌေး ဦးမြသွင်စကားကို သူ ခပ်မြန်မြန်ပဲ ပြန်ဖြေပေးလိုက်သည်။

"ဟုတ်ပါတယ် ဦး .. ကျွန်တော်နဲ့ သဉ္ဇာနဲ့ မေတ္တာမျှနေကြပါတယ်"

"ဟုတ်ပြီ .. ဒီတော့ အန်ကယ့်ဘက်က ထွေထွေထူးထူးဘာတစ်ခုမှတော့ ပြောစရာမရှိဘူး .. မောင်လင်းဝေရဲ့ နိုး

www.burmeseclassic.com



ဖြောင့်မှုကိုလည်း အန်ကယ် သိထားပြီးသား ‥ ဒါပေမဲ့ အန်ကယ့်ဘက်က မောင်လင်းဝေကို လေးလေးနက်နက် တောင်းဆိုစရာ တစ်ခုတော့ ရှိတယ်''

''ဟုတ်ကဲ့ ‥ ပြောပါဦး''

''ဒီလိုကွ ‥''

ဟုဆိုကာ သူဌေးက သူ့ပါဝါမျက်မှန်ကို ချွတ်ပြီး စားပွဲပေါ် တင်လိုက်သည်။ ပြီးမှ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြော၏။

''အန်ကယ့်မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတယ် ‥ မိတ်ဆိုး သမီးလေးမို့ ရှိသမျှအချစ်တွေ အကုန်ပုံအပ်ပြီး ချစ်ထားတာ ‥ အခု မောင်လင်းဝေနဲ့ကိစ္စမှာလည်း သမီးလေး စိတ်ချမ်း သာမှုတစ်ခုအတွက်နဲ့ပဲ အန်ကယ့်ဘက်က သဘောတူ ကြည်ဖြူပေးထားတယ် ‥ အခု အန်ကယ်ကလည်း အသက် ကလေး ရပြီဆိုတော့ အလုပ်တွေကို နားချင်ပြီ ‥ သမီးလေးကို စိတ်ချနေချင်ပြီ''

''ဦးရဲ့ သဘောထားကို ကျွန်တော် နားလည်ပါတယ် ‥ ကျွန်တော့်ကို ကိုယ့်သားသမီးတစ်ယောက်လို သဘောထား ပြီး ဦးဖြစ်ချင်တဲ့ ဆန္ဒကို ပွင့်ပွင့်လင်းလင်းသာ ပြောပါဦး''

''ပွင့်ပွင့်လင်းလင်းပြောရရင်တော့ကွာ ‥ သမီးလေးသဉ္ဇာကို အန်ကယ်မောင်လင်းဝေနဲ့ စိတ်ချလိုက်ချင်တယ် ‥ အဓိက က သမီးလေးကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ စိတ်ချမ်း ချမ်းသာသာ ထားပေးဖို့ပါပဲ ‥ စေ့စပ်ပွဲကိစ္စ၊ မင်္ဂလာပွဲကိစ္စ တွေလည်း အန်ကယ့်ဘက်က အားလုံး အစစအရာရာ

တာဝန်ယူပေးမယ် ‥ သမီးလေးနဲ့ လက်ထပ်ပြီးရင်လည်း အန်ကယ့်အိမ်မှာပဲ လိုက်နေပြီး အန်ကယ့်ရဲ့ ကုမ္ပဏီကို မောင်လင်းဝေပဲ ဆက်လက် ဦးဆောင်လုပ်ကိုင်စေချင်တယ် ‥ ဦးကို ကတိတစ်ခုပဲပေးပါ ‥ သမီးလေးကို ဘယ်လိုဘယ် အကြောင်းနဲ့မှ စိတ်ဆင်းရဲအောင် မထားပါဘူးဆိုတဲ့ ကတိပဲ မောင်လင်းဝေ''

သဉ္ဇာကတော့ ဒီပွဲမှာ နားထောင်ပေးသူသက်သက်အဖြစ် သာ ရှိနေသည်။

''အားလုံးအတွက် ကျွန်တော့်ကို စိတ်ချယုံကြည်နေပါပြီး ‥ ကျွန်တော် သဉ္ဇာကို အမြဲတမ်း စိတ်ချမ်းသာအောင် ထားမှာ ပါ ‥ ကျွန်တော့်ကြောင့် သူ ဘယ်တော့မှ စိတ်မဆင်းရဲစေရပါ ဘူးလို့ ဦးကို ကျွန်တော် ကတိပေးပါတယ်''

''ဒီစကားကြားရတာ အန်ကယ် တကယ်ဝမ်းသာတယ် မောင်လင်းဝေ ‥ ကဲ ‥ အဲဒီတော့ မောင်လင်းဝေနဲ့ သမီး လေးတို့ပဲ လူငယ်ချင်း ဆွေးနွေးပြီး စေ့စပ်ပွဲကို ဘယ်ရက်မှာ လုပ်မယ်ဆိုတာကို စီစဉ်ကြပေါ့ ‥ အန်ကယ့်ဘက်ကတော့ အားလုံး Welcome ပဲ''

စကားအဆုံးမှာတော့ အပြုံးမျက်နှာ (၃) ခု အကြည့်ချင်းဆုံ ရယ်မောသံများဖြင့် အနားသတ်ကာ ‥ ဆွေးနွေးမှုကို တစ်ခန်းရပ်လိုက် ကြ၏။

တစ်နေ့လုံးအလုပ်ထဲမှာ လင်းဝေတစ်ယောက် တပြုံးပြုံးဖြင့် တက်ကြွနေ၏။ မကြာခဏဆိုသလို ဖော်ဖော် သူ့ကို နိုးကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သတိထားမိနေ၏။ ဘာပဲဖြစ်ဖြစ် သူပျော်နေပါသည်။ သူနှင့် သဉ္ဇာတို့ အချစ်ခရီးလမ်းက ဖြောင့်တန်းနေခဲ့ပြီ မဟုတ်ပါလား။

ရုံးဆင်းတော့ ထင်ထားသည့်အတိုင်း ဇော်ဇော် သူ့ကို စကား လာစ၏။

''လင်းဝေ ‥ မင်းကို သူဌေးက ဘာခေါ်ပြောတာလဲ''

''ဘာပြောစရာရှိလဲကွာ ‥ ငါနဲ့ သဉ္ဇာနဲ့ကိစ္စပဲပေါ့ ‥ ငါ ထင်တောင် မထားဘူးကွာ ‥ ယောက္ခမကြီးက ငါနဲ့ အခုလို ကြည်ဖြူမယ်လို့ ‥ အင်း ဒီလိုကျတော့လည်း လောကကြီးက ကျေနပ်စရာ ကောင်းသား''

''မင်း အဆင်ပြေလို့ ငါ ဝမ်းသာပါတယ် သူငယ်ချင်း ‥ ဒါပေမဲ့ ‥ ငါ နားမလည်နိုင်တာတစ်ခုတော့ ရှိတယ်ကွ''

သူ ဇော်ဇော့်ကို ဘုရှိုး တစ်ချက်ရှုံ့ပြီး မေးလိုက်သည်။

''ဘာကို နားမလည်ရပြန်တာလဲ''

''ဒီလိုကွာ ‥ မင်း ဘယ်လိုစိတ်ခံစားချက်နဲ့များ သဉ္ဇာလို ဖက်တီးမကြီးကို ရူးရူးမူးမူး ချစ်မိသွားရတာလဲ''

သူ ဒီတစ်ခါတော့ ဇော်ဇော့်ကို သူတစ်ခါမှမမြင်ဖူးသည့် ကမ္ဘာဦး သတ္တဝါတစ်ကောင်လို ငေးကြည့်လိုက်ပြီး ‥

''ဟာ ‥ သဉ္ဇာက မင်းပြောသလောက်ကြီးလည်း မဆိုးပါဘူးကွာ ‥ ဂစ်တာရှိတ်နဲ့ စလင်းဘော်ဒီလေးပါ ‥ ဘာလဲ ‥ မင်း ငါနဲ့ သဉ္ဇာကို ၂ဝင်နေတာလား''

သူ့စကားဆုံးတော့ ဇော်ဇော်က သူ့ကို သူအထူးအဆန်း တစ်ယောက်လို ကြည့်သလိုမျိုး ပြန်ကြည့်၏။ ပြီးမှ ‥





''ပြောရဲလိုက်တာ လင်းဝေရာ ‥ မင်း နေတော့ကောင်းရဲ့ တယ်နော် ‥ ငါက သဉ္ဇာ့လို ပွင့် ခန္ဓာကိုယ်နဲ့ဟာကြီးကို ငါက မနာလို ဖြစ်စရာတဲ့လား ‥ လုံးဝစိတ်မဝင်စားတာ ဟောကောင်ရေ''

''အေး ‥ မင်းလည်း ကျန်းမာရေးဂရုစိုက်ဦး ‥ စကားတွေ က တောရောက်တောင်ရောက်နဲ့ ကြောင်စီစီဖြစ်နေလားလို့''

သူ့စကားကြောင့် ဇော်ဇော်က စိတ်ထဲကနေ ပြန်ပြောလိုက် သေးသည်။ သြော် ‥ ပြုံးက ပြန်ပြိုပြုနေသေး။ ငါကပဲ ကြောင်စီစီ ဖြစ်နေတယ်တဲ့။

ထိုစဉ် သူတို့ရှေ့နားမှ ဆိုက်ကားတစ်စီး ဖြတ်သွားသည်။ ဒါကိုတွေ့ပြီး ဇော်ဇော်က အကြံရကာ မေးလိုက်၏။

''လင်းဝေ လင်းဝေ ‥ မင်း အဲ့ဒီဆိုက်ကားဆရာကို ကြည့် စမ်း ‥ မင်း ဘယ်လိုမြင်လဲ''

လင်းဝေတစ်ယောက် ဆိုက်ကားနင်းနေသူကို ကြည့်ပြီး ပါးစပ် အဟောင်းသားနှင့် အံ့အားသင့်သွားသည်။ နောက် သူ့နဖူးသူ လက်ဖြင့် ရိုက်ကာ ‥

''ဟာ ‥ ဘုရား ဘုရား ‥ လောကကြီး ဘာတွေဖြစ်ကုန်ပါ လိမ့် ‥ အခြောက်တွေလည်း ဆိုက်ကားတက်နင်းကုန်ကြပြီ လား''

ဇော်ဇော်တစ်ယောက်တော့ သူ့စကားကြောင့် အကြီးအကျယ် တုန်လှုပ်သွားမိသည်။ တကယ်တော့ ဆိုက်ကားနင်းသွားတာ ငယ တောင့်တောင့် ယောကျ်ား အရင့်မာကြီးတစ်ယောက်ပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်တစ်ယောက် သေချာသထက် သေချာရန် လမ်းတစ်ဖက်မှ ထွက်လာသော ခပ်လန်းလန်းကောင်မလေးတစ်ယောက်ကို ထပ်ပြပြီး မေးလိုက်ပြန်သည်။

"လင်းဝေ . . ဟိုဘက်လျှောက်လာတဲ့ တစ်ယောက်ကိုရော မင်း ဘယ်လိုမြင်ရလဲ"

"ဇော်ဇော်ရာ . . မင်း ဘူးချင်ရင်လည်း ခပ်ငယ်ငယ်ချောချောလေးတွေ ဘူးပါ . . မင်းအမေအရွယ်လောက်ရှိတဲ့ မိန်းမဝဝကြီးကို မင်းမို့ ဘယ်လိုမြင်လဲ မေးရက်တယ်"

"ဟင် . . လင်းဝေ . . မင်းအမြင်တွေ တစ်ခုခုလွဲနေပြီနော် . . ဟိုဘက်ကလာနေတဲ့ တစ်ယောက်ကိုရော မင်း ဘယ်လိုမြင်လဲ"

သူ တစ်ချက်လှမ်းကြည့်ပြီး ဖြေလိုက်၏။

"အေး . . မဆိုးဘူး . . အဲဒီကောင်မလေးကတော့ ချောသားကွ"

"ဘုရား . . ဘုရား"

ဘုရားတ၍သာ ဇော်ဇော် လင်းဝေကို ငေးကြည့်နေမိတော့သည်။ အမှန်က သူပြလိုက်တာ မိန်းမ ဝဝကြီးတစ်ယောက်။ သူ ပြန်ဖြေတာက 'အဲဒီကောင်မလေးကတော့ ချောသား'တဲ့။

သူ့ပုံစံကိုကြည့်ပြီး ထက်မြက်လင်းဝေကတော့ မှတ်ချက်တစ်ခု ပေးသွားပါ၏။

"ဆေးလေးဘာလေး သောက်ဦး . . မင်းပုံစံက သိပ်မှုမမှန်သလိုပဲ ဇော်ဇော်"





ဇော်ဇော့်မှာသာ ထွက်သွားသည့် လင်းဝေကို ကြည့်ရင်း အတွေးတွေဖြင့် ဝဲကျန်နေခဲ့တော့သည်။

ဒီကောင်လင်းဝေ အရာအားလုံးကို ပြောင်းပြန်တလွဲတွေ မြင်နေတာ သေချာပြီ။ ခပ်တောင့်တောင့်ယောကျ်ားတွေကို သူ အခြောက်တွေလို့ မြင်နေတယ်။ ပုံဆိုးပန်းဆိုး ဝတုတ်တုတ် မိန်းကလေးတွေကို အရမ်းချောတဲ့ ကောင်းမလေးလို့ မြင်နေပြီး တကယ်လှတဲ့ မိန်းကလေးတွေကိုတော့ သူ့အမြင်အာရုံထဲမှာ တကယ့် ပုံဆိုးပန်းဆိုးကြီးတွေလို မြင်နေပုံပဲ။

ဒါ ဘာကြောင့်လဲ . . ။

ဇော်ဇော် သူငယ်ချင်းဖြစ်သူ လင်းဝေကို ကူညီပေးဖို့အတွက် အသည်းအသန် တွေးတောစဉ်းစားနေမိ၏။

လင်းဝေအမြင်အာရုံတွေကို သူ ပုံမှန်အတိုင်း ပြန်ဖြစ်စေချင်သည်။ သူသိပ်ချစ်သည့် မြသဇ္ဇာရဲ့ မှုရင်းခန္ဓာကိုယ် ဝဝကြီးကို သူ့ကို တွေ့စေမြင်စေချင်သည်။

အကယ်၍များ မြသဇ္ဇာဟာ ပွင့်နှင့် နှင်လားငါလား ဝနေသည့် မိန်းကလေးတစ်ယောက်ဆိုတာကိုများ လင်းဝေ သိမြင်သွားခဲ့ပါလျှင် . . . ။

■



www.burmeseclassic.com

www.burmeseclassic.com



(P)

ပန်းခြံအတွင်းတစ်နေရာ/နေ့(ပြင်)　　ထက်မြက်လင်းဝေ/မြသဇ္ဈာ
– ချစ်သူနှစ်ဦး ကြင်နာယုယစွာ ပွေ့ဖက်ရင်း စေ့စပ်ဖို့အကြောင်းနှင့် အချစ်အကြောင်းတွေ ပြောရင်း ကြည်နူးနေပုံ။

သဇ္ဈာ – စေ့စပ်ဖို့ ရက်နီးလာလေလေ ‥ ရင်တွေခုန်လာလေလေပဲ ကိုရယ် ‥ အခုချိန်အထိ ကိုနဲ့ ချစ်ခွင့်ရခဲ့တာဟာ ‥ သဇ္ဈာ့အတွက် အိပ်မက်တစ်ခုလိုပါပဲ ‥ မယုံမရဲလည်း ဖြစ်မိနေတုန်းပဲ သိလား။

လင်းဝေ – ဘာမယုံရဲစရာရှိလဲ သဇ္ဈာရယ် ‥ ဒါက အိပ်မက်မှ မဟုတ်တာ ‥ အခုဆို ကိုယ်တို့နှစ်ယောက်အတွက် စေ့စပ်လက်စွပ်ကိုတောင် ဆိုင်မှာ အော်ဒါမှာပြီး သေချာ အပ်ထားပြီးပြီပဲ ‥ မဟုတ်တာတွေ တွေးမနေပါနဲ့ သဇ္ဈာရယ်။





သဇ္ဈာ – သဇ္ဈာလေ ‥ ကို စိတ်ပျက်ပြီး သဇ္ဈာ့ကို ထားသွားမှာကို အရမ်းကြောက်တာပဲ သိလား ‥ အဲလိုဆိုရင် သဇ္ဈာ ရူးသွားလိမ့်မယ် သိလား။

လင်းဝေ – ထားခဲ့စရာလား သဇ္ဈာရယ် ‥ ဒီလောက်ချော ဒီလောက်လှပြီး ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေးကို ကိုယ်က ထားခဲ့စရာတဲ့လား ‥ ဒါတောင် ကိုယ့်သူငယ်ချင်း ဇော်ဇော်က ကို့ကို မနာလိုဖြစ်ပြီး သဇ္ဈာ့လို ဖက်တီးမကြီးကို ဘာကြည့်ပြီးချစ်တာလဲတွေ ဘာတွေ မေးနေသေးတာ”

သဇ္ဈာ – ကိုဇော်ဇော်ပြောတာလည်း မှန်နေတာပဲလေ ‥ အဲ့ဒီမေးခွန်းကို သဇ္ဈာက ကိုယ့်ကို ထပ်မေးချင်မယ် သိလား ‥ သဇ္ဈာ့လို ဝတုတ်မကြီးကို ကို ဘာဖြစ်လို့ ချစ်မိသွားတာလဲ ဟင် ‥ အဲ့ဒီစိတ်နဲ့ ကို့အချစ်ကို ပိုင်ဆိုင်နေရတာကို သဇ္ဈာ မယုံမရဲနဲ့ အခုထိ စိတ္တဇဖြစ်နေခဲ့တာ သိလား။

လင်းဝေ – ပေါက်ပေါက်ရှာရှာ သဇ္ဈာရယ် ‥ သဇ္ဈာ့ခန္ဓာကိုယ်ကို
လင်းဝေ
ဝတယ်လို့ ပြောလို့ မရပါဘူးကွာ ‥ သင်ဖာဝင့်ကျော်တို့ ဆိုဒ်လောက်ပါပဲ။

သဇ္ဈာ – သဇ္ဈာစိတ်ချမ်းသာအောင် နှစ်သိမ့်မနေပါနဲ့ ကိုရယ် ‥ ပွင့်ခန္ဓာကိုယ်လောက်ရှိတာကို သဇ္ဈာကိုယ်တိုင် သိပါတယ် ‥ အခု သဇ္ဈာမေးတာကိုပဲ ဖြေပေးပါ။

လင်းဝေ – ဟုတ်ပြီကွာ ‥ သဇ္ဈာ ဘယ်လောက်ပဲ ဝဝ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ သဥ္စာ့ကို ဘယ်လိုပဲပြောပြော ကိုယ့်မျက်လုံးထဲမှာတော့ သဥ္စာက နတ်သမီးလေးတစ်ပါးပဲ။ ဘယ်လိုအခြေအနေ ဘယ်လိုအကြောင်းမျိုးနဲ့မှလည်း ကိုယ်သဥ္စာ့ကို ထားမသွားပါဘူး . . သဥ္စာ့ကို ကိုယ် အရမ်းချစ်တယ် သိပြီလား . . ။

သဥ္စာ – ဟုတ် . . ကိုကိုလည်း သဥ္စာ အရမ်းချစ်တယ် . . ကျေးဇူးလည်းတင်တယ် . . သိလား။

လင်းဇေ – ကျေးဇူးတင်ရင် အာဘွားပေး။

သဥ္စာ – ဟင် . . ဘာမှလည်း ဆိုင်ဘူး။

လင်းဇေ – ဆိုင်ဆိုင် မဆိုင်ဆိုင် ပေးဆိုပေးကွာ။

သဥ္စာ – ဟာ . . ကို . . ဘယ်လိုဖြစ်နေတာလဲ . . ဟိုမှာ လူတွေကြည့်နေကြတယ်။

လင်းဇေ – ကြည့်ကြည့်ကွာ မရဘူး . . ပေး။

သဥ္စာ – ဟာ . . ကို . . မလုပ်နဲ့ဆို။

လင်းဇေ – ဟား . . ဟား။

သဥ္စာ – ခစ်ခစ် . . . ။

ပန်းခြံလေးတစ်ခုအတွင်းမှာတော့ ဝတုတ်မလေးတစ်ယောက်နှင့် ခပ်ဖြောင့်ဖြောင့်လူငယ်လေးတစ်ယောက်တို့ မလိုက်ဖက်လှစွာ ရယ်မောသံတွေရဲ့ကြားမှာ အနမ်းမိုးတွေ အပြိုင်းပြိုင်းရွာချနေလေတော့၏။

■





ငွေကြေးဟာ..

မိတ်ဆွေကနေ ရန်သူအဖြစ်ပြောင်းလဲပေးနိုင်စွမ်း တယ်..

အဲသလိုပါပဲ..

ထင်ထားတာထက် ခမ်းနားတဲ့ ပြောင်းလဲမှုမျိုးတွေကို

"အချစ်" ဆိုတဲ့အရာကလည်း

ချက်ချင်းပြောင်းလဲပစ်လိုက်နိုင်စွမ်းပါတယ်..



ဘာကြောင့်လဲဆိုတော့..

ကမ္ဘာပေါ်မှာ အကြီးမားဆုံးသော

စွမ်းအားဟာ

"အချစ်" ဖြစ်နေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



(၉)

အတင်းအိမ်လာခေါ်လို့သာ သူလိုက်လာခဲ့ရသည်။ ဘယ်ကို သွား၍ ဘာလုပ်ရမည်လည်း သူ မသိပါ။ အရမ်းဆားတဲ့အထဲမှာ ဒီကောင် ဇော်ဇော်လည်း ပါသည်။ မေးတော့လည်း မဖြေ။ မလိုက်ချင်ပါဘူး ငြင်းတော့လည်း မရ။ အတင်းသာ ဆွဲခေါ်လာခဲ့သည်။

အနည်းငယ် ဟောင်းနွမ်းပြီး ရှေးကျနေသော အိမ်တစ်အိမ် ရှေ့ကို ရောက်မှ ဇော်ဇော်က ခြေလှမ်းတွေကို ရပ်လိုက်ပြီး စကားပြော သည်။

"ရောက်ပြီ . . ဒီအိမ်ပဲ သူငယ်ချင်း . . လာ . . ဝင်ကြမယ်"

"ဇော်ဇော် . . ငါက ဒီအိမ်ထဲဝင်ပြီး ဘာလိုက်လုပ်ရမှာလဲ . . နေစမ်းပါဦး ဒီအိမ်ကရော ဘယ်သူ့အိမ်လဲ . . ဘာကိစ္စရှိလို့ လဲ"



"ကဲပါ . . လိုက်မှာသာ လိုက်ခဲ့စမ်းပါ . . အထဲရောက်တော့ အားလုံး မင်းသိရမှာပေါ့"

ဇော်ဇော်က တွန့်ဆုတ်တွန့်ဆုတ်လုပ်နေသော သူ့ကို အတင်း ဆွဲခေါ်၍ ပါသွားရပြန်သည်။ အိမ်ရှေ့ကားထစ်ကလေးအတိုင်း တက် လာခဲ့ပြီး အသင့်ဖွင့်ထားပြီးသော တံခါးဝအတိုင်း တိတ်တဆိတ် လေး ဝင်လာခဲ့ကြသည်။

အပေါ်ကိုရောက်တော့ ဘုရားကျောင်းကန်တွေမှာ ရှူးနေကျ အမွှေးတိုင်ရနံ့တစ်ခုက ဆီးကြိုနေ၏။ မြင်ကွင်းထဲမှာတော့ အရမ်း ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းသော ဘုရားကျောင်းဆောင်တစ်ခုက အရင်တိုးဝင်လာ၏။

အုန်းပွဲ၊ ငှက်ပျောပွဲ အတော်များများကိုလည်း ဆီမီးပူဇော် ထားပုံကို မြင်ရ၏။ အဘဘိုးမင်းခေါင်၊ မနဲ့လေး အစရှိသော ရုပ်တု တွေကိုလည်း သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ကိုးကွယ်ထားသည်ကို လည်း တွေ့၏။

ဘုရားစင်အောက်တည့်တည့်မှာတော့ အသက်အရွယ် (၅၀) ပတ်ဝန်းကျင်ခန့် လူတစ်ဦး ယောဂီဝတ်စုံဖြင့် တရားထိုင်နေသည်ကို ကျောဘက်အနေအထားဖြင့် တွေ့လိုက်ရ၏။

ဇော်ဇော်က သူ့ကို အသံမထွက်ရန် 'ရှူး'ဟု ဟန်အမူအယာ လုပ်ပြပြီး အသာဝင်ထိုင်ကာ ဘုရားကို ဦးချနေ၍ သူလည်း ဘုမသိ ဘမသိ အနေအထားဖြင့် ဘုရားဝင်ဝတ်ပြုလိုက်ရသည်။

"သြော် . . လူလေးတို့ ရောက်လာကြပြီကိုးကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ယောဂီပုဂ္ဂိုလ်ကြီးက နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည့်အကြောင့် အနည်းငယ်တော့ သူ ဖြုံသွားမိသည်။

"ဟုတ်ပါတယ် ‥ အဘ ‥ ကျွန်တော် ဟိုတစ်ခါ လာပြောပြထားတဲ့ ‥"

ဖော်ဖော့်စကားမဆုံးခင်မှာပင် အဘဆိုသည့်ပုဂ္ဂိုလ်က ဆက်မပြောရန် လက်ပြပြီး မျက်နှာချင်းဆိုင် လှည့်လာသည်ကြောင့် သူ ထိုအဘကို သေသေချာချာ ကြည့်လိုက်မိသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးကျင်စွယ်တွေနှင့် အတော် ဥပဓိရုပ်ကောင်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း သူ အသံတိတ် မှတ်ချက်ပြုလိုက်မိသည်။

"အဘ ‥ မြင်လိုက်တာနဲ့ အားလုံးကို သိပါတယ် လူလေးရယ်"

ဒီစကားကို အဘက သူ့ကို တည့်တည့်ကြည့်ရင်း ပြောလာခဲ့သည်။ အသံပါဝါကောင်းသလို ‥ မျက်လုံးအကြည့်တွေကလည်း စူးရှနေသည်။

ဖော်ဖော် ငါ့ကို ဒီနေရာ ဘာကြောင့် ခေါ်လာတာလဲ ‥။ ဒီအဘကရော ဘယ်သူလဲ၊ ဘာလဲ ‥၊ ဒီနေရာကရော ဗေဒင် ဟောခန်းလား၊ ဓာတ်ဆီးခန်းလား။

"ဟုတ်ကဲ့ အဘ ‥ ဒါ ‥ ကျွန်တော့်သူငယ်ချင်း ထက်မြက်လင်းဝေဆိုတာပါ"

အဘက လင်းဝေကို စေ့စေ့ကြည့်ကာ တိကျပြတ်သားစွာ ပြောလာခဲ့၏။





"အေး ‥ အဲ့ဒီလူလေးမှာ ‥ အလွန်စွမ်းအားကြီးတဲ့ အမှောက်ပယောဂတစ်ခု စွဲကပ်နေတယ်"

"ဟုတ်ကဲ့ အဘ ‥ ဒါကြောင့် အဲလိုထင်မိလို့လည်း အဘဆီကို ကျွန်တော် ပါအောင် ဒီကောင့်ကို မရမက ခေါ်လာခဲ့တာပါ ‥ ကူညီလို့ရရင် ကူညီပေးပါ အဘရယ်"

သူ ‥ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ‥ ထိုအဘဆိုသူကိုသာ စိုက်ကြည့်နေလိုက်မိသည်။

ဟာ ‥ ဘာတွေလဲ။ ဒီအဘက အောက်လမ်းဆရာလား၊ အထက်လမ်းဆရာလား။ ငါ့မှာပဲ အမှောင့်ပယောဂရှိနေတယ် ဖြစ်ရသေး။ တကယ့်ဟာသပဲ၊ ဘာမှ ယုံကြည်ချင်စရာ မရှိဘူး။ ဥပဓိရုပ်ခပ်ကောင်းကောင်းလူတွေက အဆင့်မြင့်လူလိမ်တွေဆိုလား သူ မှတ်ထားခဲ့ဖူးသည်။ ပြီးတော့ အဘတဲ့။ အဲ့ဒီ အဘဆိုတဲ့ ပုဂ္ဂိုလ်တွေက ပိုကြောက်စရာကောင်းတယ် မဟုတ်လား။

"ကူညီပေးပါ အဘရယ် ‥ ကျွန်တော့်သူငယ်ချင်း ကိုယ်ထဲက မကောင်းတဲ့အရာတွေ အားလုံးကို ထုတ်ပေးပါ"

တတွတ်တွတ်ပြောနေသည့် ဖော်ဖော့်ကိုလည်း သူ အမြင်ကတ်နေမိသည်။ ခေတ်လူငယ်တစ်ယောက်လုပ်နေပြီး ဒီလိုနေရာကို ခေါ်လာ၍လည်း သူ တင်းနေမိသေး၏။

အဘဆိုသူကတော့ သူ့ကိုကြည့်ပြီး သက်ပြင်းတစ်ချက်ကို ခပ်မှုမှုချကာ ခေါင်းကို ဖြည်းညင်းစွာ ရမ်းခါနေ၏။ ပြီးမှ ခပ်ဖြည်းဖြည်းလေး ပြော၏။

"အင်း ‥ ဒီလူလေးမှာရှိတဲ့ ပယောဂက အဘ ဖယ်ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ မရနိုင်ဘူးကွဲ့ . . ဒါပေမဲ့ အဘတတ်နိုင်သလောက်တော့ ကူညီတားဆီးပေးပါ့မယ် . . ဒီကလူလေးလည်း ရတနာ (၃) ပါးကို မမေ့မလျော့စေဘဲ ဘုရားတရားကို များများလုပ်ပေးပါကွယ်''

ပြောပြီး အဘဆိုသောပုဂ္ဂိုလ်က ဘုရားစင်မှ ပရိတ်ရေဘူးကို ယူကာ မျက်စိစုံမှိတ် မန်းမှုတ်နေ၏။ ပြီးမှ ပရိတ်ရေအချို့ကို သူ့ကိုယ်ပေါ်သို့ ပက်ဖြန်းပေးနေ၏။

သူ အတော် အာရုံနောက်လာသည်ကြောင့် ဖော်ဖော့်ကို 'ဘာတွေလဲ'ဆိုသည့် သဘောနှင့် မေးငေါ့ပြောလိုက်သည်။ ဖော်ဖော်က သူ့ကို တိတ်တိတ်နေပေးရန် ဟန်အမူအရာ ပြန်လုပ်ပြ၏။

"အဘ . . ဘာကြောင့် သူ့မှာရှိနေတဲ့ ပယောဂကို ဖယ်ဖျက်မပေးနိုင်ရတာလဲ ခင်ဗျာ . ."

"အင်း . . ဘာကြောင့်လဲဆိုတော့ . . လူလေး ဒီနားကို ခဏလာ"

အဘဆိုသူက ဖော်ဖော့်ကို နားနားကပ်ပြီး စကားအချို့ပြောလိုက်၏။ ဘာတွေပြောသည်တော့ မသိ။ ဖော်ဖော့်မျက်လုံး ပြူးသွားတာတော့ တွေ့ရ၏။

သူကတော့ အယုံအကြည်မရှိသလို ဘာကိုမှလည်း အရေးမထားပါ။ သေချာသည်ကတော့ အပြန်လမ်းမှာ ဖော်ဖော့်ကို သူ စကားအချို့တော့ ပြောမှ ဖြစ်ပေတော့မည်။

■





တွေးထားသည့်အတိုင်း လမ်းပေါ်ရောက်သည်နှင့် သူ ဖော်ဖော့်ကို ခပ်တင်းတင်းပင် ပြောပစ်လိုက်မိသည်။

"ဖော်ဖော် . . မင်း ဘာတွေကြံနေတာလဲ . . ငါ့ကို ဘယ်လိုနေရာတွေ ခေါ်ပြီး . . ဘာတွေလုပ်နေတာလဲ . . ငါ တော်တော် အာရုံနောက်တယ်ကွာ"

"ငါ မင်းအတွက် တမင်ခေါ်လာခဲ့တာ . . ဒီအဘက အထက်လမ်းစဉ်ကျင့်ကြံနေတဲ့ သူတော်ကောင်းတစ်ဦးပါ . . မင်းမှာ စွဲကပ်နေတဲ့ ပယောဂတွေကို ထုတ်ပစ်ဖို့ ငါ ခေါ်တွေ့ပေးတာ"

"နေစမ်းပါဦး ဖော်ဖော် . . အခု ငါက ဘာဖြစ်နေလို့လဲ . . အလကား အရေးမပါတာတွေကွာ . . ငါ ဘာတစ်ခုမှ အယုံအကြည်မရှိဘူး . . နောက် ငါ့ကို ဒီလို ရှုပ်ရှုပ်ယှက်ယှက် နေရာတွေ ခေါ်မလာပါနဲ့ ငါမကြိုက်ဘူး"

ဖော်ဖော်ကလည်း သူ့စေတနာကို လုံးဝ အစွန်းထင်းမဲ့ ချက်ချင်း ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုမပြောနဲ့ လင်းဝေ ‥ ငါက မင်းအမြင်အာရုံတွေ ပုံမှန်ပြန်ဖြစ်သွားအောင် စေတနာနဲ့ အဘာဆီခေါ်လာခဲ့တာ"

"အခု ငါက ဘာတွေများ ဖြစ်နေလို့လဲ ‥ ငါ့မျက်လုံးတွေ အကောင်းအတိုင်းပဲ ‥ အားလုံးကို ရှင်းရှင်းလင်းလင်းမြင်နေရတယ် ‥ နားလည်လား"

"အေး ‥ မင်းမြင်နေရတယ်ဆိုတာ ပုံရိပ်အတုတွေ ‥ စောက်တလွဲတွေဟ ‥ မင်းမျက်လုံးထဲမှာ သိပ်လှပါတယ်ဆိုတဲ့ မင်းချစ်သူ သဉ္ဇာက တကယ်တော့ ရုပ်ရှင်ကားတွေထဲက သရုပ်ဆောင် ကြူကြူသင်းတို့ ပွင့်တို့လို ဖက်တီးမကြီး ‥ အဲဒါကို မင်း သိရဲ့လား"

ပြင်းထန်သောလေလှိုင်းနှစ်ခုနှင့် သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မီးဝင်းဝင်းတောက်မတတ် စက္ကန့်အနည်းငယ်မျှ စူးစိုက်ကြည့်မိကြသည်။ ပြီးမှ လင်းဝေက ‥

"ဘာကွ ‥ ဟား ဟား ‥ ဟာသပဲ ဇော်ဇော်ရာ ‥ ငါက မင်းကို သူငယ်ချင်းကောင်းတစ်ယောက်လို့ ထင်ထားခဲ့တာ ‥ ငါမှားသွားပြီ ‥ ငါ ရိုပ်လည်း ရိပ်မိပါတယ် ‥ မင်း ‥ ငါနဲ့ သဉ္ဇာ လက်ထပ်မှာကို ကြားထဲကနေ မနာလိုဖြစ်နေတာမို့လား ‥ ဒီမှာ အခုလာမယ့် Valentine Day မှာ ငါတို့ချစ်သူနှစ်ယောက် စေ့စပ်လက်စွပ်သွားရွေးပြီး မကြာခင်မှာပဲ စေ့စပ်ကြတော့မယ် ‥ ဖိတ်စာတွေလည်း အဆင်သင့်ဖြစ်နေပြီ ‥ မင်း စိတ်လျှော့လိုက်တော့ ဇော်ဇော် ‥ ငါ ဒါပဲပြောချင်တယ်"





ဒီစကားကိုတော့ ဇော်ဇော် အသည်းပေါက်မတတ် နာကျင်ခံစားသွားရသည်။ လင်းဝေကို အံ့ဩတကြီး စိမ်းစိမ်းရှုရှုကြီး ငေးကြည့်ပစ်လိုက်ပြီး ‥

"မင်း မင်း လင်းဝေ ‥ ငါ့ကို တော်တော်စော်ကားတဲ့ကောင် ‥ အေး ‥ မင်း ငါ့စေတနာကို တစ်နေ့ ကောင်းကောင်း သိလာမှာပါ လင်းဝေ ‥ မင်း စောင့်ကြည့်နေလိုက် ‥ အေး ဒီနေ့ မင်းပါးစပ်က ငါ့ကို ဒီလိုစကားမျိုး ပြောထွက်လာတာကိုတော့ ငါ တော်တော်အံ့ဩမိသလို ဝမ်းလည်းနည်းတယ် ‥ ငါ သွားပြီ လင်းဝေ"

ဒေါသအချို့ဖြင့် ထွက်ခွာသွားသော ဇော်ဇော့်ကျောပြင်ကို ငေးကြည့်ရင်း သူ သက်ပြင်းချလိုက်မိသည်။

ဘယ်သူမှားလို့ ဘယ်သူမှန်နေလဲဆိုတာကိုလည်း သူမတွေးတတ်တော့ချေ။ ဒီအချိန်မှာ သူ ဒေါသထွက်နေတာနှင့် စိတ်ရှုပ်ထွေးနေတာကိုပဲ သိသည်။

ကြေးငှက်တချို့ ကောင်းကင်မှာပျံသန်းနေကြသည်။ လမ်းပေါ်မှာတော့ လူတွေ ‥ ကားတွေ ဦးတည်ရာအမျိုးမျိုးဖြင့် သွားလာလှုပ်ရှားနေကြသည်။

သူကတော့ ယခုအချိန်အထိ လမ်းဘေးတစ်နေရာမှာ ထီးထီးကြီး ရပ်တန့်နေဆဲမို့ ‥‥။

■



www.burmeseclassic.com

www.burmeseclassic.com










(R)

"ချုပ် .. ချုပ် .. ချုပ် .."

တိတ်ဆိတ်သော အခန်းလေးတစ်ခန်းအတွင်းထဲက နာရီစက္ကန့်သံ တချုပ်ချုပ်သည် ကျယ်လောင်စွာထွက်ပေါ်နေ၏။

အခန်းလေးထဲမှာတော့ ညအိပ်မီးရောင် နီကျင်ကျင်လေး၏ အလင်းရောင်ဖြင့် အားလုံးကို မြင်နေရသည်။

အဝတ်ဘီရိုတစ်လုံး၊ အနားမှာတော့ မွေ့ယာနှင့် ခုတင်တစ်လုံး။ ထိုခုတင်ပေါ်မှာ ထက်မြက်လင်းဝေတစ်ယောက် ပက်လက်အနေအထားဖြင့် ပက်ပက်စက်စက် အိပ်စက်နေ၏။

ခုတင်ဘေးနားမှာတော့ စာကြည့်စားပွဲတစ်လုံး။ ထိုစားပွဲပေါ်မှာတော့ Handset တစ်လုံးနှင့်အတူ ဓာတ်ပုံမှန်ဘောင်လေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ထိုဓာတ်ပုံလေးအတွင်းမှာတော့ ထက်မြက်လင်းဝေနှင့် မြသဉ္ဇာတို့ ချစ်သူနှစ်ဦး ပြုံးရွှင်စွာ ပွေ့ဖက်ရိုက်ကူးထားသော အမှတ်တရပုံရိပ်လေးတွေ ရှိနေ၏။

လင်းဝေ ညစဉ်အိပ်ယာဝင်တိုင်း ထိုပုံရိပ်လေးကို တစိမ့်စိမ့်ကြည့် နမ်းရှိုက်ပြီးမှ အိပ်ယာဝင်လေ့ရှိ၏။

ထိုအချိန်တွင် လင်းဝေအခန်းတံခါးသည် ဖြည်းညင်းစွာ ပွင့်ဟလာခဲ့လေ၏။

"ကျွီ . ."

ခုတင်ပေါ်မှာတော့ လင်းဝေတစ်ယောက် အိပ်၍ကောင်းနေဆဲ။

ပွင့်ဟလာသော အခန်းတံခါးဝမှာတော့ ဆံပင်ရှည်တွေကို မျက်နှာပေါ်အုပ်မိုးထားသော မိန်းမတစ်ယောက် မတ်တပ်ရပ်ပြီး လင်းဝေကို အေးစက်လင်းရှစွာ စိုက်ကြည့်နေ၏။ လက်ထဲမှာလည်း အသွားခြောက်လက်မခန့်ရှိသော ဓားမြှောင်တစ်လက်ကို ဆုပ်ကိုင်ထားတာတွေ့ရသည်။

ထို့နောက် သူမသည် တစ်လှမ်းချင်း လင်းဝေရှိရာသို့ တိုးကပ်လာပြီး ခုတင်ပေါ်သို့ တက်လိုက်၏။ နောက် . . လင်းဝေ ရင်ဘတ်ပေါ်သို့ ခွထိုင်ပစ်လိုက်ပြီး လင်းဝေမျက်နှာကို အပြုံးတကြီး စိုက်ကြည့်နေ၏။

သူမအလေးချိန်ကြောင့်ထင့် ဆတ်ခနဲ လင်းဝေ နိုးသွားသည်။ ရုတ်တရက်မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ အတော် ထိတ်လန့်၍ သွားသည်။

"ဟင် . . မင်း . . မင်း . . ဘယ်သူလဲ"

သူသေချာကြည့်မှ ဘယ်သူတယ်ဝါဆိုတာကို မှတ်မိသွားပြီး . .

"မင်း . . အေးစန္ဒာ . . ဖယ်စမ်း . . အခု ငါ့အပေါ်က ဆင်းစမ်း . . မင်း ငါ့အခန်းထဲကို ဘယ်လိုရောက်လာခဲ့တာလဲ"

သူမက လင်းဝေကို မဆိုးမခန့်ကြည့်ပြီး ဟားတိုက်ရယ်မောပစ်လိုက်၏။ လက်ထဲမှ အရောင်တလက်လက် ဓားမြှောင်ကိုလည်း သေချာ ဆုပ်ကိုင်ပြလိုက်သေးသည်။ ပြီးမှ . .

"ထက်မြက်လင်းဝေ . . ထက်မြက်လင်းဝေ . . ရှင်က မကြာခင်မှာ ထက်မြက်လင်းဝေဘဝကနေ မှောင်မိုက်တဲ့အနေတဲ့ လူတစ်ယောက် ဖြစ်သွားစေရမယ် . . ဟား ဟား . ."

"မင်း . . ငါ့ကို ဘာတွေ လာပြောနေတာလဲ . . အခု ငါ့အပေါ်က ဆင်းပေးနော်"

သူ ရုန်းထွက်ကြည့်ပေမဲ့ မရ။ သူမက လက်ထဲက ဓားမြှောင်ကို လင်းဝေမျက်လုံးတစ်ဖက်အတွင်းသို့ အားရပါးရ ထိုးစိုက်ပစ်လိုက်၏။

"အား . . ."

သွေးများ မြင်မကောင်းအောင် ပန်းထွက်လာခဲ့၏။ နောက် သူမက နောက်မျက်လုံးတစ်ဖက်ကို ထပ်မံ ထိုးစိုက်ပစ်လိုက်လေ၏။

"အား ! . . ."

လင်းဝေတစ်ယောက် ငယ်သံပါသော အော်ဟစ်မှုနှင့်အတူ ချွေးသီးချွေးပေါက်များဖြင့် နိုးထလာခဲ့၏။

နိုးသည်နှင့် သူ့မျက်လုံးနှစ်ဖက်ကို စမ်းကြည့်လိုက်၏။ အကောင်းအတိုင်းရှိနေ၍ အတော် စိတ်အေးသွားရသည်။

www.burmeseclassic.com



သို့တိုင် အိပ်မက်ဆိုးအရှိန်ကြောင့် သူ့ရင်ထဲမှာ မောဟိုက်နေဆဲပင် ဖြစ်သည်။

''ဟူး . . ငါ အိပ်မက်ဆိုးတွေ မက်နေတာပါလား''

သူ နံရံပေါ်က နာရီကို ကြည့်လိုက်မိသည်။

''ဟင် . . ကိုးနာရီတောင် ထိုးတော့မယ် . . ဒီနေ့ Valentine Day ငါ . . သဉ္ဇာကို ရွှေဆိုင်မှာ စေ့စပ်လက်စွပ် သွားယူဖို့ ချိန်းထားတာပဲ . . မဖြစ်ဘူး နောက်ကျတော့မယ် . . ရေအမြန်ချိုးမှ''

လင်းဝေတစ်ယောက် အားစွန်နှင့် အိပ်မက်ဆိုးကို ဆက်မခံစားနိုင်အားပါ . . ။ အမြန် အိပ်ယာပေါ်မှ ထကာ ရေချိုးရန် ပြင်ဆင်လေတော့၏။

စားပွဲလေးပေါ်မှာတော့ ဓာတ်ပုံလေးက ပြုံးရွှင်ရယ်မောနေဆဲပင် ဖြစ်၏။ သို့သော် ထိုအိပ်မက်ဆိုး၏ နောက်ကွယ်မှာကား . . . ။

■







ရုတ်တရက် ဒေါသထက်ရသတွေ့တဲ့နေ့
အချစ်ကို ရယ်တန်းမဝင်လိုက်ပါနဲ့
(အကြောင်းလဲဆိုတော့ . . .)
အဲ့ဒီဒေါသတွေ ပြေပျောက်သွားတဲ့အချိန်မှာ
အရမ်းချစ်ခဲ့ရတဲ့ ချစ်သူဟာ
ကိုယ့်အနားမှာ မရှိတော့ရင်
ရူးမတတ်ခံစားနေရမှာ သင်ကိုယ်တိုင်ပဲလေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



(S)

Happy Valentine Day . . . ။

ချစ်သူစုံတွဲအတော်များများကတော့ အဲဒီလိုပဲ ပြောနေကျပဲဖြစ်၏။ ရုပ်ရှင်ရုံထဲမှာ . . ပန်းခြံထဲမှာ . . တည်းခိုခန်းတွေထဲမှာ . . Facebook ပေါ်မှာ စသဖြင့် . . အော်ဟစ်နေကြသည်။

လင်းဝေကတော့ ထူးခြားစွာပင် ချစ်သူများနေ့၏ နံနက်ခင်းမှာ ရွှေဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်နေလေ၏။

သူ နောက်ကျနေပြီထင်ထားခဲ့ပေမဲ့ သူမက ပိုမိုနောက်ကျနေ၍ ရွှေဆိုင်အရှေ့မှာ သူ နာရီတကြည့်ကြည့်ဖြင့် စောင့်နေရရှာ၏။ လမ်းမတွေပေါ်မှာ ဖြတ်သွားဖြတ်လာလုပ်နေကြသည့် အကျီဆင်တူနှင့် စုံတွဲအတော်များများကိုလည်း တွေ့ရ၏။





နောက်ဆုံးမှာတော့ သူ စိတ်လောနေသည်ကြောင့် ဘောင်းဘီအိတ်ကပ်ထဲက မိုဘိုင်းဖုန်းလေးကို ထုတ်ကာ သူမကို ဖုန်းခေါ်ဖြစ်လိုက်သည်။

"Hello . . သဉ္ဇာ . . ကိုယ်ပါ . . အင်း . . ဆိုင်ရှေ့ကိုရောက်နေပြီ . . ဪ . . လမ်းမှာ ကားပျက်လို့ Taxi ငှားလာနေတာလား . . ကိုယ် စိတ်ပူလို့ လှမ်းဆက်လိုက်တာ . . ဒါဆိုရောက်တော့မှာပဲ . . OK . . OK . ."

သူ ဖုန်းပြောပြီး ဆယ့်ငါးမိနစ်ခန့်အကြာမှာတော့ ပလက်ဖောင်းလေးဘေးကို အနီရောင် Taxi ကားတစ်စီး ထိုးရပ်လာ၏။

သူလည်း သဉ္ဇာများလားဆိုသည့်အတွေးနှင့် Taxi ပေါ်က ဆင်းလာသည့်လူကို ကြည့်နေလိုက်သည်။ ခပ်ဝဝမိန်းကလေးတစ်ယောက် ဆင်းလာသည်မို့ သူ မျက်နှာလွှဲကာ လမ်းပေါ်မှာမောင်းလာသည့် Taxi ကားတွေကိုသာ ငေးကြည့်နေမိသည်။

တကယ်တော့ Taxi အနီရောင်ပေါ်မှ ဆင်းလာသော ခပ်ဝဝမိန်းကလေးက ပြုံးစစနှင့် သူ့ဆီကို တည့်တည့်ကြီး လျှောက်လာနေပြီဖြစ်သည်။

အမှန်တော့ ထို ဝတုတ်တုတ်ကောင်မလေးဟာ . . . ။

"အမယ် . . မျက်နှာကြီး ဟိုဘက်ကိုလွှဲထားတယ်ဆိုတော့ သဉ္ဇာလာတာနောက်ကျလို့ စိတ်ကောက်တယ်ဆိုတဲ့ ဒိုဖိုင်းပေါ့လေ"

"ဟင် . ."

ကြားဖူးနေကျအသံမို့ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ‥ ခင်ဗျား ဘယ်သူ့ကို ပြောနေတာလဲ ‥"

"အာ ‥ ကိုကလည်း မနောက်နဲ့တော့ကွာ ‥"

မိန်းမဝဝလေးက ပြောရင်း သူ့လက်ကိုပါ ဖမ်းကိုင်လာသည်ကြောင့် သူ ကပျာကယာ ဖယ်ချပစ်လိုက်ရ၏။

"ဟာ ‥ ခင်ဗျား ဒါဘာလုပ်တာလဲ ‥ ကိုယ့်လမ်းကိုယ် အေးအေးသွားပါဗျာ"

"ကို ‥ သဇ္ဇာ့ကို ဘာတွေပြောနေတာလဲ ‥ ရွှေဆိုင်မှာ ဒီနေ့ စေ့စပ်လက်စွပ် အတူဝင်ရွေးကြမယ်လေ ‥"

စကားအဆုံးမှာတော့ သဇ္ဇာ (ခ) ခပ်ဝဝကောင်မလေးကို သူ ထိတ်လန့်တကြား စိုက်ကြည့်မိလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ ‥ ကျွန်တော် ခင်ဗျားကို မသိဘူး ပြီးတော့ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူတို့အကြောင်းကို ခင်ဗျားက ဘယ်လိုသိနေတာလဲ"

ထက်မြက်လင်းဝေပုံစံက နောက်ပြောင်နေတာမဟုတ်ဘဲ အတည်ပြောနေပုံကြောင့် သူမလည်း သေချာပြန်ပြောပေးလိုက်၏။

"ကို ‥ ဘာတွေဖြစ်နေတာလဲ ‥ သဇ္ဇာလေ ‥ ကို့ချစ်သူ သဇ္ဇာလေ ‥ စောစောက ဖုန်းပြောနေတာတောင် အကောင်းပါ"

သူ အကြောက်အကန် ငြင်းပစ်လိုက်သည်။

"ခင်ဗျား ကျွန်တော့်ချစ်သူ မဟုတ်ဘူး ‥ သဇ္ဇာက ခင်ဗျားလို ဝတုတ်ပြဲကြီးလည်း မဟုတ်ဘူး ခင်ဗျားဘယ်သူလဲ"

သူ့စကားသံက အနည်းငယ်ကျယ်သွားသည်ကြောင့် ဖြတ်သွား





ဖြတ်လာသူအချို့ကပင် ဝေ့ကြည့်ကုန်ကြ၏။ သူမက ဘေးဘီဝဲယာကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ‥

"ကို ‥ နောက်တာဆိုရင်လည်း ဒီလောက်နဲ့တော်သင့်ပြီ ထင်တယ် ‥ ဟိုမှာ လူတွေကြည့်နေကြတာ ရှက်ဖို့ကောင်းတယ် ‥ လာပါ ‥ ဆိုင်ထဲ ဝင်ကြရအောင်ပါ"

သဇ္ဇာ လင်းဝေလက်ကို ဆွဲပြီး ဆိုင်ထဲဝင်ရန် ခေါ်ရာ လင်းဝေ သူမလက်ကို ဖယ်ထုတ်ပစ်လိုက်၏။

"ခင်ဗျား ကျွန်တော့်ကို လာမကိုင်နဲ့နော် ‥ ခင်ဗျားကို ကျွန်တော် သိလည်းမသိဘူး ‥ လူတွေကြည့်လို့ ခင်ဗျားကပဲ ရှက်ရတယ်ရှိသေးတယ် ‥ ခင်ဗျားလို ပုံဆိုးပန်းဆိုး ဖက်တီး မကြီးနဲ့ ကျွန်တော့်ကို လူတွေ တစ်မျိုးမြင်မှာကို ကျွန်တော် ရှက်ဖို့လည်း ထားပါဦး"

သူ့စကားကြောင့် ရပ်ကြည့်နေသူအချို့ ရယ်ကုန်ကြသည်။ ထိုလူအုပ်ထဲတွင် ဖော်ဖော်တစ်ယောက် အစောကတည်းက ရှိနေခဲ့တာကိုတော့ မည်သူမျှ မရိပ်မိကြ။

သဇ္ဇာလည်း လင်းဝေစကားကြောင့် အတော် ရှက်သွားမိပြီ ဖြစ်သည်။

"ကို ‥‥"

"မခေါ်နဲ့ ‥ ကျွန်တော် ခင်ဗျားရဲ့ ကိုမဟုတ်ဘူး ‥ ခင်ဗျားနဲ့လည်း ဘာမှမပတ်သက်ဘူး မဝက်မရဲ့"

"ဟား ဟား ‥"

"ခစ်ခစ် ‥"



www.burmeseclassic.com

www.burmeseclassic.com



"......"

လူအချို့ ပြောင်ပြောင်တင်းတင်းပင် ရယ်ကုန်ကြသည်။ သဘ္ဘာလည်း ရှက်ရလွန်းသဖြင့် မျက်ရည်တွေပင် ဝိုင်းလာပြီး လင်းဝေကို အံ့သြတကြီး ငေးစိုက်ကြည့်နေလေ၏။ အခြေအနေက ရုပ်မျက်ပွင့်းစ ပြုလာပြီမို့ အကြောင်းစုံကို သိထားပြီးသော ဖော်ဖော်တစ်ယောက် ဝင်ပါမှဖြစ်တော့မည်မို့ သူ အမြန်ဝင်လိုက်ရသည်။

"လင်းဝေ .."

"ဟင် .. ဖော်ဖော် .."

"....."

"တော်ပြီ လင်းဝေ .. လမ်းပေါ်ကြီးမှာ .. လူတွေထပ်များလာရင် မကောင်းဘူး"

"ဒီမှာ ဘယ်က ဝတုတ်မမှန်းမသိဘူး .. ငါ့ကို လာစားနေတာ"

သဘ္ဘာတစ်ယောက် သူ့စကားသံတွေအောက်မှာ နှလုံးသားအစုံ ကွဲကြေကာ မျက်ရည်မိုးတွေ မျက်နှာမို့မို့လေးအထက်မှာ ..

"အဟင့် .. ဟင့် .. ကို .. အရမ်းရက်စက်တယ်"

"ဟာ .. ဘလိုင်းကြီး လာငိုနေပြန်ပြီကွာ"

သဘ္ဘာတစ်ယောက် မျက်ရည်အချို့ကို သုတ်ကာ နောက်လှည့်ပြေးထွက်သွားခဲ့ပြီဖြစ်၏။

"လင်းဝေ .. လာ .. ငါနဲ့ခဏလိုက်ခဲ့ .. ငါ ရှင်းပြစရာတွေရှိတယ်"

"ငါ .. သဘ္ဘာကို စောင့်ရဦးမယ်"





"လာစမ်းပါဆိုကွာ .."

ဖော်ဖော် လင်းဝေလက်ကို အတင်းဆွဲခေါ်ကာ လမ်းတစ်ဖက်သို့ ခေါ်လာခဲ့လိုက်၏။ လမ်းမပေါ်မှာတော့ နားလည်ရခက်နေပုံရသောလူအချို့၏ မျက်ဝန်းတွေက ပြေးထွက်သွားသော သဘ္ဘာ့ကျောပြင်နှင့် သူတို့နှစ်ယောက် ကျောပြင်ဆီသို့သာ ...။

■



www.burmeseclassic.com

www.burmeseclassic.com



**Valentine Day ရောက်ရန် (၂) ရက်အလို ...**

**2 Days Later ago .......**








(T)

ဖော်ဖော်တစ်ယောက် မထင်မှတ်ဘဲ အအေးဆိုင်တစ်ဆိုင်ထဲမှာ မတွေ့ဖြစ်တာကြာပြီဖြစ်သော သူငယ်ချင်းအေးစန္ဒာနှင့် ဆုံ၍ အအေးထိုင်သောက်ရင်း စကားပြောဖြစ်ကြသည်။

"ဖော်ဖော် .. နေကောင်းတယ်နော် .."

"အေး .. သူငယ်ချင်း .. ငါတို့လည်း မဆုံတာ တော်တော်ကြာပြီနော် .. နင် ဘယ်တွေ ပျောက်နေတာလဲ အေးစန္ဒာ .."

"ဒီလိုပါပဲ ဖော်ဖော်ရယ် .. ဒါနဲ့ နင့်သူငယ်ချင်းကြီး မာန ထိပ်ခေါင်းမင်းသား ထက်မြက်လင်းဝေရော .. ဟို ဖက်တင်းမကြီးနဲ့ အဆင်မှ ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထွက်ကျလာသည့် အေးစန္ဒာစကားကြောင့် သူ အံ့အားသင့်သွားပြီး မေးခွန်းတွေ နှုတ်ဖျားမှာ တန်းစီလျက်သား ဖြစ်လာခဲ့၏။

"ဟင် ‥ နင်က ဒီကောင့်အကြောင်းတွေကို ဘယ်လိုလုပ် သိနေတာလဲ"

ဖော်ဖော့်အမေးကို သူမက မခိုးမခန့် တစ်ချက်ရယ်ပြီး ပြုံးနေ၏။

"ဒီကောင် လင်းဝေ ‥ တစ်ခုခုဖြစ်နေတာတော့ သေချာတယ် ဟ ‥ ဒီလောက် အလှအပကြိုက်တဲ့ကောင်က ဘာကြောင့် ဒီဖက်တီးမကြီးကို ချောလှပါပြီ ကြိုက်လှပါပြီဆိုပြီး အရူး အမဲသားကျွေးသလိုကြီးကို ဖြစ်နေတာ ‥ မကြာခင်တောင် စေ့စပ်ကြတော့မယ်"

"ဒီလိုပဲဖြစ်ရမှာပေါ့ ဖော်ဖော်ရယ် ‥‥ အချစ်ကြီးရင် အမုန်းကြီးတယ်ဆိုတဲ့ စကားလိုပေါ့ဟာ ‥ ငါ လင်းဝေကို အများကြီး ချစ်ခဲ့တယ် ‥ ဒါကြောင့်လည်း ငါ အမုန်းတွေ အများကြီး ထားခဲ့တယ် ‥ သူ့အမြင်အာရုံတွေထဲမှာ အဲလို ဖက်တီးမတွေကို နတ်သမီးလိုလှနေအောင် မြင်ရအောင် တမင် ငါလုပ်ထားခဲ့တာပဲ ဖော်ဖော်"

"ဟင် ‥"

ဖော်ဖော် အတော် အံ့အားသင့်မိသွားသည်။ နားမလည်နိုင် လည်း ဖြစ်နေမိ၏။

"ကျောင်းမှာတုန်းက ‥ ငါ့ဖိနပ်ကို နောက်ကနေ တမင်



လိုက်နင်းပြီး စတဲ့ မိုးစက်ဟိန်းဆိုတဲ့ကောင်ကို နင် မှတ်မိ တယ်မို့လား ဖော်ဖော်"

"အေး ငါမှတ်မိတယ် ‥ အဲဒီတုန်းက ဒီကောင့်ကြောင့် နင် မှောက်လျက်လဲကျခဲ့ဖူးတယ်လေ ‥ မကြာပါဘူး ဒီကောင် လည်း ကား Accident နဲ့ ခြေထောက်တစ်ဖက် ဖြတ်လိုက်ရ တယ် မဟုတ်လား"

စကားအဆုံးမှာ အေးစန္ဒာက အေးဆက်စွာပြုံးပြီး ‥

"သိပ်မှန်တာပေါ့ဟာ ‥ ငါ့ကို လူတွေရှေ့မှာ အရှက်ကွဲ အောင် လုပ်တဲ့ ဒင်းခြေထောက်ကို အဲလိုဖြစ်အောင် ငါပဲ လုပ်ပစ်ခဲ့တာ ‥"

"ဟင် ‥"

ဖော်ဖော် အံ့အားသင့်ပြီးရင်း အံ့အားသင့်နေရ၏။ မယုံကြည် နိုင်လည်း ဖြစ်နေရသည်။

"ဟုတ်တယ် ဖော်ဖော် ‥ ငါက လူတစ်ယောက်ကို ငါ့စိတ်ထဲ က ဖြစ်စေချင်တဲ့အတိုင်း ပြောလိုက်ရင် အဲဒီလူ ငါဖြစ်စေချင် တဲ့အတိုင်း ဖြစ်သွားနိုင်တယ်"

"ဟင် ‥ ဒါ ဒါဆို အေးစန္ဒာ နင်က ‥"

"ဟုတ်တယ် ‥ ငါက 'စုန်း' ‥ သာမန်စုန်းမျိုးတောင် မဟုတ်ဘူး ‥ မွေးရာပါ ဝမ်းတွင်းစုန်း"

"ဟာ ‥ ဒါဆိုရင် ‥ နင် လင်းဝေကိုလည်း မကျေနပ်လို့ နင့်ပညာနဲ့ ပြုစားထားလိုက်တာလား ဟင်"

သူမ ခေါင်းတစ်ချက်အညိတ်မှာတော့ ဖော်ဖော့်နားထဲကို



www.burmeseclassic.com

www.burmeseclassic.com



အဘာ တိုးတိုးလေကာဝ်ပြောလိုက်သည့် စကားကို ပြန်ကြားယောင်ပြီး မျက်လုံးပြူးသွားမိလေတော့၏။

"လူလေး သူငယ်ချင်းကို သိပ်အစွမ်းထက်တဲ့ စုန်းအပျိုစင် တစ်ယောက်က ပြုစားထားတယ် ..အဲလို စုန်းတွေက သာမာန်စုန်းတွေထက် စွမ်းအားပိုကြီးလို့ အဘာလုပ်ပေးလို့ မရနိုင်ဘူး ..အဲ့ဒီ အမှောင့်ပယောဂကို အဲ့ဒီစုန်းအပျိုစင် ကိုယ်တိုင် ပြန်နုတ်မှသာ ..ပျောက်ကင်းနိုင်မယ် လူလေး"

■

(ပ)

ဇော်ဇော့်ရဲ့စကားအဆုံးမှာတော့ သူ့မျက်နှာတစ်ခုလုံး သွေး တစ်စက်မှ မရှိတော့လောက်အောင် ဖြူရော်၍သွား၏။

အံ့သြမှု၊ မယုံကြည်မှုတို့ကလည်း သူ့မျက်ဝန်းမှာ အထင်း သား။

"အေးစန္ဒာက တကယ်ပဲ စုန်းမလား ..ငါက တကယ်ပဲ စုန်းအပြုစားခံထားရတာလား ..စောစောက ဟိုဖက်တီး မကြီး ကရော ..တကယ်ပဲ ငါ့ချစ်သူ သဏ္ဍာပဲလား ..ဟာ ..ဘာတွေလဲကွာ .."

"ဟုတ်တယ် လင်းဝေ ..အားလုံး အမှန်တွေပဲ .."

သူ့မျက်ဝန်းထဲမှာတော့ မြသဏ္ဍာနှင့် Taxi ငှားရင်း တွေ့ပုံက





www.burmeseclassic.com

www.burmeseclassic.com



စပြီး လက်ရှိအခြေအနေအထိကို ရုပ်ရှင်အနေးပြကွက်တွေလို တစ်ကွက်ချင်း ပြန်မြင်ယောင်ပြီး အမှန်တရားတစ်ခုကို လိုက်လံဆက်စပ် အဖြေရှာ တွေးတောကြည့်နေမိသည်။

Taxi သမားရဲ့ ဘက်မှန်လေးထဲက အပြုံးတွေ ..။

အေးစန္ဒာရဲ့ အေးခဲလွန်းသော အကြည့်တွေ ...။

သဇ္ဇာ ခုံပေါ်က ကျိုးကျခဲ့တဲ့ အဖြစ်အပျက် (၂)ကြိမ် ...။

လူတွေရဲ့အကြည့် .. အပြုံး .. မျက်လုံးအဓိပ္ပာယ်တွေ ..။

ဘီယာဆိုင်လေးထဲက ဝိတ်တာအခြောက်တွေ .. ပြီးတော့ Gym ကစားနေတဲ့ အခြောက်တွေ ...။

အမျိုးသမီးအတွင်းခံဆိုင်ထဲမှာ သဇ္ဇာဝယ်နေတဲ့ ဆိုဒ်ကြီး အဝတ်အထည်တွေနဲ့ သဇ္ဇာ့ရဲ့ စကားသံတွေ ..။

အစားအသောက်ကြီးတဲ့ သဇ္ဇာ့ရဲ့ အပြုအမူတွေ ...။

သူ့ဖွေးက သူ့သမီးနဲ့ အသာတကြည် ကြည်ဖြူပေးမှုတွေနဲ့ ဇော်ဇော် သူ့ကို ခေါ်တွေ့ပေးခဲ့သော အခါ ...။

နောက် .. ညကမှ လတ်လတ်ဆတ်ဆတ်မက်ခဲ့ရသော အေးစန္ဒာနှင့် အိပ်မက်ဆိုး ..။ အားလုံးက အတိတ်က တစ်ရေးနိုး လာခဲ့သလို ..။

"ဒါ ဒါဆို .. အခုကျ ငါက သဇ္ဇာ့ကို ဘာကြောင့် နဂိုပုံ အတိုင်း မြင်နေရတာလဲ"

"မင်းဆီက အမှောင့်ပယောဂတွေကို အေးစန္ဒာကိုယ်တိုင် ပြန်ထုတ်လိုက်လို့ပေါ့ကွာ"

"ဟင် .."





သူ ထွေခနဲ တစ်ချက်ဖြစ်သွားပြီး .. ညက အိပ်မက်ဆိုးကို တွေးမိလိုက်သည်။ ဒါ အေးစန္ဒာကိုယ်တိုင် ပယောဂကို ပြန်နုတ်ယူ ပစ်လိုက်သည့် သဘောမျိုးလား။ ဒါဆိုရင် .. သူ့ရုံးမှာ ရုတ်တရက် သတိလစ်သွားတာကရော သွေးရိုးသားရိုးမှ ဟုတ်ခဲ့ရဲ့လား။

သူ မူးလဲခဲ့တာ အေးစန္ဒာနှင့် ပြဿနာဖြစ်ပြီး တစ်နာရီအတွင်း မှာ ..။ နောက်တော့ သူ မြသဇ္ဇာနှင့် ဆုံတွေ့ခဲ့ရ၏။

"ငါ .. အေးစန္ဒာကို ကောင်းကောင်းတရားချပြီး ပြန်နုတ်ယူ ပေးဖို့ တောင်းပန်ခဲ့တယ် .. သူ့ရဲ့ ပြုစားမှုက မင်းတင်မကဘဲ .. မင်းနဲ့ပတ်သက်နေတဲ့ အပြစ်မရှိတဲ့ မြသဇ္ဇာကိုပါ ထိခိုက် နေတဲ့အကြောင်းတွေပါ ရှင်းပြခဲ့တယ် .. အခုတော့ သူ အားလုံးကို ကျေအေးလိုက်ပြီး မင်းကို နဂိုအတိုင်းဖြစ်အောင် ပြန်လုပ်ပေးလိုက်တာပါ သူငယ်ချင်း"

"ဟာ .. ငါ အားလုံးမှားယွင်းခဲ့ပြီ .. ဒါပေမဲ့ ငါ ဒီဖက်တီးမ ကြီးကိုတော့ .. လုံးဝမယူနိုင်ဘူး ဇော်ဇော်ရာ .. အခု .. ငါ ဘာဆက်လုပ်ရမလဲ"

"သဇ္ဇာက အပြစ်မဲ့ပြီး စိတ်သဘောကောင်းတဲ့ အမျိုးကောင်း သမီးလေးပါ .. မင်းကိုလည်း သိပ်ချစ်ရှာပါတယ် .. ဒါပေမဲ့ အခုအခြေအနေက မင်းကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ရမယ့် အပိုင်းကို ရောက်နေပြီ .. သူငယ်ချင်း .. ပြီးတော့ သူ့ဖွေးနဲ့ လည်း မင်းစကားတွေ ကျွံထားပြီးပြီ .. စေ့စပ်ပွဲအတွက် လည်း အားလုံး အဆင်သင့်ဖြစ်နေကြပြီ ..။

သူ ခေါင်းကို ခါသည်။ သက်ပြင်းကို ချ၏။ နောက်တော့ ..



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်မှာတော့ ငါ ဘာမှ ဂရုစိုက်မနေနိုင်တော့ဘူးကွာ ..

ဖြစ်ချင်တာသာ ဖြစ်တော့ .. ဒီဖက်တီးမကြီးနဲ့တော့ ငါ လုံးဝ

မစေ့စပ်နိုင်ဘူး .. ကွာ .."

သက်ပြင်းချသံအချို့၏ အနားသတ်မှုန်းတွေနှင့်အတူ ၂၀၁၅ ခုနှစ်၏ Valentine Day ဟာ သူ့နှလုံးသားကို အဲသလို တုန်လှုပ်စေခဲ့ပါလေတော့၏။

■










www.burmeseclassic.com

www.burmeseclassic.com



(V)

The Top Company ၏ ရုံးခန်းထဲတွင်ဖြစ်သည်။ အနီရောင်လေနီကြမ်းတစ်ခု တိုးဝှေ့ပြေးလွှားနေလေ၏။

''ဟော့ကောင် လင်းဝေ ‥ မင်း ငါ့ Company ထဲကို လာရဲသေးတယ်နော် ‥''

''ဦးကို ကျွန်တော် အစအဆုံး သေချာရှင်းပြ ‥''

''မင်း ‥ ငါ့ကို ဘာမှရှင်းပြနေစရာ မလိုအပ်တော့ဘူး လင်းဝေ ‥ မင်းမျက်နှာကိုလည်း ငါ မမြင်ချင်ဘူး ‥ မင်းအသံကိုလည်း ငါ မကြားချင်ဘူး ‥ ဒီမယ် ငါ့သမီး သဇ္ဈာဟာ ‥ ငါ့ဘဝ ‥ ငါ့အသက်ကွ ‥ အခုတော့ မင်းက ငါ့သမီးကို လူပုံအလယ်မှာ ငါ့သမီး အမြဲတမ်း သိမ်ငယ်အားငယ်နေခဲ့ရတဲ့ အားနည်းချက်ကို ထောက်ပြီး ပက်ပက်စက်စက်





အရှက်ခွဲ လှောင်လိုက်တယ် ‥ ငါ့သမီးလေး စိတ်ဒဏ်ရာ ဘယ်လောက်ထိ ရသွားပြီထင်လဲ ‥''

''မဟုတ်ဘူး ဦး ‥ ကျွန်တော် သူ့ကို တမင်ရည်ရွယ်ပြီး ပြောခဲ့မိတာ မဟုတ်ပါဘူး ဦးရယ် ‥''

သူ့စကားတွေ ဦးမြသွင်နားထဲကို မရောက်နိုင်တော့။ ဒေါသတွေ ကြီးစိုးနေသော ဦးမြသွင်ကသာ ‥။

''ဒီမယ် လင်းဝေ ‥ မင်းသိအောင် ငါထပ်ပြောလိုက်ဦးမယ် ‥ အခု ငါ့သမီးလေးက အရှက်လွန်ပြီး နိုင်ငံခြားကို ထွက်သွားတော့မယ် ‥ ငါ ဘယ်လိုမှ တားဆီးလို့ မရတော့ဘူး ‥ ဒါတွေ အားလုံးရဲ့ တရားခံက မင်းပဲ လင်းဝေ ‥ ငါ့ကုမ္ပဏီကြီးမှာလည်း မင်း အလုပ်လုပ်စရာ မလိုတော့ဘူး ‥ ခုချက်ချင်း ငါ့ရုံးခန်းထဲကနေ ထွက်သွားလိုက်တော့ လင်းဝေ''

သူ့မှာ ရှင်းပြဖို့ ခွန်အားမရှိတော့ ‥‥။

''သွားလေ ‥ ဘာလုပ်နေတာလဲ ‥ ကတိတစ်ခုကို လွယ်လွယ်ပေးပြီး ဖောက်ဖျက်ရဲသတဲ့ အလကားကောင် ‥ ထွက်သွား''

ခြေလှမ်းတွေ၏ လေးလံမှုက သူ့နှလုံးသား ‥ သူ့ဦးနှောက်မှာ မြွေပွေးအကိုက်ခံထားရသလို ‥။ ရင်တွင်းခံစားမှုတွေ အလဲလဲအပြိုပြို ‥။ မက်ခဲ့ဖူးတဲ့ ရွှေအိုရောင်နေ့စွဲတွေ ခမ်းခမ်းနားနားကွဲ ‥ နားထဲမှာ ပြေးဝင်လာသမျှ ပေါက်ကွဲခြင်းသံစဉ်တွေသာ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း သူ့ကမ္ဘာငယ်လေးက အရာရာမှောင်မိုက်သွားခဲ့ရသလို . . . ။

ထက်မြက်လင်းဝေ . . ။

တကယ်ပဲ သူ့အခန်းကျဉ်းလေးထဲမှာ မှောင်မိုက်တုံးအနေခဲ့ရ၏။ ခုတင်ဘေးက စားပွဲလေးထက်မှာတော့ သူ ညစဉ်ညတိုင်း ငေးကြည့်ပြီး အနမ်းတွေ ခွေချခဲ့ရသော သူနှင့် သဉ္ဇာတို့၏ နှစ်ယောက်ပြုံးပျော်နေသော စုံတွဲဓာတ်ပုံဘောင်လေးတစ်ခု။ ယခုတော့ ဖက်တီးမ တစ်ယောက်နှင့် တွဲရိုက်ထားခဲ့မိသော ဓာတ်ပုံကို ကတုန်ကယင်ကိုင်ကြည့်မိပြီး ရင်ထုမနာဖြစ်နေမိ၏။

"ဒါဟာ . . ကံတရား၏ လှည့်စားမှုတွေလား။

"ဟား . . ဟား . . ဟား"

အဓိပ္ပာယ်မဲ့ အရူးတစ်ယောက်လို သူ အော်ရယ်ပစ်လိုက်မိသည်။ နောက်တော့ . . လက်ထဲမှာကိုင်ထားသော ဓာတ်ပုံဘောင်လေးကို ကြမ်းပြင်ပေါ်သို့ အားကုန်ပေါက်ခွဲပစ်လိုက်လေတော့၏။

"ကဲကွာ . ."

"ခွမ်း . ."

ကြမ်းပြင်ထက်မှာတော့ မှန်ကွဲစတွေ တစ်စစီ . . ။

ဓာတ်ပုံလေးထဲက မြသဉ္ဇာကတော့ သူ့ကို ပြုံးကြည့်နေဆဲပါပင် . . . ။

■





ဒီနေရာမှာ ဓာတ်သိမ်းပစ်လိုက်ဖို့
သိပ်အဆင်မပြေနိုင်ဘူးထင်လို့
ကျွန်တော် . .
ရှုပ်ရှင်တွေထဲကလို ခပ်တည်တည်နဲ့
စာတန်းတစ်ခု ကောက်ထိုးပစ်လိုက်တယ် . . ။



www.burmeseclassic.com

www.burmeseclassic.com



တ စ် လ ခ နဲ့ ကြာ သော် ....

.......................

.......................

နှ စ် လ ခ နဲ့ ကြာ သော် ....

.......................

.......................

သုံး လ ခ နဲ့ ကြာ ပြီး သည့် နောက် ....

..............................

..............................



(W)

သင်အပါအဝင် ကျွန်ုပ်တို့အားလုံး မြင်သိထားပြီးသော အခန်းတစ်ခန်းထဲတွင်ဖြစ်သည်။

ထိုအခန်းထဲတွင် မရပ်မနားပြေးလွှားနေတတ်သည့် နံရံကပ်နာရီတစ်လုံးရှိသည်၊ အဝတ်ဗီရိုတစ်လုံးရှိသည်၊ ခုတင်တစ်လုံးရှိသည်။ စာရေးစားပွဲတစ်လုံးလည်း ရှိသည်။ ထိုစားပွဲပေါ်တွင်လည်း သင်တို့မြင်ဖူးထားပြီးသော ဓာတ်ပုံမှန်ဘောင်တစ်ခု ထောင်လျက်သား ရှိနေပါသည်။ (အကောင်းအတိုင်းတော့ မဟုတ် ကွဲထားသော မှန်တွေကို တိပ်နှင့် ကပ်ထား၏။)

ထိုမှန်ဘောင်လေးထဲက ပုံကို တွေတွေကြီး စိုက်ကြည့်ပြီး မျက်ရည်တွေ တသွင်သွင်စီးကျနေသော လူတစ်ယောက်လည်း ရှိပါသေးသည်။ (သောက်လက်စ အရက်ခွက်၊ ပုလင်းများကိုပါ ဘေးနားတွင် တွေ့ရ၏။)



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ . . .။

ထိုသူသည် 'ထက်မြက်လင်းဝေ'ဆိုသူသာ ဖြစ်သည်။ သို့သော် သူ့ရုပ်ပိုင်းဆိုင်ရာအနေအထားက လွန်ခဲ့သော သုံးလခန့်နှင့် မည်သို့မျှ မသက်ဆိုင်တော့ချေ။

အလွန်အသန့်အပြန့် ကြိုက်ပြီး Smart ကျလှသော လင်းဝေဟာ . . နှုတ်ခမ်းမွေးငုတ်တို . . ဆံပင် ဖုတ်သိုက် . . အကျီ ကပိုကယိုအနေအထားဖြင့် အတော်အိုမင်းနေပုံမျိုး ပေါက်နေ၏။

တစ်ခန်းလုံးလည်း ရှုပ်ပွနေပြီး အနံ့အသက်တွေလည်း မကောင်းလှ။ အရက်၏ ကျေးကျွန်တစ်ယောက်၏ စိတ္တဇအတိုင်း အရာရာဟာ မှုန်ဝါးသေးသိမ်နေလေ၏။

ထိုအချိန်မှာပင် သူ့အခန်းတံခါး ပွင့်လာပြီး လူတစ်ယောက် ဝင်လာသည်။

ဖော်ဖော် . .။

ဖော်ဖော်က လင်းဝေပုံစံကို စိတ်ပျက်လက်ပျက် တစ်ချက်ကြည့်ပြီး သူ့နံဘေးမှာ ဝင်ထိုင်လိုက်သည်။ နောက် . .

"လင်းဝေ . . သူငယ်ချင်း . . မင်းဘဝတစ်ခုလုံးကို ဒီအတိုင်းပဲ ရေစုန်မျှောနေတော့မှာလားကွာ"

ရေမြှေတစ်ကောင်လို တစ်ချိန်လုံး ငြိမ်သက်နေသည့် လင်းဝေက စကားသံကြားမှ ဖော်ဖော်ရောက်နေသည်ကို သတိထားမိသွားပြီး ဖော်ဖော့်ကို ဖြည်းဖြည်းချင်း ငဲ့ကြည့်သည်။

သူငယ်ချင်းနှစ်ယောက် မျက်ဝန်းချင်း ဆုံမိကြ၏။ လင်းဝေက . .





"ဖော်ဖော် . . မင်း ငါ့ကို တရားချလို့ အားမရနိုင်သေးဘူးလားကွာ . . ငါ့အပြစ်အတွက် ငါ ဘယ်လိုပြန်ပေးဆပ်နိုင်ဦးမှာလဲ . . အခု ငါ့ဘဝက ဘာအဓိပ္ပာယ်မှ မရှိတဲ့ လူသေတစ်ယောက်လိုပါပဲ . . ငါဟာ အပေါ်ယံ ခံစားမှုတစ်ခုအတွက်နဲ့ အတ္တတွေကြီးခဲ့တဲ့ အလကားလူတစ်ယောက်ပါ . . ငါ သဉ္ဇာ့အချစ်တွေကို စော်ကားခဲ့သလို သူ့အပေါ်မှာလည်း အများကြီး မှားယွင်းခဲ့တယ် . . ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး ဖော်ဖော်ရာ . . ဖြစ်နိုင်သေးရင် သဉ္ဇာ့ရှေ့မှာ ငါ ဒူးထောက်ပြီး တောင်းပန်ချင်သေးတယ် . . သဉ္ဇာ ငါ့အပေါ် ဘယ် လောက်ကောင်းခဲ့ပြီး ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ ငါ အသိဆုံး . . အခုတော့ အဆုံးမဲ့ ငါ့နောင်တတွေက သူ့အချစ်တွေ ဆုံးသလို ငါ ရှုံးနေခဲ့ရပြီ . . သူ ငါ့အနားမှာ မရှိတော့မှ ငါ သူ့ကို ဘယ်လောက်လိုအပ်နေတယ်ဆိုတာ ငါသိခဲ့ရတယ် . . တကယ်တော့ အလှတရားဆိုတာ . . အပေါ်ယံ အရေပြားပေါ်က အရာတွေမဟုတ်ဘဲ စိတ်နှလုံးသားကို ဆိုလိုထားတယ်ဆိုတာကို ငါ သိခဲ့ရတယ် . . တကယ်တော့ လူ တစ်ယောက်မှာ စိတ်လှဖို့က အဓိကပဲ . . အခု အားလုံး ငါ သိနားလည်တဲ့အချိန်ရောက်တော့ သူက ဟိုး . . အဝေးဆုံးကို ရောက်နေခဲ့ပြီ . . ငါ ဘာဆက်လုပ်ရတော့မလဲ သူငယ်ချင်း . . ငါ . . သဉ္ဇာ့ကို အရမ်းချစ်တယ် . ."

သူ့မျက်ရည်စတွေက တတောက်တောက် သွန်ကျနေ၏။ ဖော်ဖော်လည်း စိတ်ထဲမချိလှ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခံစားချက်ကို ငါ နားလည်ပါတယ် ‥ သူငယ်ချင်း၊ အခုလည်း ငါ ရုံးမှာ ‥ မြန်မာပြည်ကို သဏ္ဌာ ပြန်ရောက် နေပြီဆိုတဲ့ သတင်းသဲ့သဲ့ ကြားခဲ့လို့ ‥ ငါ မင်းကို လာအသိ ပေးတာပါ လင်းဝေ"

"ဘာ ! ‥ သဏ္ဌာ ပြန်ရောက်ပြီ ဟုတ်လား ‥"

သူ့အသံ ‥ သူ့မျက်လုံးတွေ ချက်ချင်း လင်းချင်းတောက်ပ ၍ သွားသည်။

"ဒါ ‥ ဒါဆို ‥ ငါ သူ့ကိုတွေ့မှ ဖြစ်မယ် ‥ ငါ သွားတွေ့ မယ်"

ဇော်ဇော် တားဆီးချိန်ပင်မရ၊ အချစ်၏ တက်ကြွမှုက မြန်ဆန် လွန်းသည်။ လေးလံထိုင်းမှိုင်းနေသည်။ အသည်းကွဲ အရက်သမား တစ်ယောက်ကို ချက်ချင်း အားအင်တွေ ဖြည့်တင်းပေးလိုက်သလိုပင်။

"ဟာ ‥ ဟော့ကောင် ‥ နေဦးလေ ‥ သတင်းက မသေချာ သေးဘူးနော် ‥ လင်းဝေ ‥ ဟာ ‥ ဒုက္ခပါပဲ ‥ ငါ လိုက် သွားမှ ဖြစ်မှာပါကွာ"

ဇော်ဇော်လည်း နောက်က ထလိုက်သွား၏။ အခန်းလေး ထဲမှာတော့ တိဂ်ကပ်သော ဓာတ်ပုံမှန်ဘောင်အဟောင်းလေးတစ်ခု ငြိမ်သက် ကျန်ရစ်နေခဲ့ ‥‥။

■

ညနေခင်းဆည်းဆာတော်ရဲ့အောက်က
လမ်းမတစ်ခုပေါ်မှာ ...
ညှိုးသိုးသိုး ဖေမှုတ်ရှုတ် လူငယ်တစ်ယောက်
ပြေးလွှားနေခဲ့လေ၏။





www.burmeseclassic.com

www.burmeseclassic.com



(X)

ခန့်ညားဝင့်ထည်လှသော တိုက်ကြီးတစ်လုံး၏ ခြံတံခါးရှေ့တွင် လူငယ်တစ်ယောက်နှင့် ခြံစောင့်တို့ စကားပြောနေကြသည်။

"အစ်ကို ‥ ဘာကိစ္စရှိလို့လဲ ခင်ဗျာ"

"ကျွန်တော် ဒီအိမ်က မြသဇ္ဇာနဲ့ တွေ့ချင်လို့ပါ ‥ သဇ္ဇာ ပြန်ရောက်နေပြီမို့လားဟင်"

"မမလေးမှာ အသိမိတ်ဆွေ သိပ်မရှိပါဘူး ‥ ဒါနဲ့ ဒီက အစ်ကိုလေးနာမည် ဘယ်သူလို့ ပြောပေးရမလဲ"

ခြံစောင့်က လင်းဝေ၏ ပေစုတ်စုတ်အနေအထားကို ကြည့်ပြီး မေးတော့ သူ အမြန်ဖြေပေးလိုက်၏။





"လင်းဝေ ‥ ကျွန်တော့်နာမည် ထက်မြက်လင်းဝေပါ ‥ ကျွန်တော် သဇ္ဇာနဲ့တွေ့မှဖြစ်မှာမို့ပါ ‥ အရေးတကြီးပြောပြစရာတွေ ရှိလို့ပါဗျာ"

"ကောင်းပြီလေ ‥ ဒါဆို ခဏစောင့် ကျွန်တော် သွားပြောပေးမယ်"

ခြံစောင့် တိုက်ထဲကို ထွက်သွားချိန်မှာ လင်းဝေနောက်ကို လိုက်လာသည့် ဖော်ဖော်လည်း ရောက်ရှိလာခဲ့၏။

"လင်းဝေ ‥ မင်းကတော့ ပြဿနာပဲကွာ ‥ ဘာတွေ လျှောက်လုပ်နေမှန်းကို မသိတော့ဘူး ‥"

ထိုအချိန်မှာပဲ တိုက်ထဲကနေ လူနှစ်ယောက် ထွက်လာကြ၏။ သူမျှော်လင့်ထားသလိုတော့ မဟုတ်ခဲ့။ ခြံစောင့်နှင့်အတူ ပါလာသူမှာ သူဌေး ဦးမြသွင်ဖြစ်နေ၏။

လင်းဝေကိုတွေ့တော့ လွန်ခဲ့သော (၃) လက မျက်နှာထားအသံထက် မလျော့သော ဒေါသလှိုင်းတစ်ခုဖြင့် စတင်လာ၏။

"ဟိတ်ကောင် လင်းဝေ ‥ မင်း ငါ့ခြံရှေ့ကို ဘာလာလုပ်တာလဲ ‥ မင်းနဲ့ပတ်သက်စရာ ဘာကြောင်းမှ မရှိတော့ဘူး ‥ မင်း ခုချက်ချင်း ငါ့အိမ်ရှေ့က ထွက်သွားလိုက်ပါ"

"ကျွန်တော်တောင်းပန်ပါတယ် ဦးရယ် ‥ ကျွန်တော့်ကို သဇ္ဇာနဲ့ ခဏဖြစ်ဖြစ် တွေ့ခွင့်လေးပေးပါဗျာ"

ဖော်ဖော်လည်း သူငယ်ချင်းနှင့် အလုပ်ရှင်သူဌေးတို့ကြားမှာ ရပ်ကြည့်နေရုံသာ တတ်နိုင်တော့သည်။ လင်းဝေကတော့ ထိုင်ခိုး တော့မတတ် တောင်းပန်နေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ လုံးဝတွေ့ခွင့်မပေးနိုင်ဘူး ‥ ငါ့သမီးလည်း ဒီမှာ မရှိဘူး ‥ မင်းရဲ့ ယုတ်ညံ့တဲ့စိတ်ဓာတ်ကြောင့် ငါ့သမီးလေး ဘယ်လောက် စိတ်ထိခိုက်ခဲ့ရလဲ မင်းသိလား"

"ကျွန်တော် မှားခဲ့ပါတယ် ဦးရယ် ‥ ဒီအတွက်နောင်တရလို့လည်း မဆုံးပါဘူး ‥ ကျွန်တော် သဇ္ဈာ့ကို အရမ်းချစ်တာပါ ဦးရယ် ‥"

"ရုပ်ရှင်ကောင်းလိုက်တာကွာ ‥ ငါ့ကိုလာပြီး Drama တွေ ချိုးပြမနေနဲ့ ‥ အကောင်းဆုံးက မင်း ပြန်လိုက်တော့ ‥ ပြီးမှ ငါ့အဆိုးမဆိုနဲ့နော် ‥ ငါမင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး လင်းဝေ ‥ ဟိတ်ကောင် ဇော်ဇော် ‥"

"ဗျာ ‥ သူဌေး"

"မင်းကောင်ကို မင်း ပြန်ခေါ်သွားတော့ ‥"

ဇော်ဇော်က လင်းဝေကို ပြန်ရန် ဆွဲခေါ်သလို ဦးမြသွင်ကလည်း ခြံစောင့်ကို တံခါး လုံးဝဖွင့်မပေးရန် မှာကြားပြီး ပြန်ဝင်သွား၏။

ဖောက်ပြန်တတ်သော ရာသီဥတု၏ ကူလီကူမာလုပ်မှုကြောင့် အချိန်အခါ မဟုတ်ဘဲ မှောင်ရီပျိုးစ ညနေခင်းမှာ မိုးစက်အချို့လည်း ရွာသွန်းကျလာနေ၏။

"လာပါ သူငယ်ချင်းရယ် ‥ ပြန်ကြရအောင်ပါ ‥"

"ငါ မပြန်နိုင်ဘူး ဇော်ဇော် ‥ ငါ သဇ္ဈာ့ကို တွေ့မှ ဖြစ်မယ် ‥ ငါ့အမှားတွေအတွက် ‥ သဇ္ဈာ့ကို တောင်းပန်ပြီး စကားတွေ အများကြီး ပြောပြချင်သေးတယ်"





"အခြေအနေမှ မပေးသေးတာပဲ လင်းဝေရာ ‥ ပြန်ကြရအောင်ပါ ‥"

"မင်း ပြန်ချင်ရင် ပြန်ပါ ‥ ငါတော့ သဇ္ဈာ့ကို မတွေ့ရမချင်း ဒီခြံရှေ့က မခွာဘူး ဇော်ဇော်"

"သူများအိမ်ရှေ့ကြီးမှာ မကောင်းပါဘူးကွာ ‥ မိုးတွေလည်း ရွာနေပြီ ‥"

ဇော်ဇော် အမျိုးမျိုးတောင်းပန်ပေမဲ့လည်း ခေါင်းမာလွန်းသည့် လင်းဝေက မရ။ မိုးရွာထဲမှာ ကြွက်စုတ်လေးတစ်ကောင်လို ပေကပ်ထိုင်ပြီး အရူးတစ်ယောက်လို အော်ဟစ်နေ၏။

"သဇ္ဈာရေ ‥ သဇ္ဈာ ‥ ကိုယ် မှားခဲ့ပါတယ် ‥ ကိုယ့်ကို ခွင့်လွှတ်ပေးပါကွာ ‥ သဇ္ဈာ့ အချစ်တွေကို နောက် ဘယ်တော့မှ မစော်ကားတော့ပါဘူး ‥ ကိုယ့်ကို နားလည်ပေးပါနော် ‥ ကိုယ် သဇ္ဈာ့ကို အရမ်းချစ်တယ်"

သူ့အော်သံကို တိုက်ထဲကနေ အတိုင်းသားကြားနေရသည့် ဦးမြသွင်တစ်ယောက် ဒေါသတွေ အလိပ်လိုက်တက်လာနေပြီ ဖြစ်သည်။ အနားမှာ မယောင်မလည်လုပ်နေသည့် အိမ် အကူမလေး မိကေကို ‥

"မိကေ ‥ နင့်မမလေး အခန်းထဲမှာပဲ မို့လား ‥"

"ဟုတ် ‥"

"အေး ‥ နင့်မမလေး လုံးဝ ထွက်မလာစေနဲ့ သေချာကြည့်ထား ကြားလား"

"ဟုတ်ကဲ့ ‥"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြသွင်က ပြောပြီး တိုက်ထဲမှ မိုးရွာထဲသို့ ထွက်လာပြီး ခြံစောင့်ကို တံခါးဖွင့်ခိုင်းလိုက်ကာ လင်းဝေမျက်နှာကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး ပြော၏။

''ဟေ့ကောင် ငါ့အိမ်ရှေ့မှာ ကျက်သရေမင်္ဂလာအောင်မနေနဲ့ .. ငါ လုပ်မိလိမ့်မယ်''

''ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ် .. ကျွန်တော့်ကို သဇ္ဈာနဲ့ တွေ့ခွင့်ပေးပါ''

မိုးစက်တွေကြားမှာ သူ့အချစ်အတွက် ဒူးထောက်တောင်းပန် ပစ်လိုက်သည်။ သို့သော် ပြန်ရလာသည့် Result က သူ့ မျက်နှာကို ပူကျင်သွားခဲ့စေသည်။

''ဟာ .. ဒီလောက်ခေါင်းမာတဲ့ကောင် ကဲကွာ''

''ခွပ် ..''

''သူ့ဌေး မလုပ်ပါနဲ့ဗျာ .. မလုပ်ပါနဲ့''

လင်းဝေ ဖျာကျလာသော နှုတ်ခမ်းက သွေးစက်တွေနှင့် အတူ ကွန်ကရစ်လမ်းပေါ်ကို လဲကျသွားသည်။

ဖော်ဖော်က ဦးမြသွင်ကို တားထားပေး၏။

''ထိုးပါ .. ဦး မကျေနပ်ရင် ကျွန်တော့်ကို သတ်သာပစ် လိုက်ပါ''

''မင်း တော်တော် သေချင်နေတာလား .. ကဲကွာ .. ကဲကွာ''

ဒေါသထွက်နေသော ကျားအိုကြီးတစ်ကောင်လို ခွန်အား အကုန်လုံးကို သုံးကာ ဖော်ဖော့်လက်မှ ရုန်းထွက်လိုက်ပြီး လဲကျနေ သော လင်းဝေ ခန္ဓာကိုယ်ပေါ်သို့ တက်ခွကာ အားရပါးရ မျက်နှာပေါ်သို့





တရစပ် ထိုးနေလေတော့၏။

''သူ့ဌေး .. တော်ပါတော့ဗျာ .. ကျွန်တော်တောင်းပန် ပါတယ်''

လင်းဝေ မျက်နှာပေါ်မှာ သွေးစတွေက မိုးရေတွေနှင့် ရော ယှက်လုံးထွေးနေ၏။ ထိုအချိန်တွင် လင်းဝေနားထဲသို့ ရင်းနှီးထား ခဲ့ပြီးသား အသံလှိုင်းတစ်ခုက တိုးသဲ့စွာဝင်လာခဲ့သည်။

''ဖေဖေ .. တော်ပါတော့ .. ကိုကို မလုပ်ပါနဲ့တော့ ..''

''ဟင် ..''

ဖော်ဖော် သဇ္ဈာကိုကြည့်ပြီး အံ့အားသင့်သွားသည်။ ဦးမြသွင် အထိုးရပ်သွားသည်။ လင်းဝေ အားယူ၍ ခေါင်းထောင်ကြည့်သည်။

''မမလေး မသွားပါနဲ့ .. မမလေး ..''

မိုးရွာထဲမှာ နောက်ကနေ အတင်းလိုက်ဆွဲနေသည့် အိမ် အကူမလေး မိကေကို တွန်းဖယ်ကာ သူမ သူလဲကျရာနေရာသို့ အပြေးရောက်လာခဲ့သည်။

အားလုံး ဆွံ့အမှင်သက်၍ ကြည့်နေမိကြသည်။ သဇ္ဈာက လဲကျနေသော လင်းဝေကို ဖေးကူမကာ စိတ်မကောင်းဖြစ်ပြီး ငေး ကြည့် ငိုကြွေးနေ၏။

''ဖြစ်ရလေ .. ကိုရယ် ..''

သူ ဝေဝါးနေသော မျက်ဝန်းပေါ်က မိုးစက်တွေ ဖယ်ရှားပြီး သူမကို ကြည့်ကာ အံ့သြသွားပြီး ..

''ဟင် ! .. သဇ္ဈာ .. သဇ္ဈာက ဘယ်လိုဖြစ် .. သဇ္ဈာ ခေါင်းတစ် ပါနော်''



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးတယ်ဆိုရုံလေး တစ်ချက်ပြုံးပြီး ..

"သဥ္ဇာအစစ်ပါ ကိုရယ် .. ကိုယ့်ချစ်သူတစ်ယောက်လုံးကို တောင် မမှတ်မိတော့ဘူးလားဟင်"

ဇော်ဇော်လည်း ခုထိ ကိုယ့်မျက်လုံးကို ကိုယ် မယုံမကြည် ဖြစ်နေဆဲပင်။ အဘယ့်ကြောင့်ဆိုသော် သဥ္ဇာဟာ အရင်လို ပုံဆိုး ပန်းဆိုး ဖက်တီးမ မဟုတ်တော့ဘဲ တကယ့်ကို International Model တစ်ယောက်လို သေသွယ်လှပနေသောကြောင့်ပင်ဖြစ်သည်။

"ကိုကို သဥ္ဇာ မခွဲနိုင်လို့ .. မစွန့်လွှတ်နိုင်လို့ .. သိပ်ချစ်လွန်းလို့ .. ကိုသဘောကျပြီး သဥ္ဇာကိုချစ်အောင် .. သဥ္ဇာ နိုင်ငံခြားကို သွားပြီး တစ်ကိုယ်လုံး ခွဲစိတ်ပြုပြင်လာခဲ့တာပါ ကိုရယ် .."

"ဩော် .. အဲလောက်တောင်ပဲလား သဥ္ဇာရယ် .. ဒါဆို ကိုယ့်ကို မမုန်းဘူး .. စိတ်မနာဘူးပေါ့နော် .. ကိုယ့်ကို ခွင့်လွှတ်တယ်ပေါ့နော်"

ဇော်ဇော်လည်း အခုမှ သဘောပေါက်သွားမိတော့သည်။ သူမကတော့ ..

"ကိုကို သဥ္ဇာ ဘယ်တုန်းကမှ မမုန်းခဲ့မိသလို စိတ်လည်း မနာခဲ့ပါဘူး .. ပုံဆိုးပန်းဆိုး ဝနေခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်ပျက်ခဲ့မိတာပါ"

"ကိုမှာ အခု ဝတာတွေ လှတာတွေ ရင်ထဲမှာ မရှိတော့ဘူး .. အချစ်တွေပဲ ရင်ထဲမှာ ရှိနေခဲ့တယ် .. သဥ္ဇာ ကြိုက်သလောက် ဝနေပါစေ ကိုယ်ချစ်နေမှာပါ .. မတွေ့ရတဲ့





ရက်လတွေမှာ ကိုယ် ဘယ်လောက်လွမ်းပြီး ခံစားနေရတယ် သဥ္ဇာသိလားဟင်"

"အတူတူပါပဲ ကိုရယ် .. မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်း ကိုဆီကို လာခဲ့ချင်တာပါ .. ဒါပေမဲ့ ဖေဖေက .."

ဦးမြသွင်တစ်ယောက် ဘာဆက်လုပ်ရမည်မသိဖြစ်ကာ ခြံစောင့်နှင့် အိမ်အကူမလေး မိကေတို့ကို ကြည့်ကာ ..

"ဘာရပ်ကြည့်နေတာလဲ .. လာ .. ခြံထဲသွားကြမယ် .."

ဟု ပြောကာ ရှေ့မှ ဦးဆောင်ပြီး ထွက်သွားလေ၏။

"ကိုယ်နားလည်ပါပြီ သဥ္ဇာရယ် .. ကိုယ်တို့ ခုကစပြီး ဘယ်တော့မှ မခွဲကြတော့ဘူးနော် .. ကိုယ် သဥ္ဇာကို အရမ်းချစ်တယ်"

"သဥ္ဇာလည်း ကိုယ့်ကို အရမ်းချစ်တာပဲ"

မိုးရွာထဲက လမ်းမတစ်ခုပေါ်မှာ လဲကျနေသော လူငယ်တစ်ယောက်ကို ပွေ့ပိုက်ထားသော ချစ်သူနှစ်ဦး တင်းကျပ်လှသော လက်အစုံဖြင့် တစ်ယောက်ကိုတစ်ယောက် မက်မက်စက်စက် ပွေ့ဖက်ထားကြလေ၏။

ဘေးနားမှာတော့ ပီတိအစုံနှင့် ပြုံးနေသော လူငယ်တစ်ယောက် တိတ်တိတ်ကလေး ထွက်ခွာသွားရန် ခြေလှမ်းအချို့ကို စတင်လိုက်၏။


မိုးစက်တွေကတော့ ရွာသွန်းကျနေဆဲ ......။

■



www.burmeseclassic.com

www.burmeseclassic.com








(Y)

ဟုတ်ကဲ့ . . . ။

ဤစာအုပ်သည် ခင်ဗျားတို့အားလုံးကို
တမင်လိမ်ညာ၍ ရေးသားတင်ပြထားခဲ့သော
ကျွန်တော်၏ (၁၄) အုပ်မြောက် လုံးချင်းဝတ္ထုသစ်တစ်အုပ်
ဖြစ်ခဲ့ပါသည်။

PS - ဆက်လက်ထွက်ရှိလာဦးမည့် ကျွန်တော်၏ (၁၅) အုပ်မြောက်
အထူးထုတ် လုံးချင်းသစ်မှာ ခင်ဗျားနှင့်ကျွန်တော် ပြန်လည်
ဆုံတွေ့ခွင့်ရပါရစေ . . . . ။

***လေးစားစွာဖြင့်***
***မင်းတခေတ်***

"The End"

■



www.burmeseclassic.com

www.burmeseclassic.com



(Z)

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ
နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက် ..
အဆင်သင့် ဖြစ်နေစမြဲပါပဲ ....။

*လေးစားကြိုးစားလျက်မှ ..,*
*မင်းတာခေတ်*

*(31.1.2015)(12:41:03 AM)*

*Ph* - *09401667545*
*Facebook* - *မင်းတာခေတ်*
*Page* - *မင်းတာခေတ် ဝေဖန်ရေးနှင့် သူ၏ ပရိသတ်များ တွေ့ဆုံဆွေးနွေးရာ ..*





**လူငယ်စာရေးဆရာ 'မင်းတာခေတ်' ရေးသားထုတ်ဝေပြီးသော စာအုပ်များ**

| | |
|---|---|
| (၁) TATTOO (တက်တူး) | (ဒါရိုက်တာ ကြည့်ဖြူသျှင်၊ ကောင်းပြည့်၊ ချစ်သုဝေ) |
| (၂) TAROT (တားရော့) | (ဒါရိုက်တာ ပြည့်ဟိန်းသိ… မြင့်မြတ်၊ မိုးဟေကို) |
| (၃) VAMPIRE (ဗန်ပိုင်ယာ) | (ဒါရိုက်တာ ဝိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေး) |
| (၄) ROBOT (ရိုဘော့တ်) | |
| (၅) PROFESSIONAL (ပရော်ဖက်ရှင်နယ်) | (ဒါရိုက်တာ ကြည့်ဖြူသျှင်၊ ကောင်းပြည့်၊ ဝိုင်းစုခိုင်သိန်း) |
| (၆) LOVE STORY (လပ်ဗ်စတိုရီ) | |
| (၇) THREE MINUTES (သရီးမိနစ်) | (ဒါရိုက်တာ ကြည့်ဖြူသျှင်၊ ကောင်းပြည့်၊ ချစ်သုဝေ) |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| (၈) 999 (နိုင်းနိုင်းနိုင်း) | (ဒါရိုက်တာကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ခင်ဝင့်ဝါ) |
| (၉) MIND (မိုင်း) | (ဒါရိုက်တာကိုဇော် (အရုဏ်ဦး)၊ နေမင်း၊ သက်မွန်မြင့်) |
| (၁၀) MASTER BRAIN (မာစတာဘရိန်း) | (ဒါရိုက်တာ ကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ဝတ်မှုန်ရွှေရည်) |
| (၁၁) ANGEL STORY (အိန်ဂျယ်စတိုရီ) | (ဒါရိုက်တာ ကြည်ဖြူသျှင်၊ ကောင်းပြည့်၊ ခင်ဝင့်ဝါ) |
| (၁၂) EXIT (အိပ်ဇစ်) | (ဒါရိုက်တာ ကြည်ဖြူသျှင်မှ ဝယ်ယူထားပြီး) |
| (၁၃) Other Side (အားသားဆိုဒ်) | (ဒါရိုက်တာနေပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဝတ်မှုန်ရွှေရည်) |

**ယခုလ ..**

(၁၄) Opposite (အော့ပိုးဆစ်)

**ဆက်လက်၍ ..**

(၁၅)(ဆယ့်ငါးအုပ်မြောက် အထူးထုတ်)

? ? ? ? ? ? ?



www.burmeseclassic.com